ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်၊ တနင်္လာနေ့။ Monday, 24 January 2022 ၁၀၆၂၈

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးတောင် ဆုတောင်းပြည့်မြတ်စွာဘုရားကြီးအား လှည့်လည်ဖူးမြော်ကြည်ညိုပြီး မန္တလေးတောင်တော်ရှုခင်းအား ကြည့်ရှုစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးမြို့ မဟာဝိဇိတာရုံကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၊ မန္တလေးတောင်ဆုတောင်းပြည့်မြတ်စွာဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညို

နေပြည်တော် ဇန်နဝါရီ ၂၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ မဟာဝိဇိတာရုံကျောင်းတိုက် သာသနဟိတကာရီဓမ္မဗိမာန်သို့ သွားရောက်၍ ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

**ဖူးမြော်ကြည်ညို**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်သည် နိုင်ငံတော်ဩဝါဒါစရိယ မဟာဝိဇိတာရုံကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဝိစာရိန္ဒာဘိဝံသအား ဖူးမြော်ကြည်ညို၍ ကျန်းမာရေးအခြေအနေများအား မေးမြန်းလျှောက်ထားပြီး လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးနိုင်ရေး တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

**ယနေ့** ဖတ်စရာ




**လူငယ်ဘဝ အဂတိ ကင်းစင်ကြ**

စာမျက်နှာ » ၁၀

**TikTok၊ ဗီဒီယိုဂိမ်း လွန်ကဲစွာ သုံးစွဲမှုနှင့် ကျန်းမာရေးပြဿနာ**

စာမျက်နှာ » ၁၉




**ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁၂ ဦး တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၁ ဒသမ ၄၄ ရာခိုင်နှုန်းရှိ**

စာမျက်နှာ » ၂၂

ကြေးမုံ

# စည်းလုံးညီညွတ်မှုနှင့် ငြိမ်းချမ်းရေးခြေလှမ်းသစ်

မြန်မာနိုင်ငံသည် ပြည်ထောင်စုနိုင်ငံဖြစ်၍ စည်းလုံးညီညွတ်မှုကို ခိုင်မာစွာတည်ဆောက်နေသည်။ စည်းလုံးညီညွတ်မှု လျော့ရဲချည့်နဲ့သည်နှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် ပြည်ထောင်စုကြီးအား ထိပါးလာသည်ကို တွေ့ကြရမည်ဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံသည့် စည်းလုံးညီညွတ်မှုကို တိုင်းရင်းသားပြည်သူအားလုံး ကြိုးပမ်းတည်ဆောက်နေကြရမည်ဖြစ်သည်။

"မိမိတို့နိုင်ငံသည် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို မကြာခဏခြိမ်းခြောက်ခံနေရပြီး နိုင်ငံ၏စုစည်းညီညွတ်သည့်အားဖြင့် ခိုင်မာအောင် ဆောင်ရွက်နေရန်လိုကြောင်း၊ လွတ်လပ်ရေးမှ ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များ ခံစားနိုင်အောင် ဆောင်ရွက်ရန်လိုအပ်သဖြင့် မိမိအနေဖြင့် ယခုနှစ်တွင် နိုင်ငံ၏ အရေးအကြီးဆုံးလိုအပ်ချက်ဖြစ်သည့် ငြိမ်းချမ်းရေးကို ဆောင်ရွက်နိုင်ရန် ဖိတ်ခေါ်ခဲ့ပြီး ခြေလှမ်းသစ်စတင်မည်ဖြစ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး(၁/၂၀၂၂)တွင် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးသည်မှာ (၇၄) နှစ်ပြည့်ခဲ့ပြီး (၇၅) နှစ်မြောက် စိန်ရတုကာလသို့ပင် ဖြတ်သန်းနေပြီ။ လွတ်လပ်ရေးရရှိပြီးသည်မှာ လူ့သက်တမ်းတစ်ခုပင် ရှိလာပြီဖြစ်သော်လည်း တိုင်းရင်းသား ပြည်သူအားလုံး၏ လူမှုဘဝများ ငြိမ်းချမ်းသာယာဝပြောခြင်း အပြည့်အဝမရရှိသေးပေ။ တစ်နိုင်ငံလုံး အတိုင်းအတာအားဖြင့်ကြည့်လျှင် အချို့ဒေသများ၌ လွတ်လပ်ရေး၏ အရသာ၊ လွတ်လပ်ရေး၏ အသီးအပွင့်များကို ပြည့်ပြည့်ဝဝမခံစားရသေးပေ။ ပဋိပက္ခများ၊ မငြိမ်းချမ်းမှုများ ယနေ့ထက်တိုင်ရှိနေသေးသည်။ မငြိမ်းချမ်းသောအကျိုးဆက်များကို မငြိမ်းချမ်းသောဒေသများမှ တိုင်းရင်းသားပြည်သူများ ခံစားနေကြရသည်။ တိုက်ပွဲရှောင်၊ ပဋိပက္ခရှောင်ဖြင့် အေးချမ်းစွာ လုပ်ကိုင်စားသောက်နေထိုင်နိုင်ခြင်းမရှိပေ။

မြန်မာနိုင်ငံသည် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုခရီးလမ်းကို လျှောက်လှမ်းနေသည်။ ကမ္ဘာပေါ်ရှိ ဖက်ဒရယ်နိုင်ငံများတွင် ဒီမိုကရေစီနှင့်ဖက်ဒရယ်ကို တူညီသည့်အခွင့်အာဏာများပေးထားသည်။ မြန်မာနိုင်ငံတွင်လည်း တိုင်းရင်းသားအားလုံးကို တူညီသည့်အခွင့်အရေးများ ရရှိစေရေး မျှော်မှန်းဆောင်ရွက်လျက်ရှိသည်။ မြို့ပြ၊ ကျေးလက်၊ တောင်ပေါ်၊ မြေပြန့် တူညီသောအခွင့်အရေးများရရှိစေရန် ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်သည်။ တစ်ခုနှင့်တစ်ခု အခွင့်အရေးများပိုယူ၍ ရမည်မဟုတ်ပေ။ အားလုံးတန်းတူညီမျှအခွင့်အရေးရမှ မျှော်မှန်းထားသည့် ဖက်ဒရယ်ခရီးလမ်းကို ရောက်ရှိနိုင်မည်ဖြစ်သည်။

ထို့ကြောင့် ငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေးသည် အရေးအကြီးဆုံးဖြစ်သည်။ ငြိမ်းချမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် NCA နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ်တွင် အခြေခံ၍ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ထိခိုက်မှုမရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများ အမြဲမပြတ်ပြုလုပ်လျက်ရှိသည်။ NCA တွင် လက်မှတ်ရေးထိုးထားခြင်းမရှိသော အဖွဲ့များနှင့်လည်း အလွတ်သဘောဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်မှာ ဝမ်းမြောက်စရာဖြစ်သည်။ သို့သော် NCA တွင် လက်မှတ်ရေးထိုးထားခြင်းမရှိသည့်အဖွဲ့များ အနက် KIA နှင့် KNPP အဖွဲ့တို့သည် CDM ပြုလုပ်သူများကို ထောက်ပံ့ကူညီပေးပြီး ဖောက်ခွဲရေးသင်တန်းများပေးခြင်း၊ လက်နက်ခဲယမ်းများ ထောက်ပံ့ပေးခြင်း၊ ကိုယ်တိုင်အကြမ်းဖက်လုပ်ငန်းများတွင်ပါဝင်၍ လမ်းကြောင်းများ၊ တံတားများ၊ မြို့ရွာများအား တိုက်ခိုက်ဖျက်ဆီးလျက်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။

နိုင်ငံတော်ကိုဆန့်ကျင်ပြီး လမ်းမှားရောက်နေသူများအား သွေးထိုးမြှောက်ပင့်ပေးကာ အဖျက်လမ်းကြောင်းပေါ်သို့ တွန်းပို့နေခြင်းသည် ငြိမ်းချမ်းရေးကို မလိုလားကြောင်း သိသာပေသည်။ ဤသို့ပြုလုပ်ခြင်းသည် အစိုးရကို ဦးတည်တိုက်ခိုက်ခြင်းထက် တိုင်းရင်းသားပြည်သူများ အကျိုးပျက်စီးရေး၊ တိုင်းပြည်ပျက်စီးရေးသာဖြစ်စေသည်ကို သတိချပ်ရမည်ဖြစ်သည်။ နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူများ အကျိုးစီးပွားပျက်စီးရာပျက်စီးကြောင်း ပြုလုပ်သူများ၏ လုပ်ရပ်များသည် မိုက်မဲသောအပြုအမူများဖြစ်၍ အချိန်တန်လျှင် နိဂုံးချုပ်အဆုံးသတ်သွားမည်ဖြစ်သည်။

သို့ဖြစ်ရာ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ငြိမ်းချမ်းရေးခြေလှမ်းသစ်ကို တက်လှမ်းနိုင်ရန်အတွက် တိုင်းရင်းသားပြည်သူများအားလုံး၏ စည်းလုံးညီညွတ်သောစွမ်းအားများဖြင့် လက်တွဲကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။


ပြည်ထောင်စုအကျိုး သယ်ပိုးဖို့ အသိပညာ မြှင့်တင်စို့

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့်
အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်ကျင်းပသည့်

**စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေပွဲတော်**

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက် မှ ၃၁ ရက် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ နေပြည်တော်။


## မော်လမြိုင်မြို့နယ် ရေထွက်ပစ္စည်း ရောင်းဝယ်စုဆောင်းသူများအား ရှင်းလင်းဆွေးနွေး



မော်လမြိုင် ဇန်နဝါရီ ၂၃

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ရေထွက်ပစ္စည်း ရောင်း/ဝယ် စုဆောင်းသူများအား ရေချို/ရေငန် ငါး၊ ရေချို/ရေငန် ပုစွန်၊ ကဏန်း၊ ငါးရှဥ့်၊ ကြက်စာ၊ ငါးခြောက်၊ ငါးစည်ဖောင်းဟူ၍ အမျိုးအစားအလိုက် ဝယ်/စု လိုင်စင်ပြုလုပ်ရေး၊ ဒေသတစ်ခုမှတစ်ခုသို့ သယ်ဆောင်ရာ၌ သယ်ယူခွင့်မျှောစာ ထုတ်ယူရေး၊ တရားမဝင် ကန့်သတ်ကုန်ပစ္စည်းများအား တင်ဆောင်မှု မပြုရေးအတွက် ဇန်နဝါရီ ၂၁ ရက်က မော်လမြိုင်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ပြုလုပ်ရာ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးလှမင်းဇော်က အမှာစကားပြောကြားခဲ့ပြီး ဒုတိယဦးစီးမှူး ဒေါ်စုစုကြည်က ဝယ်/စု လိုင်စင်သက်တမ်း အခြေအနေကို လည်းကောင်း၊ လက်ထောက်ဦးစီးမှူး ဒေါ်သန္တာအေးက ဝယ်စုတန်ချိန် လျှောက်ထားရာ၌ ကုန်ချိန်များ ပြည့်မီရန် အနည်းငယ်သာ ကျန်ရှိသဖြင့် တန်ချိန်များကို လုပ်ငန်းရှင်များ တွက်ချက်လျှောက်ထားရန်လည်းကောင်း အသီးသီးမှာကြားသည်။

**လိုင်စင် စောင်ရေ ၉၀ ရယူခဲ့**

မော်လမြိုင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ၂၀၂၁-၂၀၂၂ မီနီဘတ်ဂျက် ပထမ သုံးလပတ် (အောက်တိုဘာမှ ဒီဇင်ဘာထိ)လုပ်ငန်းရှင်များက လိုင်စင် စောင်ရေ ၉၀ ရယူခဲ့ပြီး သယ်ယူခွင့်မျှောစာဖြင့် ရေချို/ရေငန် ငါး၊ ပုစွန်၊ ကဏန်း၊ ငါးရှဥ့်၊ ကြက်စာ၊ ငါးခြောက်၊ ငါးစည်ဖောင်း ပိဿာချိန် ၈၅၆၀၁၅ အား ရန်ကုန်၊ မန္တလေး၊ မကွေး၊ ပြည်၊ ပဲခူး၊ ကော့ကရိတ်မြို့များသို့ တင်ပို့ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာနမှ ကတ္တရာ ၁၉ ဒသမ ၅၄ တန် ထောက်ပံ့ကူညီပေးသည့် လားရှိုးမြို့နယ် မယ်ဟန်ကျေးရွာ ရတနာဂုဏ်ရည် (အရှေ့ဘက်လမ်း) မြေမှ ကတ္တရာခင်းခြင်း၊ (အနောက်ဘက်လမ်း)မြေမှ ကတ္တရာခင်းခြင်းနှင့် လားရှိုးမြို့ ရပ်ကွက် (၁) ပါရမီကျောင်းတိုက်အဝင်လမ်းမြေမှ ကတ္တရာခင်းခြင်းတို့ကို O.H.C လမ်းကော်မတီနှင့် ပြည်သူလူထုပူးပေါင်း၍ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို တာဝန်ရှိသူများ ဇန်နဝါရီ ၂၃ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။

၂၁၀


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ |
| စာတည်းမှူး | - ဦးဝင်းနိုင် | သတင်းထောက်များ | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်မြသီတာနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးခိုင်ဝင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily


နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# တတ်ကျွမ်းသည့်ပညာရပ်များကို အလေးထားရန်လို

**ယနေ့ခေတ်သည် သတင်းနှင့်နည်းပညာခေတ်ဖြစ်သဖြင့် အင်တာနက်မှတစ်ဆင့် များစွာလေ့လာသင်ယူနိုင်ကြောင်း၊ လေ့လာမှုများ ဆောင်ရွက်ရာတွင်လည်း ထဲထဲဝင်ဝင်၊ ထိထိရောက်ရောက် လေ့လာနိုင်ရန် လိုကြောင်း၊ မိမိကိုယ်တိုင် တန်ဖိုးရှိရန်အတွက် မိမိတို့အလုပ်ကို အလေးထားရန်နှင့် မိမိတို့တတ်ကျွမ်းသည့်ပညာရပ်များကို အလေးထားရန်လိုကြောင်း၊ အလေးထားခြင်းနှင့် လေးစားခြင်းနှစ်မျိုးရှိကြောင်း၊ ငွေကိုအလေးထားသူများက ငွေနောက်ကိုလိုက်ကြပြီး ပညာအလေးထားသူများက ပညာနောက်ကိုလိုက်ကြကြောင်း၊ အလုပ်ကိုအလေးထားပါက အလုပ်ကိုအချိန်ပေး၍ စူးစိုက်ပြီး ဆောင်ရွက်ရကြောင်း၊ အလားတူ အချိန်ကိုလည်း လေးစားတန်ဖိုးထားရန်လိုကြောင်း။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၁၇-၁-၂၀၂၂ ရက်နေ့တွင် အဆင့်မြင့်ပညာကဏ္ဍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။

☆ ရှေ့ဖုံးမှ

ငါးပါးသီလခံယူဆောက်တည်ကြပြီး တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသည့် ပရိက္ခရာ ရှစ်ပါးစုံ လှူဖွယ်ပစ္စည်းများ၊ နဝကမ္မ အလှူငွေကျပ် သိန်း ၁၅၀၊ ဆွမ်းဆန်တော်အိတ် ၅၀၊ ပဲငါးအိတ်၊ ဆီ ၁၀ ပုံး၊ အာလူး ၁၀ အိတ်၊ ကြက်သွန် ၁၀ အိတ်၊ အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ဆေးပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆရာတော်ထံ နဝကမ္မအလှူငွေ ဆက်ကပ်လှူဒါန်းစဉ်။

### ဖူးမြော်ကြည်ညို

ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့ ကျက်သရေဆောင် မန္တလေးတောင် ဆုတောင်းပြည့်မြတ်စွာဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုရာ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက် ကြသည်။ ထို့နောက် မန္တလေးတောင်ဆုတောင်းပြည့် မြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်ပြီး ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

### မှာကြား

ယင်းနောက် မန္တလေးမြို့ကျက်သရေဆောင် မန္တလေးတောင် ဆုတောင်းပြည့် မြတ်စွာဘုရားကြီးအား လက်ယာရစ်လှည့်လည် ဖူးမြော်ကြည်ညိုပြီး သမိုင်းဝင်မန္တလေးတောင်တော်နှင့် ဆုတောင်းပြည့်မြတ်စွာဘုရားကြီး တောင်တက်လမ်း၊ စောင်းတန်းများ၊ ရင်ပြင်တော်နှင့် ဘုရားကြီး၏အမိုးပြာသာဒ်များ ရေရှည်တည်တံ့ခိုင်မြဲမှုရှိအောင် ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်သည်များနှင့် ပတ်သက်၍ တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးမြို့ ကျက်သရေဆောင် မန္တလေးတောင် ဆုတောင်းပြည့်မြတ်စွာဘုရားကြီးအတွက် ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးမြို့ရှိ ဘာသာပေါင်းစုံအဖွဲ့များ၊ မြို့မိ၊ မြို့ဖများ၊ မန္တလေးစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ၊ မန္တလေးတိုင်းကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# မန္တလေးမြို့မှစ၍ ယဉ်ကျေးမှုကိုစံနမူနာပြအနေဖြင့် ထိန်းသိမ်းဆောင်ရွက်ကြစေလို

## ဒီမြေမှာမွေး၊ ဒီမြေမှာကြီးပြင်းပြီး ဒီအရိပ်ကို ခိုနေသူများဖြစ်သဖြင့် နိုင်ငံသာယာဝပြောရေးနှင့် စားရေရိက္ခာပေါများစေရေး အားလုံးကဝိုင်းဝန်းဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၃**

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မန္တလေးမြို့ရှိ ဘာသာပေါင်းစုံအဖွဲ့များ၊ မြို့မိ၊ မြို့ဖများ၊ မန္တလေးစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ၊ မန္တလေးတိုင်းကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများနှင့် ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြို့တော်ခန်းမ၌ တွေ့ဆုံသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်တာဝန်ရှိသူများ၊ မန္တလေးမြို့ YMBA အသင်းမှ ဥက္ကဋ္ဌ ဦးကြည်စိန်၊ အထက်မြန်မာပြည် ဟိန္ဒူဘာသာရေးအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်လွင်၊ မန္တလေးမြို့ ကက်သလစ်ဘာသာရေးအဖွဲ့မှ ခရစ်ယာန်ဘုန်းတော်ကြီး ဦးခင်မောင်ထွေး၊ မန္တလေးမြို့ နှစ်ခြင်းဘာသာရေးအဖွဲ့မှ ခရစ်ယာန် သင်းအုပ်ဘုန်းတော်ကြီး ဦးနောင်နောင်လွင်၊ မန္တလေးမြို့ အစ္စလာမ်ဘာသာရေးအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ မောင်လာနာ ဟာဖစ်ဇ်နူရ်ရွှတ်ဒီးန် (ခ) ဦးမျိုးမြင့်တို့နှင့်အဖွဲ့ဝင်များ၊ မြို့မိ၊ မြို့ဖများ၊ မန္တလေးစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ (MMIC) ဥက္ကဋ္ဌ ဦးခင်မောင်လှနှင့်အဖွဲ့ဝင်များ၊ မန္တလေးတိုင်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(MRCCI) ဥက္ကဋ္ဌ ဦးဝင်းငွေးနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဆွေးနွေးပြောကြား**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် မန္တလေးမြို့သည် နောက်ဆုံးမင်းဆက်ဖြစ်သည့် ကုန်းဘောင်မင်းဆက် သီပေါမင်း နန်းစိုက်ခဲ့သည့်မြို့တော်ဖြစ်ပြီး ယဉ်ကျေးမှု မြို့တော်တစ်ခုဖြစ်ကာ သမိုင်းအစဉ်အလာကြီးသည့် မြို့တစ်မြို့ဖြစ်ကြောင်း၊ ဗုဒ္ဓဘာသာနှင့်ပတ်သက်၍ ဘာသာရေးခေါင်းဆောင်များ ပေါ်ထွန်းရာနေရာတစ်ခုဖြစ်သကဲ့သို့ အခြားဘာသာများဖြစ်သည့် အစ္စလာမ်ဘာသာ၊ ခရစ်ယာန်ဘာသာဝင်များနှင့် ပတ်သက်၍လည်း အရေးပါသည့်မြို့တစ်မြို့ဖြစ်ကြောင်း၊ အလားတူ အခြားသော နိုင်ငံ့ခေါင်းဆောင်များနှင့် အနုပညာသည်များ ပေါ်ထွန်းရာ မြို့တစ်မြို့ဖြစ်သကဲ့သို့ စီးပွားရေးအရ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး စီးပွားရေးအခြေခံကောင်းများ များစွာရှိသည့် နေရာဒေသတစ်ခုဖြစ်ကြောင်း၊ ရေခံမြေခံများ ကောင်းမွန်ပြီး ရာသီဥတုလည်း သင့်တင့်ကောင်းမွန်သည့်ဒေသတစ်ခုဖြစ်ကြောင်း။

ကုန်ထုတ်လုပ်ငန်းများ များစွာဆောင်ရွက်နိုင်သည့်ဒေသဖြစ်ပြီး မန္တလေးမြို့ ပတ်ဝန်းကျင်တွင် လယ်လုပ်ငန်းများ၊ ဥယျာဉ်ခြံမြေများ အောင်မြင်ဖြစ်ထွန်းသကဲ့သို့ မွေးမြူရေးလုပ်ငန်းများလည်း အောင်မြင်ဖြစ်ထွန်းကြောင်း၊ အလားတူ ပညာတတ်များ ပေါများသည့် မြို့တစ်မြို့ဖြစ်ပြီး ပြီးခဲ့သည့် ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ တစ်နိုင်ငံလုံး ပထမရရှိခဲ့ကြောင်း၊ မိမိအနေဖြင့် မန္တလေးမြို့အား တိုးတက်စေလိုသည့် စိတ်ဆန္ဒရှိကြောင်း၊ ပါတီစုံဒီမိုကရေစီအစိုးရသက်တမ်းများအတွင်း မန္တလေးမြို့သည် သိသိသာသာ တိုးတက်လာသည်ကို တွေ့ရှိရကြောင်း၊ အဆိုပါတိုးတက်မှုများကို ယခုထက်ပိုမိုအသုံးချနိုင်မည်ဆိုပါက နိုင်ငံ၏စီးပွားရေးတွင် အချက်အချာကျသည့် ဒေသတစ်ခု၊ မြို့တစ်ခုဖြစ်လာမည်ဖြစ်ကြောင်း။

**တိုက်ရိုက်တင်ပို့ရောင်းချနိုင်**

ကောင်းမွန်သော လမ်းပန်းဆက်သွယ်ရေးအခြေအနေကြောင့် အရှေ့ဘက်တွင် တရုတ်နိုင်ငံ၊ အနောက်ဘက်တွင် အိန္ဒိယနိုင်ငံ တမူးဘက်သို့ နယ်စပ်ကုန်သွယ်ရေး အခွင့်အလမ်းများရှိပြီး ဒေသမှ ထွက်ရှိသည့် ထုတ်ကုန်များအား ပြည်ပနိုင်ငံများသို့ တိုက်ရိုက်တင်ပို့ရောင်းချနိုင်သည့် အခွင့်အရေးများရှိကြောင်း၊ မိမိ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန်ယူချိန်တွင်လည်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနတို့နှင့် ပူးပေါင်း၍ နန်းမြို့ရိုးအား ထိန်းသိမ်းခြင်းနှင့် နန်းမြို့တွင်းရှိ နန်းတော်ရာ၊ အမြောက်ပြတိုက်၊ ဘုတ်တလုပ်ကန်နှင့် အခြားသမိုင်းဝင် ရှေးဟောင်းအမွေအနှစ်နေရာများအား ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံ၏ နန်းစိုက်ရာနေရာတစ်ခုဖြစ်သဖြင့် ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

နေပြည်တော်၌လည်း မြန်မာတွင်သာမက ကမ္ဘာ့နိုင်ငံများတွင်ပါ စကျင်ကျောက်တော်ကြီးဖြင့် ထုဆစ်သည့် ဆင်းတုတော်ကြီးများအနက် အကြီးဆုံးနှင့် ဉာဏ်တော်အမြင့်မားဆုံး ဆင်းတုတော်ကြီးဖြစ်လာမည့် မာရဝိဇယစေတီတော်ကြီးကို တည်ဆောက်လျက်ရှိပြီး အဆိုပါစကျင်ကျောက်များသည် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်မှ ထွက်ရှိသည့်ကျောက်များဖြစ်ကြောင်း၊ စေတီတော်ကြီးကို တည်ထားကိုးကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ရတနာပုံခေတ်ဟန်လက်ရာများဖြင့် ခေတ်မီနည်းပညာ အထောက်အကူရယူ၍ ရှေးမူမပျက်တည်ဆောက်လျက်ရှိကြောင်း၊ မန္တလေးသည် မြန်မာနိုင်ငံ၏ယဉ်ကျေးမှုမြို့တော်ဖြစ်သဖြင့် မြန်မာမင်းဆက်၏ ယဉ်ကျေးမှုများနှင့် ဂုဏ်ကို ပြန်လည်ထိန်းသိမ်းခြင်းများကို လုပ်ဆောင်ရမည်ပင်ဖြစ်ကြောင်း။

**ထိန်းသိမ်းဆောင်ရွက်**

ထိုသို့ ထိန်းသိမ်းဆောင်ရွက်ရာတွင်လည်း ရှေးရိုးစွဲမဖြစ်စေရန်နှင့် ခေတ်နှင့်လျော်ညီအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဘာသာများအလိုက်ရှိနေသည့် ယဉ်ကျေးမှုများကိုလည်း ထိန်းသိမ်းကြရန် လိုကြောင်း၊ ခေတ်အမြင်နှင့်ပတ်သက်၍ လူငယ်အချို့တွင် ယဉ်ကျေးမှုနှင့်ပတ်သက်ပြီး ထိန်းသိမ်းမှု အားနည်းသည်ကို တွေ့ရှိရကြောင်း၊ မန္တလေးမြို့မှစ၍ ယဉ်ကျေးမှုကိုစံနမူနာပြအနေဖြင့် ထိန်းသိမ်းဆောင်ရွက်ကြစေလိုကြောင်း။

စီးပွားရေးနှင့်ပတ်သက်၍ မန္တလေးမြို့သည် ဗဟိုချက်မဖြစ်ပြီး နိုင်ငံအဝန်းသို့ ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ကြောင်း၊ လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေးအတွက်လည်း ခေတ်အဆက်ဆက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြကြောင်း၊ အဖျက်အမှောင့်လုပ်ငန်းများကြောင့်လည်း လျှပ်စစ်ဓာတ်အားများ လုံလောက်စွာဖြန့်ဖြူးပေးနိုင်မှုမရှိခြင်းနှင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ချိန်တွင်လည်း အကြောင်းအမျိုးမျိုးပြ၍ အနှောင့်အယှက်ပေးမှုများရှိခြင်းတို့ကြောင့် လျှပ်စစ်စီမံကိန်းများ ဆောင်ရွက်ရန် နှောင့်နှေးမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း။

လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနှင့်ပတ်သက်၍ သဘာဝပတ်ဝန်းကျင်ကိုထိခိုက်မှုအနည်းဆုံးဖြင့် ထုတ်လုပ်နိုင်သည့် ခေတ်မီနည်းလမ်းများရှိကြောင်း၊ သို့သော် အချို့သောအဖွဲ့အစည်းများမှ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကိုအကြောင်းပြ၍ မိမိတို့နိုင်ငံ၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်မှု မပြုနိုင်ရန် နိုင်ငံရေးအရ အသုံးချဆောင်ရွက်လျက်ရှိသဖြင့် မိမိတို့နိုင်ငံတွင် လျှပ်စစ်ဓာတ်အား လုံလောက်စွာ ထုတ်လုပ်နိုင်မှုမရှိသေးကြောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် မိုးရွာရက်နည်းပါးခြင်းနှင့် မိုးရေချိန်နည်းပါးခြင်းကြောင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများကို ဆောင်ရွက်၍ ရနိုင်ကြောင်း၊

**စာမျက်နှာ ၅ သို့ ❂**

- ❖ **မန္တလေးမြို့သည် နောက်ဆုံးမင်းဆက်ဖြစ်သည့် ကုန်းဘောင်မင်းဆက် သီပေါမင်း နန်းစိုက်ခဲ့သည့်မြို့တော်ဖြစ်ပြီး ယဉ်ကျေးမှုမြို့တော်တစ်ခုဖြစ်ကာ သမိုင်းအစဉ်အလာကြီးသည့် မြို့တစ်မြို့ဖြစ်**
- ❖ **ဗုဒ္ဓဘာသာနှင့်ပတ်သက်၍ ဘာသာရေးခေါင်းဆောင်များ ပေါ်ထွန်းရာနေရာတစ်ခုဖြစ်သကဲ့သို့ အခြားဘာသာများဖြစ်သည့် အစ္စလာမ်ဘာသာ၊ ခရစ်ယာန်ဘာသာဝင်များနှင့်ပတ်သက်၍လည်း အရေးပါသည့် မြို့တစ်မြို့ဖြစ်**
- ❖ **အခြားသော နိုင်ငံ့ခေါင်းဆောင်များနှင့် အနုပညာသည်များပေါ်ထွန်းရာ မြို့တစ်မြို့ဖြစ်သကဲ့သို့ စီးပွားရေးအရ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး စီးပွားရေးအခြေခံကောင်းများ များစွာရှိသည့် နေရာဒေသတစ်ခုဖြစ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ရန်ပုံငွေထောက်ပံ့ပေးအပ်ရာ မန္တလေးမြို့ YMBA အသင်းဥက္ကဋ္ဌ ဦးကြည်စိန် လက်ခံရယူစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ရန်ပုံငွေထောက်ပံ့ပေးအပ်ရာ အထက်မြန်မာပြည် ဟိန္ဒူဘာသာရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်လွင် လက်ခံရယူစဉ်။

❂ စာမျက်နှာ ၄ မှ

ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း၊ အလားတူ LED မီးများကိုအသုံးပြုခြင်းဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်သဖြင့် မီတာခများ သက်သာမည်ဖြစ်သကဲ့သို့ လိုအပ်သည့်နေရာတွင် မီးသုံးစွဲမှုကို ပိုမိုအသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ဘိုင်အိုဂက်စ်များမှလည်း လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ကြောင်း၊ **“လိုလျှင်ကြံဆ နည်းလမ်းရ”** ဟူသည့်အတိုင်း တွေးခေါ်ကြံဆ ဆောင်ရွက်ကြရန်လိုကြောင်း။

**လမ်းပန်းဆက်သွယ်ရေး**

လမ်းပန်းဆက်သွယ်ရေးနှင့် ပတ်သက်၍ မန္တလေးတိုင်းဒေသကြီးအတွင်း ရထားလမ်းများ၊ ကားလမ်းများ ကောင်းမွန်စေရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လေကြောင်းဖြင့်သယ်ယူပို့ဆောင်မှုသည် ကုန်ကျစရိတ်များပြားပြီး ခရီးသည်နှင့် ကုန်အနည်းငယ်ကိုသာ သယ်ယူပို့ဆောင်ပေးနိုင်ကြောင်း၊ အလားတူ ကားဖြင့် ပို့ဆောင်မှုသည်လည်း ငွေကြေးကုန်ကျစရိတ်များပြားကြောင်း၊ ရထားဖြင့် သယ်ယူပို့ဆောင်မည်ဆိုပါက လူများစွာဖြင့် ကုန်တန်ချိန်ပေါင်းများစွာကို သယ်ယူပို့ဆောင်ပေးနိုင်သဖြင့် ရထားလမ်းများကောင်းမွန်စေရေး အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ရထားများအချိန်မှန်ပြေးဆွဲပေးနိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ခရီးသွားလာမှုများ အဆင်ပြေချောမွေ့ရန်အတွက် လမ်းနှင့်တံတားများ ကောင်းမွန်ရန်လိုအပ်သဖြင့် လမ်းများကောင်းမွန်စေရေး နိုင်ငံတော်အနေဖြင့် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်ရေးများ ကောင်းမွန်သဖြင့် ရှိရင်းစွဲကောင်းမွန်သည့် လမ်းပန်းဆက်သွယ်ရေးများကို အသုံးပြုပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိအောင်ဆောင်ရွက်ရန်လိုကြောင်း။

နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် GDP ကို စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ စက်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုသုံးခုဖြင့် တွက်ချက်ရကြောင်း၊ မန္တလေးဒေသတွင် အဆိုပါအချက်သုံးခုစလုံး အားကောင်းကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းကိုအခြေခံသည့် SME လုပ်ငန်းများ ဆောင်ရွက်၍ရသည့် အခြေခံကောင်းများရှိသကဲ့သို့ ယဉ်ကျေးမှုမြို့တော်၊ ရှေးဟောင်းမြို့တော်ဖြစ်သဖြင့် ဘုရား၊ ကျောင်းကန်များ များစွာရှိသကဲ့သို့ ယဉ်ကျေးမှုအမွေအနှစ်များ များစွာရှိကြောင်း၊ ဘာသာရေးဆိုင်ရာ ယဉ်ကျေးမှုများရှိသကဲ့သို့ ရှေးဟောင်းအဆောက်အအုံများနှင့်ပတ်သက်၍လည်း ယဉ်ကျေးမှုအမွေအနှစ်များ များစွာရှိကြောင်း၊ အဆိုပါယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းဆောင်ရွက်၍ ခရီးသွားများကို ဆွဲဆောင်ပြီး ခရီးသွားလုပ်ငန်းဝန်ဆောင်မှုများ ပိုမိုတိုးတက်အောင် ဆောင်ရွက်၍ရကြောင်း။

နိုင်ငံတိုင်းသည် ကိုယ့်နိုင်ငံကိုကြီးပွားတိုးတက်အောင် ဆောင်ရွက်နေကြကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများရှိသကဲ့သို့ ဖွံ့ဖြိုးမှုအနိမ့်ကျဆုံးနိုင်ငံ Least Developed Countries များ၊ စက်မှုထိပ်သီးနိုင်ငံများ G- 7၊ ဖွံ့ဖြိုးပြီး စက်မှုနိုင်ငံများ OECD များရှိကြောင်း၊ ထိုသို့ ဆောင်ရွက်နေသောနိုင်ငံများအားလုံးရှိ အစိုးရအဖွဲ့အစည်းများသည် မိမိတို့နိုင်ငံတိုးတက်စေရေး ဦးဆောင်၍ ဆောင်ရွက်နေကြကြောင်း၊ မိမိတို့နိုင်ငံတိုးတက်အောင် မဆောင်ရွက်နိုင်သည့် အစိုးရများဆိုပါက နိုင်ငံအတွင်း ပြဿနာမျိုးစုံ ဖြစ်ပေါ်နေမည်ဖြစ်ကြောင်း၊ နိုင်ငံတိုးတက်အောင်ဆောင်ရွက်နိုင်သည့် အစိုးရများသည် ပြည်သူလူထု၏ထောက်ခံမှုကို ရရှိကြကြောင်း၊ ထို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်စေရေးအတွက် အမြဲမပြတ်ကြိုးစားအားထုတ်နေရန်

- ❖ **မန္တလေးမြို့သည် ရာသီဥတုကောင်းမွန်ပြီး ရေခံမြေခံကောင်းမွန်သည့် ဒေသတစ်ခုဖြစ်သဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်လို**
- ❖ **စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာ၌ မိရိုးဖလာအတိုင်း ဆောင်ရွက်ခြင်းမဟုတ်ဘဲ ခေတ်နှင့်လျော်ညီစွာ ဆောင်ရွက်မှသာ စီးပွားရေးလုပ်ငန်းများ ယခုထက် ပိုမိုတိုးတက်အောင်မြင်မည်**
- ❖ **စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများမှထွက်ရှိသည့် ထွက်ကုန်များကိုအသုံးပြု၍ စက်မှုကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်နိုင်**
- ❖ **မန္တလေးမြို့သည် မိမိတို့နိုင်ငံ၏ စီးပွားရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ဗဟိုချက်နေရာတွင်တည်ရှိပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်**

လိုကြောင်း၊ အလားတူ လူတစ်ဦးချင်းအနေဖြင့်လည်း ကြိုးစားအားထုတ်မှုရှိမှသာ ဘဝအတွက်တိုးတက်မှုရှိမည်ဖြစ်ပြီး ကြိုးစားအားထုတ်မှုမရှိပါက နောက်ကျကျန်ရစ်ခဲ့မည်သာဖြစ်ကြောင်း၊ ထို့ကြောင့် ဘဝတိုးတက်စေရေးအတွက် အမြဲမပြတ်ကြိုးစားအားထုတ်နေရန်လိုကြောင်း။

**ဖွင့်လှစ်သင်ကြားပေးလျက်ရှိ**

လူတစ်ဦးတိုးတက်စေရန်အတွက် ပညာရေးကောင်းမွန်ရန်လိုကြောင်း၊ မန္တလေးမြို့သည် အခြေခံအားဖြင့် ပညာရေးအားပေးသည့် မြို့တစ်မြို့ဖြစ်သဖြင့် နဂိုရှိရင်းစွဲ ကောင်းမွန်သည့်အချက်များကို ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အစိုးရအနေဖြင့် နိုင်ငံသားများအားလုံး ပညာတတ်မြောက်ရေးအတွက် အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသကဲ့သို့ ပညာသင်ကြားရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍လည်း အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရေးကိုသာမက စာပေများကိုလည်း ဖတ်ရှုလေ့လာနိုင်ရေးအတွက် စာကြည့်တိုက်များ ပြည့်စုံစွာထားရှိပေးထားရန်လိုကြောင်း၊ တက္ကသိုလ်ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများအတွက်လည်း ပတ်ဝန်းကျင်ကောင်းများ ဖြစ်စေရေး ဖန်တီးပေးရန်လိုကြောင်း၊ အခြေခံကောင်းများကို အသုံးချ၍ ပညာတတ်များ များစွာပေါ်ထွန်းလာစေရေး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ လူတစ်ဦးနှင့်တစ်ဦး အသိတရားနှင့် ကြိုးစားအားထုတ်မှုအပေါ်မူတည်၍ ဘဝတွင်ကွာခြားမှုများ ဖြစ်ပေါ်သွားမည်ဖြစ်ကြောင်း၊ ပညာသင်ကြားရမည့်အရွယ်အားလုံး ပညာသင်ကြားနိုင်ရေးအတွက် အားပေးဆောင်ရွက်ကြရန်လိုကြောင်း။

မန္တလေးမြို့သည် ရာသီဥတုကောင်းမွန်ပြီး ရေခံမြေခံကောင်းမွန်သည့် ဒေသတစ်ခုဖြစ်သဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ မိရိုးဖလာအတိုင်း ဆောင်ရွက်ခြင်းမဟုတ်ဘဲ ခေတ်နှင့်လျော်ညီစွာ ဆောင်ရွက်မှသာ စီးပွားရေးလုပ်ငန်းများ ယခုထက် ပိုမိုတိုးတက်အောင်မြင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှထွက်ရှိသည့် ထွက်ကုန်များကို အသုံးပြု၍ စက်မှုကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်နိုင်ကြောင်း၊ မန္တလေးမြို့သည် မိမိတို့နိုင်ငံ၏ စီးပွားရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ဗဟိုချက်နေရာတွင်တည်ရှိပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုဆောင်ရွက်နိုင်ကြောင်း။

မိမိတို့၏ ရည်ရွယ်ချက်မှာ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးပင်ဖြစ်ကြောင်း၊ တိုင်းပြည်သာယာဝပြောရေးဆိုသည်မှာ နိုင်ငံသားအားလုံး မိမိတို့ဒေသတွင် ပျော်ပျော်ရွှင်ရွှင်ဖြင့် နေထိုင်လုပ်ကိုင်နိုင်ပြီး တရားဥပဒေများ စိုးမိုးမှုရှိရမည်၊ ငြိမ်းချမ်းရမည်၊ လွတ်လွတ်လပ်လပ် လုပ်ကိုင်နိုင်ရမည်၊ ကျောင်းနေအရွယ်အားလုံး ပညာသင်ကြားနိုင်ရမည်ဖြစ်ကြောင်း၊ **“အူမတောင့်မှ သီလစောင့်နိုင်မည်”** ဆိုသည့်အတိုင်း စားရေရိက္ခာပေါများအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံသည် ရေခံမြေခံကောင်းမွန်သည့် နေရာများစွာရှိပြီး အပြည့်အဝအသုံးချနိုင်မည်ဆိုပါက စားရေရိက္ခာများ ပေါများမည်ဖြစ်ကြောင်း၊ နိုင်ငံသာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မန္တလေးမြို့ရှိဘာသာရေးဆိုင်ရာ ခေါင်းဆောင်များအားလုံးအနေဖြင့် မိမိတို့ဘာသာဝင်အသီးသီးအား ဝိုင်းဝန်းတိုက်တွန်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ ဒီမြေမှာမွေး၊ ဒီမြေမှာကြီးပြင်းပြီး ဒီအရိပ်ကိုခိုနေသူများဖြစ်သဖြင့် နိုင်ငံသာယာဝပြောရေးနှင့် စားရေရိက္ခာပေါများစေရေး အားလုံးကဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က မန္တလေးမြို့ရှိ ဘာသာရေးအသင်းအဖွဲ့များအတွက် မေတ္တာလက်ဆောင်ပစ္စည်းများနှင့် အသင်းရန်ပုံငွေအဖြစ် တစ်သင်းလျှင် ငွေကျပ်သိန်း ၁၅၀ ထောက်ပံ့ပေးအပ်ရာ ဘာသာရေးခေါင်းဆောင်များက လက်ခံရယူကြသည်။

ထို့နောက် ဘာသာရေးအသင်းအဖွဲ့များကိုယ်စား အထက်မြန်မာပြည် ဟိန္ဒူဘာသာရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်လွင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားရာတွင် ဘာသာရေးအသင်းအဖွဲ့များအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ကိုယ်တိုင် အမှတ်တရလက်ဆောင်ပစ္စည်းများ၊ အသင်းရန်ပုံငွေများ ပေးအပ်ချီးမြှင့်သည့်အတွက် များစွာကျေးဇူးတင်ရှိပါကြောင်းနှင့် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ဘာသာပေါင်းစုံအဖွဲ့များ၏ ခေါင်းဆောင်များအနေဖြင့် သက်ဆိုင်ရာဘာသာရေးကိစ္စရပ်များ၊ နိုင်ငံ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ရာ၌ အချင်းချင်းတိုင်ပင်ညှိနှိုင်း၍ အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများ၊ ဘာသာပေါင်းစုံအဖွဲ့များ၊ မြို့မိ မြို့ဖများ၊ မန္တလေးစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ၊ မန္တလေးတိုင်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများနှင့်အတူ တည်ခင်းဧည့်ခံထားသည့် လက်ဖက်ရည်ဝိုင်းကို အတူတကွသုံးဆောင်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(မန္တလေး)ရှိ စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

# တပ်မတော်အနေဖြင့် တပ်မတော်သားများနှင့် မိသားစုဝင်များ၏ သက်သာချောင်ချိရေးလုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး တပ်မတော်ပိုင် စီးပွားရေးလုပ်ငန်းများကို နိုင်ငံတော်သို့ ပေးသွင်းရမည့် အခွန်အခများ ပြည့်မီစွာပေးသွင်း၍ ဆောင်ရွက်ခဲ့

## အိမ်ရာများ၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးထားပြီးဖြစ်သဖြင့် မိမိတို့နေထိုင်ရသည့် ပတ်ဝန်းကျင်ကို ထိန်းသိမ်းရန် လိုအပ်

နေပြည်တော် ဇန်နဝါရီ ၂၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် အဆင့်မြင့်စစ်မှုထမ်းဟောင်း အိမ်ရာ(မန္တလေး)ရှိ စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များအား သွားရောက်တွေ့ဆုံသည်။

### အဆင်ပြေစွာ ရပ်တည်နေထိုင်နိုင်ရေး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နှုတ်ခွန်းဆက် အမှာစကား ပြောကြားရာတွင် စစ်မှုထမ်းဟောင်း များနှင့် မိသားစုဝင်များ၏ လူမှုစီးပွားဘဝ အတိုင်း အတာတစ်ခုအထိ အဆင်ပြေစွာ ရပ်တည်နေထိုင် နိုင်ရေး အမြဲတမ်းစဉ်းစား၍ ကြိုးပမ်းဆောင်ရွက် ခဲ့ကြောင်း၊ ယခု အဆင့်မြင့်စစ်မှုထမ်းဟောင်း အိမ်ရာ(မန္တလေး)တွင် နေထိုင်သည့် စစ်မှု ထမ်းဟောင်းများနှင့် မိသားစုဝင်များအနေဖြင့် ပြည့်စုံသည် မဟုတ်သော်လည်း အတိုင်းအတာ တစ်ခုအထိ အဆင်ပြေစွာ နေထိုင်နေကြရသည်ကို တွေ့ရှိရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း။

နိုင်ငံတော်အနေဖြင့် ရှိရင်းစွဲလုပ်ငန်းများ၊ အကြမ်းဖက်သမားများ၏ အဖျက်အမှောင့် လုပ်ရပ်များကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် လုပ်ငန်းများနှင့် အခြေအနေအရပ်ရပ်တွင် ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို လုပ်ဆောင်နေရလျက် ရှိကြောင်း၊ ထို့ပြင် မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲ နိုင်ငံဖြစ်သည့်အတွက် နိုင်ငံတော်အနေဖြင့် ဘတ်ဂျက် ကန့်သတ်ချက်ရှိပြီး တပ်မတော်အနေဖြင့် တပ်မတော်သားများနှင့် မိသားစုဝင်များ၏ သက်သာ ချောင်ချိရေးလုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက် ပေးနိုင်ရေး တပ်မတော်ပိုင် စီးပွားရေးလုပ်ငန်းများ ကို နိုင်ငံတော်သို့ ပေးသွင်းရမည့် အခွန်အခများ ပြည့်မီစွာ ပေးသွင်း၍ ဆောင်ရွက်ခဲ့ကြောင်း၊ လုပ်ငန်း များ ဆောင်ရွက်ရာတွင်လည်း ဥပဒေနှင့်အညီသာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အခွင့်အရေးများ တောင်းဆို ခဲ့ခြင်းမရှိကြောင်း၊ ရရှိလာသည့် အကျိုးအမြတ်များ မှ ယခုကဲ့သို့ တပ်မတော်သား၊ စစ်မှုထမ်းဟောင်း များ၊ မိသားစုဝင်များ၏ သက်သာချောင်ချိရေးလုပ်ငန်း များကို ဆောင်ရွက်ပေးနေခြင်းပင်ဖြစ်ကြောင်း။

### ထိန်းသိမ်းရန် လိုအပ်

တပ်မတော်မှ ဆောင်ရွက်ပေးထားသည့် အိမ်ရာ များ၊ အလုပ်အကိုင် အခွင့်အလမ်းများကို ဖန်တီး ထားပြီးဖြစ်သဖြင့် မိမိတို့နေထိုင်ရသည့် ပတ်ဝန်းကျင်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(မန္တလေး)ရှိ စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင် များအတွက် ဆန်၊ ဆီနှင့် တပ်မတော်စက်ရုံထုတ် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ စစ်မှုထမ်းဟောင်းတစ်ဦးက လက်ခံရယူစဉ်။

ကို ထိန်းသိမ်းရန် လိုအပ်မည်ဖြစ်ကြောင်း၊ လူတို့၏ သဘောသဘာဝသည် အလုပ်မလုပ်ပါက ထုံထိုင်း သွားတတ်ပြီး ဘဝပျက်စီးမှုကို ဖြစ်ပေါ်စေနိုင်သော ကြောင့် မိမိတို့ လုပ်နိုင်သရွေ့ လုပ်ဆောင်ကြရန်၊ အခြေအနေပေးသရွေ့ လုပ်ဆောင်ကြရန် လိုအပ် မည်ဖြစ်ကြောင်း၊ ထိုသို့ လုပ်ဆောင်ပြီး မိမိကိုယ်တိုင် နှင့် မိမိ မိသားစုကို ထိန်းသိမ်းဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ အပျော်အပါး၊ အသောက်အစား၊ အလောင်းအစားများနှင့်ပတ်သက်၍ မိမိတို့ တစ်ဦးချင်း ကိုယ်စီအသိစိတ်ဖြင့် ရှောင်ကြဉ်ကြရန် လိုအပ်မည်ဖြစ်သကဲ့သို့ မိမိတို့၏ သားသမီးများ ကိုလည်း ဘာသာတရား အဆုံးအမများဖြင့် နေထိုင်တတ်အောင် ထိန်းကျောင်းပေးကြရမည် ဖြစ်ကြောင်း။

မိမိတို့တစ်ဦးချင်း၏ အသိစိတ်ဓာတ်ဖြင့် မိမိနှင့် မိမိတို့၏ မိသားစုများကို ထိန်းသိမ်းနေထိုင်ခြင်းဖြင့် ကောင်းမွန်သည့် လူမှုဘဝပတ်ဝန်းကျင်ကို ဖန်တီး ပေးနိုင်မည်ဖြစ်ကြောင်း၊ ယဉ်ကျေးမှုနှင့်ပတ်သက် သည့် ပွဲလမ်းသဘင်များကို လုပ်ဆောင်၍ ရသည် ဖြစ်သော်လည်း နည်းလမ်းမကျသော သောက်စား ပျော်ပါးသည့် ပျော်ရွှင်မှုများကို မလုပ်ဆောင်ကြ စေလိုကြောင်း။

### နိုင်ငံသားများ ပေါင်းစည်းထား

တပ်မတော်သားများသည် မိမိတို့၏ သဘော ဆန္ဒများအလျောက် တပ်မတော်တွင်းသို့ ဝင်ရောက် အမှုထမ်းခဲ့ကြခြင်းဖြစ်ပြီး နိုင်ငံတစ်ဝန်းမှ နိုင်ငံသား များ ပေါင်းစည်းထားခြင်းပင်ဖြစ်ကြောင်း၊ အိမ်ရာတွင် နေထိုင်သည့် စစ်မှုထမ်းဟောင်းများသည် တပ်ပေါင်း များစွာတွင် အမှုထမ်းခဲ့ကြသူများဖြစ်ပြီး ဆွေရင်း မျိုးရင်းများ မဟုတ်ကြသော်လည်း သွေးသားမတော် စပ်သည့် မိသားစုများပင်ဖြစ်သည့်အတွက် ညီအစ်ကို၊ ညီအစ်မ၊ မောင်ရင်းနှမသဖွယ် စိတ်ဓာတ်ဖြင့် နေထိုင် ကြရမည်ဖြစ်ကြောင်း၊ လူတို့၏ သဘောသဘာဝ အရ

စာမျက်နှာ ၇ သို့ ○

**စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များ၏ လူမှုစီးပွားဘဝ အတိုင်းအတာတစ်ခုအထိ အဆင်ပြေစွာ ရပ်တည်နေထိုင်နိုင်ရေး အမြဲတမ်းစဉ်းစား၍ ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ယခု အဆင့်မြင့်စစ်မှုထမ်းဟောင်း အိမ်ရာ(မန္တလေး)တွင် နေထိုင်သည့် စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များအနေဖြင့် ပြည့်စုံသည် မဟုတ်သော်လည်း အတိုင်းအတာတစ်ခုအထိ အဆင်ပြေစွာ နေထိုင်နေကြရသည်ကို တွေ့ရှိရသည့်အတွက် ဝမ်းမြောက်မိ**

❍ စာမျက်နှာ ၆ မှ

မတူညီမှု၊ မညီမျှမှုများရှိကြသည်ဖြစ်သော်လည်း ညီရင်းအစ်ကိုဟူသည့် စိတ်ကိုအရင်းခံ၍ ဆောင်ရွက်မည်ဆိုပါက မတူညီမှုများကို အနည်းဆုံးဖြစ်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ စည်းလုံးညီညွတ်မှုရှိရန် အဓိက အရေးကြီးကြောင်း၊ တပ်မတော်သားများသည် ပြည်သူကြားက ပေါက်ဖွားလာခြင်းဖြစ်ပြီး နိုင်ငံတော်၏ အစိတ်အပိုင်းတစ်ခုပင်ဖြစ်ကြောင်း၊ နိုင်ငံတိုင်းတွင် နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်နေသည့် တပ်မတော်ကို အလေးထားကြပြီး နိုင်ငံရေးအရ အမြတ်ထုတ်လိုသူ၊ အသုံးချလိုသူများကသာလျှင် တပ်မတော်၏ အမျိုးသားနိုင်ငံရေး တာဝန်ထမ်းဆောင်မှုများကို နိုင်ငံရေးတွင် အသုံးချခဲ့ကြသည်များရှိကြောင်း။

**ပြုစုပျိုးထောင်ပေး**

စစ်မှုထမ်းဟောင်းများအနေဖြင့် မိမိတို့၏ သားသမီးများ၏ လူမှုဘဝမြင့်မားရေး၊ ဘဝတစ်လျှောက်အေးချမ်းသာယာစွာ ဖြတ်သန်းနိုင်ရေးအတွက် ပြုစုပျိုးထောင်ပေးကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ပညာရည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်နှင့် တပ်မတော်က လိုအပ်သည်များကို ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် မိမိတို့ သားသမီးများ၏ ပညာရေးကို အားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ (မန္တလေး) တွင် နေထိုင်သည့် စစ်မှုထမ်းဟောင်းများ၊ မိသားစုဝင်များအတွက် ဆန်၊ ဆီနှင့် တပ်မတော်စက်ရုံထုတ် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ စစ်မှုထမ်းဟောင်းတစ်ဦးက လက်ခံရယူသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြပြီး အိမ်ရာအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးမြို့၌ ပန်းခင်းစီမံချက် တိုင်းလုံးကျွတ်လျာထားချက် ရာနှုန်းပြည့်ပြီးမြောက်အောင်မြင်ပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၃**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး ပန်းခင်းစီမံချက် တိုင်းလုံးကျွတ်လျာထားချက် ရာနှုန်းပြည့်ပြီးမြောက်အောင်မြင်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

**လျာထားချက် ကျော်လွန်ဆောင်ရွက်နိုင်ခဲ့**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက နိုင်ငံတော်၏အနာဂတ်အတွက် မဖြစ်မနေ ဆောင်ရွက်ရမည့် နိုင်ငံသားတိုင်း ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်နိုင်ရေးအတွက် မိမိတို့ဝန်ကြီးဌာနမှ နိုင်ငံနှင့်တစ်ဝန်း ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပန်းခင်းစီမံချက်ကို ၂၀၂၁ ခုနှစ် မေ ၃ ရက်မှ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃ ရက်အထိ ၁၈ လကြာ ဆောင်ရွက်ရန်နှင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၃ ဒသမ ၄ သန်းကျော် ဆောင်ရွက်ပေးရန် လျာထားဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၅၉၅၇၆ ကတ် လျာထားဆောင်ရွက်ခဲ့ရာ ယခုအထိ ၁၆၇၉၈၇ ကတ် ပြီးစီးနေပြီဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် ၁၀၅ ဒသမ ၂၇ ရာခိုင်နှုန်းပြီးစီးပြီ ဖြစ်သဖြင့် လျာထားချက်ရာနှုန်းပြည့် ပြီးမြောက်ကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ယခုကဲ့သို့ ပန်းခင်းစီမံချက် လျာထားချက် ရာနှုန်းပြည့်ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်းသည် မိမိတို့ဌာနတစ်ခုတည်းကြောင့် မဟုတ်ဘဲ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း အဆင့်အဆင့်၏ ကြီးကြပ်ကွပ်ကဲမှု၊ ဆက်စပ်ဌာနများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ ပံ့ပိုးကူညီဆောင်ရွက်ပေးမှု၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးသည့် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုများကြောင့် ဖြစ်ပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်များအနက် ပထမဦးဆုံး တိုင်းလုံးကျွတ် လျာထားချက်ရာနှုန်းပြည့် ပြီးမြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ စီမံချက်အရ လျာထားချက်ပြည့်မီအောင် ဆောင်ရွက်နိုင်သော်လည်း ပြီးဆုံးခြင်းမရှိသည့်အတွက် ယင်းလုပ်ငန်းစဉ်ကို စဉ်ဆက်မပြတ် ဆောင်ရွက်နေကြရမည်ဖြစ်ပါကြောင်း၊ စီမံချက်လုပ်ငန်းများ အောင်မြင်ရေးအတွက် အားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပဲခူးတိုင်းဒေသကြီးအတွင်း ပန်းခင်းစီမံချက် တိုင်းလုံးကျွတ်လျာထားချက် ရာနှုန်းပြည့်ပြီးမြောက်အောင် အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် လုပ်ငန်းအောင်မြင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည့် ဌာနဆိုင်ရာဝန်ထမ်းများအား ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပန်းခင်းစီမံချက်ကို တိုင်းလုံးကျွတ်လျာထားချက် ရာနှုန်းပြည့်ပြီးမြောက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ပေးကြသည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ဝန်ထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၂၀ ကို တိုင်းဒေသကြီး ဦးစီးမှူးထံသို့ လည်းကောင်း ပေးအပ်ပြီးနောက် ပန်းခင်းစီမံချက်အား ထူးထူးချွန်ချွန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအား တစ်ဆင့်မြှင့်ရာထူးတိုးမြှင့်ပေးကာ ရာထူးအဆင့်များကို တပ်ဆင်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများက ပန်းခင်းစီမံချက် တိုင်းလုံးကျွတ်လျာထားချက် ရာနှုန်းပြည့်ပြီးမြောက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ပေးကြသည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် e-ID လုပ်ငန်းဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ကွန်ပျူတာ ၂၈ စုံတို့ကို ပေးအပ်ကြသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများသည် "လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့" သီချင်းနှင့် "ကြိုလင့်နေမည် ပဲခူးတိုင်းဌာနေ" သီချင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်မှု၊ ပဲခူးတိုင်းဒေသကြီး ပန်းခင်းစီမံချက် တိုင်းလုံးကျွတ်လျာထားချက် ရာနှုန်းပြည့်ပြီးမြောက်အောင်မြင်ပွဲ Video clip ပြသမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် အီလက်ထရောနစ်စနစ်ဖြင့် လူဦးရေမှတ်ပုံတင်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းခြင်း အစီအစဉ်ကို ဆက်လက်ကျင်းပသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ပဲခူးမြို့ မြို့တော်ခန်းမ၌ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ဦးစီးမှူးရုံးများမှ ဝန်ထမ်းများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ရှင်းလင်းမှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးမြို့နယ်ဦးစီးမှူးရုံးသို့ သွားရောက်၍ ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးပြီးသူများ၏ ကိုယ်ရေးအချက်အလက်များ ကွန်ပျူတာဖြင့် ဖြည့်သွင်းကာ e-ID စနစ်ဖြင့် ချိတ်ဆက်အသုံးပြုနိုင်ရေးအတွက် တိုက်ဆိုင်စစ်ဆေးနေမှုနှင့် မှတ်တမ်းခန်း၌ ကိုယ်ရေးဖိုင်များ စနစ်တကျ ထိန်းသိမ်းထားရှိမှုကို လှည့်လည်ကြည့်ရှုအားပေးကာ လုပ်ငန်းလိုအပ်ချက်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းလာစေရန် နည်းပညာများအသုံးပြုနိုင်ရေးနှင့် ဖွံ့ဖြိုးရေးအကူအညီများ ထောက်ပံ့ပေးခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိ





နေပြည်တော် ဇန်နဝါရီ ၂၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးသည် ဇန်နဝါရီ ၂၂ ရက် နံနက်ပိုင်းက ရခိုင်ပြည်နယ် သံတွဲမြို့နယ်ရှိ မြစိမ်းရောင်စီမံကိန်းကျေးရွာနှင့် ကျေးရွာသစ်စီမံကိန်း (SMU) ကျေးရွာများသို့ ရောက်ရှိပြီး ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းလာစေရန် နိုင်ငံတော်မှ မူဝါဒများချမှတ်ပေးခြင်း၊ နည်းပညာများ အသုံးပြုနိုင်ရေးနှင့် ဖွံ့ဖြိုးရေးအကူအညီများ ထောက်ပံ့ပေးခြင်းတို့ ဆောင်ရွက်ပေးလျက် ရှိနေသော်လည်း စုပေါင်းညီညွတ်စွာဖြင့် ကိုယ်တိုင်ကြိုးစားအားထုတ်သည့်ကျေးရွာများ၏ လူမှုစီးပွားအခြေအနေများမှာ သိသာစွာတိုးတက်လာသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးမှုအရှိန်ရလာသော ကျေးရွာများအနေဖြင့်လည်း မိမိဒေသရှိ အခြားကျေးရွာများအတွက် စံနမူနာပြအဖြစ် မိမိတို့၏ အတွေ့အကြုံများကိုမျှဝေပြီး ဖွံ့ဖြိုးမှုပန်းတိုင်ဆီ လက်တွဲခေါ်ယူပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ရေစင်ကျေးရွာအနီးတွင် ဆောင်ရွက်လျက်ရှိသည့် ရေစင်လျှိုပိတ်ဆည်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ရခိုင်ပြည်နယ်၌ ရေချိုအရင်းအမြစ်နည်းပါးသဖြင့် အခြေအနေပေးသည့် မြစ်ချောင်းများတွင် ရေတံခါးများ တပ်ဆင်နိုင်ရေးနှင့် လျှိုပိတ်တမံများ တည်ဆောက်နိုင်ရေးအတွက် ကွင်းဆင်းလေ့လာရန် လိုကြောင်း၊ ရေချိုရရှိပါက ဒေသနေပြည်သူများအတွက် သောက်သုံးရေ ဖူလုံစေရုံသာမက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ကြခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာမည်ဖြစ်ပြီး ဝင်ငွေများ တိုးပွားလာကာ ဒေသလည်း ဖွံ့ဖြိုးလာမည်ဖြစ်၍ သက်ဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ခရမ်းမော်ကျေးရွာတွင် မြစိမ်းရောင်စီမံကိန်းဖြင့် နွားနှင့် ဝက်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ကျေးရွာသစ်စီမံကိန်း (SMU)အစီအစဉ်ဖြင့် ဒေသဖွံ့ဖြိုးရေးနှင့် ဝင်ငွေတိုးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ကျေးရွာသူ ကျေးရွာသားများ စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် ဆောင်းမြေပဲ၊ မတ်ပဲ၊ ပဲတီစိမ်းနှင့် သစ်ရွက်စိမ်းမြေဩဇာ ပိုက်ဆံလျှော်စိုက်ခင်းများကိုလည်းကောင်း ကြည့်ရှုအားပေးပြီး လိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒွါရဝတီမြို့သစ်ရှိ TMP ကုမ္ပဏီ၏ အအေးခန်းနှင့် ရေခဲစက်ရုံသို့ရောက်ရှိပြီး ပုစွန်နှင့် ကဏန်းပျော့များ သန့်စင်ထုပ်ပိုးနေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် သံတွဲမြို့ လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ သံတွဲခရိုင်အတွင်းရှိ ရော်ဘာလုပ်ငန်းရှင်များ၊ ငါးလုပ်ငန်းရှင်များ၊ မွေးမြူရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ သံတွဲခရိုင်၏ ဝမ်းစာဖူလုံရေးနှင့် ပို့ကုန်တိုးမြှင့်ရေး ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ချက်များ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများအပိုင်းနှင့် ပုဂ္ဂလိကအပိုင်းတို့ ဟန်ချက်ညီပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြီး လုပ်ငန်းရှင်များ၏ လိုအပ်မှုတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် သက်ဆိုင်ရာဌာနတာဝန်ရှိသူများက ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဟသ်ာတမြို့နယ် ပဲကြီးကျွန်းကျေးရွာ ဆိုလာအသေးစားဓာတ်အားပေးစနစ်မီးလင်းရေးလုပ်ငန်း ဖွင့်ပွဲကျင်းပ



နေပြည်တော် ဇန်နဝါရီ ၂၃

(၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် ပဲကြီးကျွန်းကျေးရွာ၌ မဟာဓာတ်အားလိုင်းပြင်ပ အမျိုးသားလျှပ်စစ်ဓာတ်အား ရရှိရေးစီမံကိန်းဖြင့် ဆောင်ရွက်ခဲ့သည့် ဆိုလာအသေးစားဓာတ်အားပေးစနစ် မီးလင်းရေးလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ပဲကြီးကျွန်းကျေးရွာတွင်ဆောင်ရွက်သည့် ဆိုလာ ၁၃၂ ကီလိုဝပ်နှင့် ကီလိုဝပ် ၈၀ အရန်ဒီဇယ်အင်ဂျင်စနစ် ပါဝင်သော ဆိုလာ-ဒီဇယ် ပေါင်းစပ်စနစ် အမျိုးအစားကို Mega Global Green Automation ကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့ပြီး နိုင်ငံတော်ဘတ်ဂျက်မှ ၆၀ ရာခိုင်နှုန်း၊ ကျေးရွာနေပြည်သူများမှ ၂၀ ရာခိုင်နှုန်းနှင့် လုပ်ငန်းဆောင်ရွက်သည့်ကုမ္ပဏီမှ ၂၀ ရာခိုင်နှုန်း ထည့်ဝင်ဆောင်ရွက်ကာ စုစုပေါင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၈၈ သန်းကျော် ကုန်ကျခဲ့ကြောင်း၊ စီမံကိန်းမှ ကျေးရွာရှိ အိမ်ထောင်စုပေါင်း ၃၉၅ အိမ်၊ ဘာသာရေးကျောင်း၊ ဆေးပေးခန်း၊ စာသင်ကျောင်း၊ လမ်းမီးတိုင် ၁၁၀ နှင့် အသေးစားစက်မှုလုပ်ငန်း ၂၅ ခု အကျိုးခံစားခွင့်ရရှိမည်ဖြစ်ကြောင်း၊ လျှပ်စစ်မီတာခများကိုလည်း ကြိုတင်ပေးကြိုးမဲ့စမတ်စနစ် (Prepaid Smart Meter System) ဖြင့် ကောက်ခံမည်ဖြစ်ပြီး အွန်လိုင်းမှဘေလ်ဝယ်ယူခြင်း၊ မီတာစနစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့်လည်း ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျေးလက်မီးလင်းရေးလုပ်ငန်းများ အပါအဝင် သမဝါယမကဏ္ဍဖွံ့ဖြိုးရေး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဖွံ့ဖြိုးရေး၊ ကျေးလက်ဒေသဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို သက်ဆိုင်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ယခု မီးလင်းရေးစနစ် ရေရှည်တည်တံ့အောင်မြင်စေရေးနှင့် လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးကို ကျယ်ကျယ်ပြန့်ပြန့် အထောက်အကူပြုနိုင်သည့် စီးပွားရေးလုပ်ငန်းများကို ပိုမိုလုပ်ဆောင်နိုင်ရေး ဆက်လက်ကြိုးစားအားထုတ်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်က ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆိုလာအသေးစားဓာတ်အားပေးစနစ် ဖွင့်ပွဲအခမ်းအနားကို ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီးတင်ဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ Mega Global Green Automation ကုမ္ပဏီမှ တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် မီးလင်းရေးစက်ရုံ ကမ္ပည်းမော်ကွန်းကို ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းတို့က စက်ခလုတ်နှိပ်ဖွင့်လှစ်ကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီး ဆိုလာအသေးစားဓာတ်အားပေးစက်ရုံနှင့် ကျေးရွာတွင်း လျှပ်စစ်ဓာတ်အားသွယ်တန်းထားမှု၊ ဆိုလာအသေးစားဓာတ်အားပေးစနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော စက်မှုလက်မှုလုပ်ငန်းများနှင့် အိမ်တွင်းစီးပွားရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောင်းကုန်းမြို့နယ် သုံးခွကျေးရွာတွင် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတာကာလတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူဦးရေ ၄၁၄ ဦး အကျိုးပြုမည့် ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို လည်းကောင်း၊ အသင်းသားဦးရေ ၁၀၇ ဦးဖြင့် ဖွဲ့စည်းထားသော စံပြသုခသမဝါယမအသင်း၏ သီးစုံယိုထိုးနည်းသင်တန်းကို လည်းကောင်း၊ Daedong လယ်ယာသုံးစက်ကိရိယာ ထွန်းယက်သရုပ်ပြပွဲကို လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အထွေထွေလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ကြည့်ရှုစစ်ဆေးပြီး အသင်းသားများနှင့်တွေ့ဆုံကာ သမဝါယမလုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး အလေးထားဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သန်လျင်မြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၃

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးဗိုလ်ဌေးသည် ယနေ့ နံနက်ပိုင်းတွင် သန်လျင်မြို့ရှိ လမ်းများအဆင့်မြှင့်တင်ရေး၊ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများနှင့် သန်လျင်မြို့မဈေးကြီးအတွင်း ရောင်းဝယ်ဖောက်ကားနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဝန်ကြီးနှင့်အဖွဲ့သည် သန်လျင်မြို့နယ် မြို့မခြောက်ရပ်ကွက်ရှိ သီရိလမ်း အုတ်ရေမြောင်းတည်ဆောက်နေမှုလုပ်ငန်းခွင်၌ စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ချိန်အပြီးဆောင်ရွက်ရန်၊ သီရိလမ်း အုတ်ရေမြောင်းမှ ဆက်လက်စီးဆင်းသည့် လမ်းမတော်လမ်းမြောင်းအတွင်း အမှိုက်နှင့် မြောင်းချေးများ ဆယ်ယူရှင်းလင်းရန်နှင့် တည်ဆောက်ရေးကာလအတွင်း နေအိမ်များမှ ဝင်လမ်း၊ ထွက်လမ်းကောင်းမွန်ရေးဆောင်ရွက်ပေးရန်တို့ကို မှာကြားသည်။

ဆက်လက်၍ သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးအတွင်း၌ အလျား ပေ ၇၀၊ အနံ ပေ ၄၀၊ အမြင့် ၃၂ ပေရှိ သုံးထပ် အဖွဲ့ရုံး ဆောက်လုပ်ရန် လုပ်ငန်းစတင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သန်လျင်မြို့မဈေးကြီးသို့ သွားရောက်၍ ဈေးလယ်လမ်းမကြီး အရှည် ပေ ၄၈၀ ၊ အကျယ် ၁၆ ပေ၊ ဒု နှစ်လက်မ ကတ္တရာကွန်ကရစ်ခင်းကျင်းပြီးစီးမှုနှင့် ပွဲရုံတန်းလမ်း အရှည် ပေ ၃၂၀၊ အကျယ် ၁၄ ပေ၊ ဒု နှစ်လက်မ ကတ္တရာကွန်ကရစ် (AC) ခင်းကျင်းနေမှု၊ သားငါးရုံတွင် ဆိုင်ခန်းများ စနစ်တကျ နေရာချထားရောင်းချနေမှု၊ ဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်သူများ ကိုဗစ်-၁၉ လမ်းညွှန်ချက်များနှင့်အညီ ရောင်းဝယ်ဖောက်ကားနေမှု၊ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာသပ်ရပ်ရေး ဆောင်ရွက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဗိုလ်ချုပ်နေဝင်းလမ်း ကျိုက်ခေါက်ဘုရားလမ်းမီးပွိုင့်နှင့် ဆေးရုံအောက်ကွေ့ကြားမူလ နှစ်လမ်းသွားလမ်းအား အကျယ် ၄၆ ပေ၊ လေးလမ်းသွားရရှိအောင် အရှည်ပေ ၁၇၀၀၊ အကျယ် ၂၇ ပေ ခြောက်လက်မ၊ ဒု ကိုးလက်မ ကွန်ကရစ်လမ်းတိုးချဲ့ခြင်း၊ ရေမြောင်းအရှည် ၃၁၆၆ ပေ၊ အနက် လေးပေ ခြောက်လက်မ၊ အကျယ် လေးပေ ရေမြောင်းပလက်ဖောင်းပြုလုပ်ခြင်းနှင့် အရှည်ပေ ၁၇၀၀၊ အကျယ် ၂၇ ပေ ၆ လက်မ၊ ဒု တစ်လက်မခွဲ AC ထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းခွင်ကို စစ်ဆေးပြီး လုပ်ငန်းများ ဆောင်ရွက်ရာတွင် စံချိန် စံနှုန်းနှင့်အညီ ဆောင်ရွက်ရန်၊ လမ်းဘေးဝဲ/ယာ သန့်ရှင်းသာယာသပ်ရပ်ရေး ဆောင်ရွက်ရန်နှင့် စက်ဘီးစီးလမ်းများ ပြုလုပ်ရန်တို့ကို မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇန်နဝါရီ ၂၃**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်နှင့်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ် လေးမြို့နယ်၌ ဒေသခံပြည်သူ ၇၇၇ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၆၄၈၆ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့၌ ဒေသခံပြည်သူ ၃၀၀ နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့၌ ဒေသခံပြည်သူ ၈၄၅၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၄၀၃ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



**❖ ဂျပန်နိုင်ငံမှ**

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဦးတည်အုပ်စုများသတ်မှတ်၍ ဦးစားပေးအစီအစဉ်အလိုက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ကျေးလက်ဒေသများအထိ အားသွန်ခွန်စိုက် ကျယ်ပြန့်စွာ ထိုးနှံပေးလျက်ရှိရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးမှုအနေဖြင့် ဇန်နဝါရီ ၂၂ ရက်အထိ လူဦးရေ ၁၈ ဒသမ ၂၅ သန်းကို အကြိမ်ပြည့်ထိုးနှံပေးခဲ့၍ ၃ ဒသမ ၄၉ သန်းကို တစ်ကြိမ်ထိုးနှံပေးခဲ့ပြီးဖြစ်ရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်ကြိမ်နှင့်အထက် ထိုးနှံပြီးသူ စုစုပေါင်း ၂၁ ဒသမ ၇၄ သန်းခန့် ရှိပြီဖြစ်သည်။ သို့ဖြစ်၍ စုစုပေါင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ရေ သန်း ၄၀ doses ကို ထိုးနှံပြီးဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဝယ်ယူခြင်းမှ ၄၅ သန်း doses နှင့် လှူဒါန်းမှုမှ ၁၅ သန်းကျော် doses စုစုပေါင်း သန်း ၆၀ ကျော် doses ရရှိပြီးဖြစ်သည်။

မိဘပြည်သူများအနေဖြင့် မိမိအတွက် ရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို မပျက်မကွက်အကြိမ်ပြည့် ထိုးနှံမှုခံယူခြင်း၊ ပထမအကြိမ်ကာကွယ်ဆေးထိုးနှံမှုရရှိထားသူများအနေဖြင့်လည်း ဒုတိယအကြိမ်ကာကွယ်ဆေး ထိုးနှံမှုကိုသတ်မှတ်ရက်တွင်(သို့မဟုတ်) အနီးဆုံးသတ်မှတ်ကာလအတွင်း နီးစပ်ရာကာကွယ်ဆေးထိုးစုရပ်များသို့ သွားရောက်၍ ထိုးနှံမှုခံယူခြင်းနှင့် ကာကွယ်ဆေးထိုးလုပ်ငန်းများတွင်တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်ထားကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သိရသည်။ **သတင်းစဉ်**




# ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၂၃-၁-၂၀၂၂)ညနေ ၆ နာရီအချိန်ထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Supportive | | | | |
| 1 | P.O – Pantocid | 10X10's / Box | 7000 | PL |
| 2 | P.O Omeprazole | 10X10's / Box | 1650 | Shwe Htay Min |
| 3 | Injection Pantocid | 1g/Vial | 1500 | Aorta |
| 4 | Injection Omeprazole | 1g/Vial | 1050 | Aorta |
| Antibiotics | | | | |
| 5 | PO – Azithromycin 500 mg | 5x3's | 4000 | Rammawaddy |
| 6 | P.O – Cefalexin 500 mg | Box of 10x10's | 6100 | Aorta |
| 7 | P.O – Levofloxacin 500 mg | Box of 10x10's | 7000 | Shwe Htay Min |
| 8 | P.O.Cefixime | Box of 3x10's | 3600 | Aorta |
| 9 | P.O Amoxicillin+ Clavulanic Acid | Box of 1x6's | 1800 | Aorta |
| 10 | Injection – Levofloxacin 500 mg | 1x1 | 3000 | Yadanar |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# ပေါင်းတည်မြို့၌ အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဆက်လက်ထိုးနှံ

**ပေါင်းတည် ဇန်နဝါရီ ၂၃**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် မကြီးပင်ကျေးရွာအုပ်စု ကုက္ကိုကုန်းကျေးရွာ အမကကျောင်း ဆေးထိုးစုရပ်တွင် ယနေ့နံနက်ပိုင်းက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**ထိုးနှံပေးလျက်ရှိ**

အဆိုပါ ကာကွယ်ဆေးထိုးရာတွင် ပထမအကြိမ် အသက် ၁၈ နှစ်နှင့်အထက် ပြည်သူ ၅၅ ဦးနှင့် ဒုတိယအကြိမ် ပြည်သူ ၃၆ ဦးတို့အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

မကြီးပင်ကျေးရွာအုပ်စုတွင် ကျေးရွာငါးရွာရှိပြီး အသက် ၁၈ နှစ်နှင့်အထက် ပြည်သူ ၁၈၉၉ ဦးရှိပြီး ကာကွယ်ဆေးထိုးပြီးသူ ၁၇၉၈ ဦးရှိကာ အကြောင်းအမျိုးမျိုးကြောင့် ဆေးထိုးရန်ကျန်ရှိနေသူများအား ကာကွယ်ဆေးများကို သတ်မှတ်ဦးတည်အုပ်စုများအလိုက် ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**အေးအေးဆင့်(ပြန်/ဆက်)**




# ကိုဗစ်-၁၉ ရောဂါ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၃**

အကောက်ခွန်ဦးစီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် နယ်စပ်(ချင်းရွှေဟော်)တွင် ကုမ္ပဏီတစ်ခုမှ Disposable Face Mask ၁၉၅၀၉ ကီလိုဂရမ်အား ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လူငယ်ဘဝ အဂတိကင်းစင်ကြ

ကိုဇော်ဌေး(ယဉ်ကျေးမှု)

အသက် (၁၅) နှစ်မှ (၃၅) နှစ်အထိကို လူငယ်ဟု သတ်မှတ်ကြသည်။ သူတို့သည် ဖြူစင်သန့်ရှင်းသောကလေးဘဝမှလွန်မြောက်၍ အားမာန်ပြည့်ဝကာ တက်ကြွသောအသွင်ရှိသည့်လူငယ်ဘဝသို့ အညွန့်တလူလူရောက်ရှိလာကြသည်။ သူတို့ကို အနာဂတ်၏ ခေါင်းဆောင်ကောင်းများအဖြစ် မျှော်လင့်ကြသည်။

**ဘဝ၏ရည်မှန်းချက်များ**

လူငယ်ဟုကြားသိလိုက်သည်နှင့် ဖုတ်သွင်းရထားဆိုက်မည့်သူဟု ရှုမြင်လိုက်ကြသည်။ လူငယ်ဘဝသည် အားအင်အပြည့်ဆုံး၊ အတက်ကြွဆုံး၊ ထိုးထွင်းသိမြင်စွန့်စားနိုင်ချိန်အရှိဆုံးကာလပင်ဖြစ်သည်။ ဘဝ၏ရည်မှန်းချက်များ ပြည့်စုံကုံလုံအောင်ကြိုးပမ်းရင်းနှင့်ပင် ဆက်စပ်လျက်ရှိသော အများ၏အကျိုးကိုလည်း ဝင်ရောက်သယ်ပိုးလာကြရသည်။ သယ်ပိုးရင်းနှင့်ပင် နေရာတစ်နေရာကိုလည်း ရောက်ရှိလာတတ်သည်။ ရရှိလာတတ်သည်။ လုပ်ပိုင်ခွင့်အချို့ကို လက်ဝယ်ရယူနိုင်လာကြသည်။ ထိုအခါ အဂတိမည်သောတရားသည် လူငယ်ထံသို့ ချဉ်းကပ်လာတော့သည်။ အကောင်းဆုံးအချိန်ကို ဖြတ်သန်းနေသည့်လူငယ်အား ချမ်းသာသုခပြည့်ဝစေသည်ဟူသော မက်လုံးကိုပေးကာ အရာရာကို ဖြတ်လမ်းနည်းဖြင့် ရယူနိုင်ရာလမ်းကြောင်းပေါ်သို့ တွန်းတင်လာတော့သည်။ လူငယ်၏ ကိုယ်ကျင့်တရားသည် စမ်းသပ်ခံချိန်ရောက်လာတော့သည်။ စိန်ခေါ်မှုတွင် လူငယ်သာပြိုလဲသွားပါက လူငယ်၏အပေါ် မျှော်လင့်ထားသူအားလုံးလည်း ပြိုလဲသွားရာရောက်တော့သည်။

လူငယ်တစ်ဦးနှင့်တစ်ဦး ထွန်းပေါက်သောအချိန် မတူညီကြသော်လည်း အများအကျိုးသယ်ပိုးသည့်နယ်ပယ်နှင့် မွေးရာပါကံတရားကို အားပြုကြရသော အလုပ်အကိုင်မျိုးတွင်မူ လူငယ်တို့၏အောင်မြင်မှုသည်မြန်ဆန်တတ်သည်။ အောင်မြင်မှုနှင့်အတူ လူငယ်ထု၏စိတ်ဓာတ်နှင့် မောင်းနှင်အားကို အလိုအလျောက် ရယူပိုင်ဆိုင်လိုက်ကြသည်။ စံပြပုဂ္ဂိုလ်ပမာ လေးစားအားကျခြင်းကိုခံရတော့သည်။ ထိုလူငယ်၏ အရည်အချင်းနှင့် အကျင့်စာရိတ္တသည် လူငယ်များစွာအပေါ် သက်ရောက်သည်။ သက်ရောက်မှုကြောင့်ပင် ထိုလူငယ်သည် သူ၏ အရည်အချင်းနှင့် အကျင့်စာရိတ္တကို ကြာရှည်တည်တံ့အောင်ထိန်းသိမ်းရတော့မည်ဖြစ်သည်။ လောကကြီးသည် ထိုလူငယ်ကို ကြာရှည်စွာ မထိန်းသိမ်းမစောင့်ရှောက်ပါချေ။ အတွင်းလှိုက်စားတတ်သည့် ခြသည် ကာလတစ်ခုကိုစောင့်သည်။ ခြသည် လူငယ်၏အကျင့်စာရိတ္တအား လူမသိ သူမသိ လှိုက်စားသည်။ ကာလတစ်ခုသို့ရောက်ချိန်ဝယ် ထိုလူငယ်သည် ခြကြောင့် ပြိုလဲကျတော့သည်။ ကြီးကြီးမားမား ရည်မှန်းချက်ထားသူ လူငယ်အနေဖြင့် ထိုထိုသောခြတို့ကို သတိပြုရန်ပင်ဖြစ်သည်။

အဂတိလိုက်စားသည်ကို "မတရားသဖြင့် ဘက်လိုက်သည်"ဟု မြန်မာအဘိဓာန်က ဖွင့်ဆိုသည်။ ဦးထွန်းမြင့်၏ "သုခမှတ်စု"၌မူ "တစ်ဖက်သတ် စီရင်ခြင်း"ဟု ဖော်ပြထားသည်။ အဓိပ္ပာယ်သက်ရောက်မှုသည် အတူတူပင်ဖြစ်သည်။ ဆန္ဒာ၊ ဒေါသာ၊ ဘယာ၊ မောဟာဟူသောအဂတိတရားလေးပါးကြောင့် မတရားသဖြင့် ဘက်လိုက်ကြခြင်းဖြစ်သည်။

ဆန္ဒာဂတိ- ချစ်သဖြင့် တစ်ဖက်သတ်စီရင်ခြင်း၊ ဘက်လိုက်ခြင်း။




ဒေါသာဂတိ- အမျက်ဒေါသကြောင့် မုန်းသဖြင့် တစ်ဖက်သတ် စီရင်ခြင်း၊ ဘက်လိုက်ခြင်း။

ဘယာဂတိ- ကြောက်ရွံ့သဖြင့် တစ်ဖက်သတ်စီရင်ခြင်း၊ ဘက်လိုက်ခြင်း။

မောဟာဂတိ- မသိသဖြင့် တွေဝေ၍ တစ်ဖက်သတ်စီရင်ခြင်း၊ ဘက်လိုက်ခြင်းဟု တွေ့ရသည်။

လူငယ်သည် တစ်ပါးသူအားချစ်သဖြင့် နေရာပေးခြင်း၊ အခွင့်အရေးပေးခြင်းကိုပြုနိုင်သည်။ တစ်ဖန် တစ်ပါးသူအား ကြည့်မရခြင်းဟူသော အမျက်ဒေါသဖြင့် ထိုသူရယူနိုင်သည့် အခွင့်အရေးတို့ကို ပိတ်ပင်တားဆီးခြင်းလည်း ပြုနိုင်သည်ကို ဆင်ခြင်သင့်သည်။ ကြောက်ခြင်း၊ ရွံ့ခြင်း အန္တရာယ်ပြုခြင်းတို့ကြောင့်လည်း တစ်ပါးသူအား အထိုက်အလျောက် အခွင့်အရေးပေးမိနိုင်သည်။ မောဟာဂတိသည် တွေးဆချက်များလွန်းသည်။ တစ်ပါးသူအား မသိခြင်းသည် သိအောင်မလုပ်လိုခြင်း ဖြစ်နိုင်သေးသည်။ အလုပ်ကို သိအောင်မလုပ်ဘဲ လွယ်ကူစွာတစ်ဖက်သတ် စီရင်ခြင်း၊ ဘက်လိုက်ခြင်းလည်းဖြစ်နိုင်သည်။ အလုပ်အပေါ် အာရုံစူးစိုက်မှုမရှိဘဲ အမှတ်မထင်ပြုပြင်စီရင်စေစားလျက်ရှိသောကြောင့် တစ်ဖက်သတ်စီရင်ခြင်း၊ ဘက်လိုက်ခြင်းမျိုးလည်း ဖြစ်သွားရပြန်သည်။ လုပ်ပိုင်ခွင့်ရှိသူလူငယ်က မည်သို့မျှမဆိုသာသော်လည်း စီရင်ခံရသူ (နစ်နာသူ)က ပေးဆပ်လိုက်ရမှုများစွာရှိသွားသည်။ လုပ်ပိုင်ခွင့်ရှိသူ လူငယ်သည်လည်း အဂတိတရားနှင့် ငြိစွန်းသွားသည်။ ကိုယ်ကျိုးပြုခြင်း၊ မပြုခြင်းနှင့် မသက်ဆိုင်ဘဲ အဂတိတရားနှင့် ငြိစွန်း၊ မငြိစွန်းသာဆိုင်သည်။ အဂတိလိုက်စားမှုမြောက်ခြင်း၊ မမြောက်ခြင်းကို စဉ်းစားရန်ဖြစ်သည်။ အဂတိတရား တစ်ပါးပါးကို ကျူးလွန်မိသည်ပင်လျှင် အဂတိတရားလိုက်စားသည်ဟူသော စွပ်စွဲချက်ဖြင့် စွပ်စွဲနိုင်သည့်အသေးစိတ်လွန်းလှသော မြန်မာ့ဓလေ့ထုံးတရားကို လေးစားမိသည်။

**ကိုယ်ကျင့်တရားပျက်ယွင်းပြီး အဂတိလိုက်စားခြင်း**

ယနေ့အချိန်ကာလ၌ အဂတိကို တံစိုးလက်ဆောင်လာဘ်စားခြင်းဖြင့် ကိုယ်ကျင့်တရားပျက်ယွင်းမှုအပေါ် စံထားသတ်မှတ်ကြသည်။ မြန်မာမင်းများလက်ထက်၊ အထူးသဖြင့် ကုန်းဘောင်ခေတ်တွင် မင်းမှုထမ်းများ တံစိုးလက်ဆောင်ယူခြင်း၊ လာဘ်ပေးခြင်းကို တင်းကျပ်စွာ တားမြစ်ခဲ့သည်။ ၁၇၈၃ ခုနှစ် မတ်လ ၁၉ ရက်နေ့တွင် ထုတ်ပြန်သော အမိန့်တော်၌ "တိုင်းရေးပြည်ရေး ရာဇဝတ်တော်ရေးကို မထောက်၊ မကြောက်၊ မစစ်မကြော၊ မစီရင်သောကြောင့် ရပ်စုကွက်စုများတွင် သူခိုးလူဆိုးတို့ ပေါ်ရှိကြောင်း၊ အရပ်ခေါင်းအကြီးတို့တွေ့မိ၍ ဆိုင်ရာပို့အပ်သည်ကိုလည်း သတ်တန် ဖြတ်တန်သူကို မသတ်မဖြတ်၊ တံစိုးပဏ္ဏာစားယူ၍သာ လွှတ်ထားကြောင်းများကို ရွှေနားတော် ကြားတော်မူရသည်။ ဝန်တို့မှာ မကြားမသိသော နောင် သည်ကဲ့သို့ မစစ်မကြောကွပ်မညှပ်ကြောင်း၊ ပဏ္ဏာကာရစားယူလွှတ်ကြောင်းများကို ကြားတော်မူလျှင် နှစ်ခွန်းချေမည်မဟုတ်" ဟူ၍ တားမြစ်ခဲ့သည်။ ကိုယ်ကျင့်တရားပျက်ယွင်းပြီး အဂတိလိုက်စားခြင်းကို ရှေးကတည်းက တားမြစ်ခဲ့ကြောင်း လူငယ်တို့သိစေချင်သည်။

လွတ်လပ်ရေးမရမီကာလ၊ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပြီးနောက် မြန်မာနိုင်ငံအတွင်းရှိ စစ်ဘေးစစ်ဒဏ်သင့်ခဲ့ရသော ပြည်သူလူထုအများကို ထောက်ပံ့ရေးပစ္စည်းများ ထောက်ပံ့ချိန်ကလည်း ထောက်ပံ့ရေးပစ္စည်းများကို ခိုးယူခြင်း၊ အဂတိလိုက်စားခြင်းတို့ရှိခဲ့သည်။ အဂတိလိုက်စားခြင်းကို တားဆီးရန်နှင့် ပြည်သူ့ထောက်ပံ့ရေးပစ္စည်းများ ခိုးယူခြင်းမှ ကာကွယ်သည့်ကော်မတီ( Civil Supplies Thefts Preventive Committee )ကို ၁၉၄၇ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည်ဟု လေ့လာသိရှိရသည်။ အဂတိလိုက်စားမှုကို ပိုမိုထိရောက်စွာကာကွယ်တားဆီးနိုင်ရန် ၁၉၄၈ ခုနှစ် အဂတိလိုက်စားမှုတားမြစ်ရေးအက်ဥပဒေကို သီးခြားပြဋ္ဌာန်းပေးခဲ့သည်။

**၁၆၅ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ်**

ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း (United Nations Convention Against Corruption –UNCAC) ကို နယူးယောက်မြို့၌ ၂၀၀၃ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့တွင် ကျင်းပသည့် (၅၈) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံဆုံးဖြတ်ချက်(၅၈/၄) အရ ပြဋ္ဌာန်းခဲ့သည်။ ကွန်ဗင်းရှင်း၏ Article (66) အရ အဆိုပါကွန်ဗင်းရှင်းသည် ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် စတင်အသက်ဝင်သည်။ မြန်မာနိုင်ငံသည် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း (UNCAC)တွင် အဖွဲ့ဝင်နိုင်ငံ အမှတ်စဉ်(၁၃၇) အဖြစ် ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် မြန်မာနိုင်ငံကို ၁၆၅ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် အတည်ပြုခဲ့သည်။ ကုလသမဂ္ဂကွန်ဗင်းရှင်း၏ ရည်ရွယ်ချက်မှာ အဂတိလိုက်စားမှုများအား ပိုမိုထိရောက်အောင်မြင်စွာတားဆီးနိုင်ရေး တိုးမြှင့်ဆောင်ရွက်နိုင်ရန်၊ အဂတိလိုက်စားမှုများအား တားဆီးကာကွယ်ရေးနှင့် မတရားရယူထားသောပစ္စည်းများကို ရှာဖွေသိမ်းဆည်းရေးဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် နည်းပညာအကူအညီတောင်းမှုများကို တိုးမြှင့်၍ ဖြည့်ဆည်းထောက်ပံ့နိုင်ရန်၊ ပြည်သူ့ရေးရာကိစ္စများနှင့် ပြည်သူ့ပစ္စည်းများကို ဖြောင့်မတ်ရိုးသားမှု၊ တာဝန်ခံမှုနှင့် လျော်ကန်သင့်မြတ်စွာ စီမံခန့်ခွဲနိုင်မှုများကို မြှင့်တင်ဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ သို့ရည်ရွယ်ရင်းကို အလေးထားသည့်အနေဖြင့် မြန်မာနိုင်ငံသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ၂၀၁၃ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၃ အဖြစ် ပြည်ထောင်စုလွှတ်တော်က ၂၀၁၃ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့ ရက်စွဲဖြင့် စတင်ပြဋ္ဌာန်းနိုင်ခဲ့သည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လာခဲ့ကြသည်။

အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်နေချိန်ဝယ် လူငယ်တို့သည် အဂတိကိုမသိခြင်းကြောင့်လည်းကောင်း၊ သိလျက်နှင့်သော်လည်းကောင်း မကျူးလွန်စေချင်ပါချေ။ ပျိုမျစ်နုငယ်စဉ်ကာလဝယ် အဂတိဆိုသည်ကိုပင် သဲကွဲစွာနားမလည်သေးသည့်အချိန်၌ တစ်ပါးသူယောင်၍ အမောင်တောင်မှန်း မြောက်မှန်းမသိ ဖြစ်တတ်လေ့ရှိပေသည်။ အဂတိအမှောင်အတွင်း ခြေနင်းမိပါက လူငယ်၏ စွမ်းဆောင်ရည်သာမက လူငယ်ထု၏ပုံရိပ်ကိုပင် ထိခိုက်စေပါသည်။ အဂတိလိုက်စားမှုသည် နိုင်ငံအတွင်းရှိ ကဏ္ဍအားလုံးနှင့် အင်စတီကျူးရှင်း (Institution)များအားလုံးအပေါ်ကျရောက်နိုင်သော ရောဂါဆိုးကြီးဖြစ်သည်။ ကုသရန်အတွက် စိန်ခေါ်မှုများစွာကို ရင်ဆိုင်ရနိုင်သည်။ခက်ခဲပြီးရှုပ်ထွေးသည့်ဖြစ်စဉ်များ ရှိလာနိုင်သည်။ သက်ရောက်မှုသည် ပေးဆပ်ရမှုကြီးမားနိုင်ပြီး အဖြေသည် လူငယ်တို့၏အနာဂတ်လမ်းစပျောက်သွားခြင်းပင်ဖြစ်သည်။

**စာမျက်နှာ ၁၁ သို့** ❄

**"လူငယ်တို့တွင် ပင်ကိုသဘာဝကတည်းက အနစ်နာခံလိုစိတ်၊ စာနာနားလည်စိတ်၊ သည်းခံခွင့်လွှတ်စိတ်တို့သည် ရှိပြီးဖြစ်သည်။ သန့်စင်သောထိုစိတ်ကလေးများကို မှန်မြတ်သောနေရာ၌ အသုံးချစေချင်သည်။ အသုံးဝင်ခြင်းကြောင့်လည်း လူငယ်တို့ကို တိုင်းပြည်၏အနာဂတ်အဖြစ်မျှော်မှန်းကာ ပြုစုပျိုးထောင်ပေးနေကြခြင်းဖြစ်သည်။ မြန်မာ့အနာဂတ်ကို လူငယ်တို့က ကောင်းမွန်အောင်ဖန်တီးနိုင်ရန် ရေခံမြေခံကောင်းသည် မြန်မာ့ထုံးတမ်းဓလေ့လာ ဆိုဆုံးမစကားတို့ပင်ဖြစ်သည်။ ရင့်ကျက်သူလူကြီးတို့၏ သွန်သင်စကားကိုနာခံကာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အဂတိကင်းစင်စွာဆောင်ရွက်နိုင်ကြပါလိမ့်မည်"**





# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၂၃**

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေသည့်ကာလအတွင်း ဆွမ်းကိစ္စရပ်များ အဆင်ပြေစေရန် ရည်ရွယ်၍ ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ ဉာဏဂုဏ်ရည်ကျောင်းတိုက်သို့ လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ အောင်တော်မူကျောင်းတိုက်သို့လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ဆေးဝက်ဘာစာသင်တိုက်သို့ လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ စိန်မမပါဠိတက္ကသိုလ်သို့လည်းကောင်း၊ ရခိုင်ပြည်နယ် မောင်တောမြို့နယ်ရှိ မြို့မပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် မူဆယ်မြို့နယ်ရှိ ရွှေသမင်(နန္ဒဝန်)ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့/ဦးစီးဌာနများမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ခေတ္တနာဂဒေသဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံး(လဟယ်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးရဲမင်း၊ လဟယ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇာနည်ဝင်းနှင့် မြို့နယ်သာသနာရေးဦးစီးမှူး ဦးလှဝင်းတို့ ဇန်နဝါရီ ၂၂ ရက်က လဟယ်မြို့နယ် စံပြကျေးရွာ တောင်တန်းသာသနာပြုဘုန်းတော်ကြီးကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီနှင့် ကုလားပဲပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ကြေးမုံ



ရှမ်းပြည်နယ် အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) အဖွဲ့ဝင် (၁) ဒုတိယဗိုလ်မှူးကြီး ကြည်မင်းသိန်းနှင့် ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ(ကျိုင်းတုံ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသီဟဇော်တို့ ဇန်နဝါရီ ၂၃ ရက်က ကျိုင်းတုံပြည်သူ့ဆေးရုံ COVID Center သို့ လိုအပ်သည့် ဆေးဝါးများ၊ ကျန်းမာရေးဆိုင်ရာ အင်အားဖြည့်အစားအစာများနှင့် ရေသန့်များကို သွားရောက်လှူဒါန်းခဲ့ရာ ဆေးရုံအုပ်ကြီး ဒေါက်တာလှဌေးမင်းနှင့် တာဝန်ရှိသူများက လက်ခံရယူစဉ်။

သတင်းစဉ်

## တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် နဝကမ္မ အလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၂၃**

တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ပိန္နဲကုန်းကျေးရွာရှိ နဂါးရုံကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ သဒ္ဓမ္မဝေပုလ္လကာရီကျောင်းတိုက်၊ ရခိုင်ပြည်နယ် အမ်းမြို့ရှိ စွယ်တော်ဘုန်းတော်ကြီးကျောင်းတိုက်၊ မဟာဂန္ဓာရုံအေးရိပ်သာ ကျောင်းတိုက်နှင့် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်ခြေ စစ်ကိုင်းကျောင်းတိုက်တို့ရှိ ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၂၃**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

❊ စာမျက်နှာ ၁၀ မှ

နိုင်ငံရေးနှင့် အုပ်ချုပ်ရေးသည် အခါအားလျော်စွာ ပြောင်းလဲနေတတ်သည်။ လူငယ်တို့သည် ပြောင်းလဲနေသည့် ရေစီးကြောင်းနှင့် အလိုက်သင့်လိုက်ပါတတ်ကြသည်။ သို့သော်လည်း ဓလေ့ရိုးရာထုံးတမ်းနီတိတို့က လူငယ်တို့ ထာဝစဉ်ပြုမူလိုက်နာအပ်သည့် ကျင့်ဝတ်စည်းကမ်းများကို ပြဋ္ဌာန်းပေးထားပြီးဖြစ်သည်။ ကျင့်ဝတ်နှင့် စည်းကမ်းများတွင် သားသမီးဝတ်၊ တပည့်ဝတ်၊ တာဝန်အလျောက် အပ်နှင်းထားသည့်အခွင့်အာဏာကိုအလွဲသုံးစားပြုမှုမှ စသည်တို့ ပါဝင်သည်။ မိမိကြည်ညိုသည့်ပုဂ္ဂိုလ်ဟူသော ဆန္ဒစွဲကြောင့်သော်လည်းကောင်း၊ တစ်ချိန်တစ်ခါက မိမိနစ်နာခဲ့သည်များသည် ပြန်လည်နိုးထလာပြီး ဒေါသတို့တစ်ဖန်နိုးထလာသောကြောင့်လည်းကောင်း၊ ရေစီးကြောင်းတွင် လိုက်ပါမသွားမှုကြောင့် ယုန်ထင်ကြောင်ထင် အဖြစ်ခံရမည့် ဘယာကြောင့်သော်လည်းကောင်း၊ စိတ်အစဉ် မပြတ်သားသည့် မောဟကြောင့်သော်လည်းကောင်း ဖြူစင်နေသည့်လူငယ်သည် အဂတိတရားနှင့် ငြိစွန်းသွားတတ်သည်ကိုလည်း သတိပြုစေချင်သည်။ အဂတိတရားမိုက်မှားမှုကြောင့် လူငယ်၏စာရိတ္တ ချွတ်ယွင်းသွားသလို လူငယ်အား မျှော်မှန်းထားသည့် လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများ၏ အခွင့်အရေးအကျိုးစီးပွားသည်လည်း ထိခိုက်သွားတော့သည်။

လူငယ်သည် အနာဂတ်အတွက် အမြဲပြင်ဆင်နေကြသည်။ ရှေ့ကို မြော်တွေးခြင်းမရှိဘဲ တဒင်္ဂဖြစ်တည်လာသော အဂတိတရားကို နှစ်သက်မက်မောကျူးလွန်လိုက်မိပါက ခြေလှမ်းများစွာ နောက်ကျသွားနိုင်သည်။ လူတို့သည် မှားနိုင်သည်။ အမှားပြုမိပါက အချိန်မီပြန်လည်သုံးသပ်ပြီး ပစ္စုပ္ပန်အတွက် အကောင်းဆုံးဖြစ်အောင် ကြိုးစားပြင်ဆင်ကြရမည် ဖြစ်သည်။ သင်ယူခြင်း၊ လေ့လာခြင်းတို့ကို စဉ်ဆက်မပြတ်လုပ်ကိုင်ကာ ရပ်တန့်မနေသင့်ပါချေ။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ကျူးလွန်မှ အဂတိမြောက်သည်မဟုတ်ဘဲ မြန်မာ့ဓလေ့ဆိုဆုံးမစကားလာ အဂတိတရားလေးပါးကိုလည်း အထူးသတိထားရှောင်ရှားသင့်သည်။ တစ်ဖန် လူငယ်တိုင်း စာတတ်ကြသည်။ စာတတ်သည့်လူငယ်တိုင်း စာဖတ်ခြင်းဖြင့် မှားခြင်း၊ မှန်ခြင်းကို ချင့်ချိန်နိုင်မည်ဖြစ်သည်။ အခြေအနေ အချိန်အခါတစ်ခု ပျက်ယွင်းခြင်းထက် လူငယ်၏အကျင့်စာရိတ္တမပျက်ယွင်းရန် ပိုအရေးကြီးသည်။

လူငယ်တို့တွင် ပင်ကိုသဘာဝကတည်းက အနစ်နာခံလိုစိတ်၊ စာနာနားလည်စိတ်၊ သည်းခံခွင့်လွှတ်စိတ်တို့သည် ရှိပြီးဖြစ်သည်။ သန့်စင်သောထိုစိတ်လေးများကို မွန်မြတ်သောနေရာ၌ အသုံးချစေချင်သည်။ အသုံးဝင်ခြင်းကြောင့်လည်း လူငယ်တို့ကို တိုင်းပြည်၏ အနာဂတ်အဖြစ်မျှော်မှန်းကာ ပြုစုပျိုးထောင်ပေးနေကြခြင်း ဖြစ်သည်။ မြန်မာ့အနာဂတ်ကို လူငယ်တို့က ကောင်းမွန်အောင် ဖန်တီးနိုင်ရန် ရေခံမြေခံကောင်းသည် မြန်မာ့ထုံးတမ်းဓလေ့လာ ဆိုဆုံးမစကားတို့ပင်ဖြစ်သည်။ ရင့်ကျက်သူလူကြီးတို့၏ သွန်သင်စကားကိုနာခံကာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အဂတိကင်းစင်စွာ ဆောင်ရွက်နိုင်ကြပါလိမ့်မည်ဖြစ်ပါကြောင်း စေတနာကောင်းဖြင့် တိုက်တွန်းလိုက်မိပါသည်။ ။

**မှီငြမ်း- ၂၀၁၈ ခုနှစ်၊ ဩဂုတ်လထုတ် သုတပဒေသာစာစောင် အတွဲ (၄၅)၊ အမှတ်(၈)ပါ Cover Story ဆောင်းပါးများ။**

# ဒေသတွင်းတည်ငြိမ်အေးချမ်းရေးအတွက် တူရကီနိုင်ငံနှင့် ပိုမိုခိုင်မာသောဆက်ဆံရေးတည်ဆောက်ရန် အီရန်သမ္မတ သန္နိဋ္ဌာန်ချ

**တီဟီရန် ဇန်နဝါရီ ၂၃**

အီရန်နိုင်ငံသမ္မတ အီဘရာဟင်ရိုင်စီသည် ဒေသတွင်းတည်ငြိမ်အေးချမ်းရေးအတွက် တူရကီနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရေးနှင့် ပိုမိုတောင့်တင်းခိုင်မာသောဆက်ဆံရေး တည်ဆောက်ရန် ဇန်နဝါရီ ၂၂ ရက်တွင် သန္နိဋ္ဌာန်ချမှတ်ခဲ့ကြောင်း အီရန်သမ္မတရုံးဝက်ဘ်ဆိုက်မှ ဖော်ပြထားသည်။

**ပြောကြား**

အီရန်သမ္မတ အီဘရာဟင်ရိုင်စီသည် ဇန်နဝါရီ ၂၂ ရက်က တူရကီသမ္မတ အာဒိုဂန်နှင့် ဖုန်းဖြင့်ဆက်သွယ်ဆွေးနွေးစဉ်အတွင်း အထက်ပါအတိုင်း မှတ်ချက်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

တူရကီနိုင်ငံကလည်း အီရန်နိုင်ငံနှင့် ဆက်ဆံရေးခိုင်မာစေရန် မတူကွဲပြားသော စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်ရန် ပြင်ဆင်ထားပြီး ဖြစ်ကြောင်းနှင့် မိမိအနေဖြင့် မကြာမီကာလအတွင်း အီရန်နိုင်ငံသို့ အလည်အပတ်ခရီးသွားရောက်ရန် မျှော်လင့်ထားကြောင်း တူရကီသမ္မတ အာဒိုဂန်က ပြောကြားခဲ့သည်။

ထို့ပြင် တူရကီသမ္မတ အာဒိုဂန်သည် အီရန်နိုင်ငံအနေဖြင့် တူရကီနိုင်ငံသို့ စွမ်းအင်အထောက်အပံ့များ ဆက်လက်ပေးပို့ရေးကို အလေးထားပြောကြားခဲ့ပြီး တူရကီနိုင်ငံက အီရန်နိုင်ငံအား ယုံကြည်စိတ်ချရသော၊ စွမ်းအင်ထောက်ပံ့သောနိုင်ငံအဖြစ် သတ်မှတ်ကာ အီရန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရန် ကြိုးပမ်းလျက်ရှိကြောင်း ပြောကြားခဲ့သည်။



အီရန်နိုင်ငံသမ္မတ အီဘရာဟင်ရိုင်စီ

ဒေသတွင်းလုံခြုံရေး၏ အာမခံချက်ရရှိရေးအတွက် တူရကီနှင့် အီရန် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုသည် အဓိကအရေးကြီးကြောင်း တူရကီသမ္မတ အာဒိုဂန်က ဆက်လက်ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အလင်းသစ်**



# နယူးဇီလန်၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာစည်းကမ်းချက်အသစ်များကြောင့် ဝန်ကြီးချုပ် ဂျက်ဆင်ဒါအာဒန် မင်္ဂလာပွဲကို ဖျက်သိမ်းခဲ့ရ

**ဝယ်လင်တန် ဇန်နဝါရီ ၂၃**

နယူးဇီလန်နိုင်ငံ ဝန်ကြီးချုပ် ဂျက်ဆင်ဒါအာဒန်သည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းချက်အသစ်များကြောင့် ၎င်း၏ မင်္ဂလာပွဲကို ဖျက်သိမ်းခဲ့ရကြောင်း ယနေ့သတင်းများအရ သိရသည်။

**အမြင့်ဆုံးအဆင့်**

နယူးဇီလန်နိုင်ငံ၌ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုများ တွေ့ရှိပြီးနောက် နိုင်ငံတစ်ခုလုံးအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းချက်တင်းကျပ်မှု အမြင့်ဆုံးအဆင့်သို့ ချမှတ်ခဲ့ကြောင်း သိရသည်။

နယူးဇီလန်နိုင်ငံ၌ အသစ်ချမှတ်ခဲ့သည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာစည်းကမ်းချက်များတွင် အခမ်းအနားတစ်ခု၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးသူ ၁၀၀ သာ တက်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်းနှင့် ဈေးဆိုင်များနှင့် အများပြည်သူသယ်ယူပို့ဆောင်ရေးနေရာများ၌ နှာခေါင်းစည်းဝတ်ဆင်ရမည်ဖြစ်ကြောင်း ပါဝင်သည်။

လက်ရှိတွင် နယူးဇီလန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၅၁၀၄ ဦးနှင့် အဆိုပါရောဂါဖြင့် သေဆုံးသူ ၅၂ ဦးရှိကြောင်း သိရသည်။

နယူးဇီလန်နိုင်ငံ၌ အသက် ၁၂ နှစ်နှင့်အထက် အသက်အရွယ်ရှိသူအားလုံး၏ ၉၄ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံနိုင်မည့် အရည်အချင်းပြည့်မီသူများအားလုံး၏ ၅၆ ရာခိုင်နှုန်းသည် တတိယအကြိမ် အပိုဆောင်းထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဘီဘီစီ**

**ဘာသာပြန် - အလင်းသစ်**

# ရုရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၁၂၅၂ ဦး ထပ်မံတွေ့ရှိ

**မော်စကို ဇန်နဝါရီ ၂၃**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၁၂၅၂ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ယင်းကူးစက်ခံရသူ အရေအတွက်သည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုစတင်တွေ့ရှိပြီးနောက်ပိုင်း နေ့စဉ်ကူးစက်မှုအမြင့်ဆုံး စံချိန်တင်ခဲ့ကြောင်းနှင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၁၁၀၈၁၉၁ ဦး ရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာ၏ ပြောကြားချက်အရ သိရသည်။

ရုရှားနိုင်ငံတစ်ဝန်း၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၆၇၉ ဦးရှိခြင်းကြောင့် လက်ရှိတွင် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၃၂၆၁၁၂ ဦးရှိလာကြောင်း သိရသည်။

ထို့ပြင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံမှ ဆင်းခွင့်ရရှိသူ ၂၃၀၄၅ ဦးထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၁၀၂၃၆၂ ဦး ရှိလာကြောင်း သိရသည်။

မြို့တော်မော်စကိုသည် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုအများဆုံးဖြစ်ပွားသည့် ဒေသဖြစ်ပြီး လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၇၅၂၈ ဦးထပ်မံတွေ့ရှိခြင်းကြောင့် ရောဂါကူးစက်ခံရသူပေါင်း ၂၁၇၄၅၃၆ ဦး ရှိလာကြောင်း သိရသည်။

ရုရှားနိုင်ငံ၌ နိုင်ငံသား ၈၂ သန်းခန့်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တစ်ကြိမ်ထိုးနှံမှု ခံယူပြီးဖြစ်ကြောင်းနှင့် ၇၈ သန်းကျော်သည် ကာကွယ်ဆေး နှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အလင်းသစ်**

# ပီရူးနိုင်ငံ၌ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရေးပေါ်အခြေအနေ ကြေညာ

**လီမာ ဇန်နဝါရီ ၂၃**

ပီရူးနိုင်ငံ၌ မကြာသေးမီက နိုင်ငံအတွင်း ရေနံဖိတ်စင်မှုဖြစ်ပွားခဲ့ပြီးနောက် ရက် ၉၀ ကြာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရေးပေါ်အခြေအနေ ကြေညာလိုက်ကြောင်း ပီရူးနိုင်ငံ သဘာဝပတ်ဝန်းကျင်ဆိုင် ရာဝန်ကြီးဌာနက ယမန်နေ့တွင် ပြောကြားသည်။

အဆိုပါ ရေနံဖိတ်စင်မှုမှတစ်ဆင့် ဖြစ်ပေါ်လာမည့်ဆိုးကျိုးများအား လျှော့ချနိုင်ရန်အတွက် ယခုဆုံးဖြတ်ချက်ကိုချမှတ်ရခြင်းဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီး ရူဘင်ရာမီရက်စ်က ပြောကြားသည်။

လီမာမြို့အနီးရှိ ကာလာအိုပြည်နယ် လာပန်ပီလာရေနံချက်စက်ရုံရှိ ဆိပ်ကမ်းတစ်ခု၌ ဇန်နဝါရီ ၁၅ ရက်က ရေနံတင်သင်္ဘောတစ်စင်း ဆီအတင်အချပြုလုပ်စဉ် အဆိုပါရေနံဖိတ်စင်မှုဖြစ်ပွားခြင်းဖြစ်သည်။

အဆိုပါရေနံဖိတ်စင်မှုဖြစ်ပွားသော ဒေသအတွင်းရှိ ရေနံဖိတ်စင်မှုကြောင့် ညစ်ညမ်းခဲ့သော သဲမြေဧက ၁၅၈၀ ကုဗမီတာအား လက်ရှိအချိန်တွင် ဖယ်ရှားရှင်းလင်းနိုင်ခဲ့ပြီး ဆက်လက်၍ ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရန် ဖေဖော်ဝါရီလကုန်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ယခုမတော်တဆမှုကြောင့် ကိုစတာအဇူကမ်းခြေ၊ ဘန်တီနက်လာကမ်းခြေနှင့် ပလိုက်ရာဂရန်ဒီကမ်းခြေများ၌ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ညစ်ညမ်းမှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - စိုးသူရ**

# ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပိုဆောင်းထိုးနှံခြင်းက အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ကို ၉၀ ရာခိုင်နှုန်းအထိ ကြိုတင်ကာကွယ်နိုင်

**ဝါရှင်တန် ဇန်နဝါရီ ၂၃**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တတိယအကြိမ် အပိုဆောင်းထိုးနှံခြင်းသည် အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရခြင်းကြောင့် ဆေးရုံတက်ရောက်ကုသခံရမှုကို ၉၀ ရာခိုင်နှုန်းအထိ ကြိုတင်ကာကွယ်နိုင်ကြောင်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက အသစ်ပြုလုပ်သည့် သုတေသနပြုမှုတစ်ခုအပေါ်အခြေခံ၍ ပြောကြားသည်။

**ထုတ်ပြန်ခဲ့**

အမေရိကန်ရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာသည် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတို့အား အပိုဆောင်းထိုးနှံမှုခံယူပြီးသူများ၏ အကျိုးရှိထိရောက်မှုအပေါ် သုတေသနပြုခဲ့မှုကို ဇန်နဝါရီ ၂၁ ရက်တွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ် ထိုးနှံမှုခံယူပြီးသူများသည် ဒယ်လ်တာ ဗီဇပြောင်းဗိုင်းရပ်စ်ကြောင့် ဆေးရုံတက်ရောက် ကုသခံရမှုကို ၈၁ ရာခိုင်နှုန်းအထိ ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ကြောင်းနှင့် အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ကြောင့် ဆေးရုံတက်ရောက်ကုသခံရမှုကို ၅၇ ရာခိုင်နှုန်းအထိ ကြိုတင်ကာကွယ်နိုင်မည် ဖြစ်ကြောင်း အမေရိကန်ရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

သို့ရာတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတတိယအကြိမ်အပိုဆောင်းထိုးနှံပြီးပါက ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ်ကြောင့် ဆေးရုံတက်ရောက်ကုသခံရမှုကို ၉၄ ရာခိုင်နှုန်းအထိ ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ကြောင်းနှင့် အိုမီခရွန်ကြောင့် ဆေးရုံတက်ရောက်ကုသခံရမှုကို ၉၀ ရာခိုင်နှုန်းအထိ ကြိုတင်ကာကွယ်နိုင်မည် ဖြစ်ကြောင်း သိရသည်။

အသက် ၅၀ နှင့် ၆၄ နှစ်အကြား အသက်အရွယ်ရှိသူများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး မထိုးနှံရသေးပါက ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးသူနှင့် အပိုဆောင်းထိုးနှံပြီးသူများနှင့် နှိုင်းစာပါက ကိုဗစ်-၁၉ ရောဂါကြောင့် ဆေးရုံတက်ရောက်ကုသခံရမှုသည် ၄၄ ဆ ပိုမိုမြင့်မားနိုင်ကြောင်း သိရသည်။



**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အလင်းသစ်**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၃၉ သန်းကျော်ရှိလာ

**နယူးဒေလီ ဇန်နဝါရီ ၂၃**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၃၃၅၃၃ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နေ့စဉ် ကူးစက်ခံရသူ သုံးသိန်းကျော်ရှိခဲ့သည်မှာ သုံးရက်ဆက်တိုက်ရှိသွားပြီဖြစ်ကြောင်းနှင့် လက်ရှိတွင် ကူးစက်ခံရသူပေါင်း ၃၉၂၃၇၂၆၄ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၅၂၅ ဦးထပ်တိုးလာခြင်းကြောင့် သေဆုံးသူပေါင်း ၄၈၉၄၀၉ ဦးရှိလာကြောင်း သိရသည်။ အိန္ဒိယနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာပေါင်း ၂၁၈၇၂၀၅ ဦးရှိကြောင်း အိန္ဒိယကျန်းမာရေး ဝန်ကြီးဌာနက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၂၅၉၁၆၈ ဦးရှိခြင်းကြောင့် ပြန်လည်ကျန်းမာလာသူပေါင်း ၃၆၅၆၀၆၅၀ ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုများရှိနေသည့်အပြင် အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၀၀၅၀ ရှိလာကြောင်းနှင့် အိုမီခရွန်ဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်ခံရသူအများစုမှာ မဟာရက်ရှ်ထရာ၊ အနောက်ဘင်ဂေါ၊ ရာဂျာစသန်နှင့် ဒေလီတို့မှဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်

■



# တူရကီနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၂၈၅၆ ဦးရှိ

**အန်ကာရာ ဇန်နဝါရီ ၂၃**

တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၂၈၅၆ ဦးထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း အဆိုပါရောဂါကူးစက်ခံရသူပေါင်း ၁၀၈၈၁၆၂၆ ဦးရှိလာကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၈၄ ဦး ထပ်တိုးလာခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၈၅၆၀၀ ရှိလာကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၈၉၉၂၆ ဦးရှိကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

တူရကီနိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို နိုင်ငံအတွင်း အရေးပေါ်အသုံးပြုရန် တူရကီကျန်းမာရေးအာဏာပိုင်များက အတည်ပြုပေးခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁၄ ရက်တွင် စတင်ခဲ့ခြင်းဖြစ်သည်။

တူရကီနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ အချက်အလက်များအရ လူဦးရေ ၅၇ ဒသမ ၃၃ သန်းကျော်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်းနှင့် ၅၂ ဒသမ ၂၅ သန်းကျော်သည် ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

တူရကီနိုင်ငံ၌ တတိယအကြိမ်အပိုဆောင်းထိုးနှံပေးသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများအပါအဝင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေပေါင်း ၁၄၀ ဒသမ ၆၆ သန်းကျော် အသုံးပြုပြီးဖြစ်ကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်

# ကနေဒါနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂ ဒသမ ၉ သန်းကျော်ရှိလာ

**အော့တဝါ ဇန်နဝါရီ ၂၃**

ကနေဒါနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၃၅၅၅ ဦးထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၉၀၅၅၆၀ ရှိလာကြောင်းနှင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၃၂၅၀၂ ဦးရှိကြောင်း သိရသည်။

ကနေဒါနိုင်ငံ၏ လူဦးရေအများဆုံးပြည်နယ်ဖြစ်သည့် အွန်တာရီယိုပြည်နယ်၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၄၇၃ ဦးနှင့် သေဆုံးသူ ၄၇ ဦးရှိကြောင်း၊ ဒုတိယလူဦးရေအများဆုံး ကွီဘက်ပြည်နယ်၌ ၅၅၄၇ ဦးနှင့် အဆိုပါရောဂါဖြင့် သေဆုံးသူ ၆၈ ဦးရှိကြောင်း သိရသည်။




ကနေဒါနိုင်ငံ၌ ဇန်နဝါရီ ၂၂ ရက်တွင် နိုင်ငံတစ်ဝန်းရှိ ဆေးရုံများ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါလူနာ ၁၀၇၄၅ ဦးရှိကြောင်း သိရသည်။ ကနေဒါနိုင်ငံ၌ လက်ရှိထုတ်ပြန်ထားသည့်ကိုဗစ်-၁၉ရောဂါကူးစက်ခံရသူ အရေအတွက်ထက် ပိုမိုမြင့်မားဖွယ်ရှိကြောင်းလည်း ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူများက ပြောသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်

# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၁ သန်းကျော်ရှိလာ

**ဟန်နွိုင်း ဇန်နဝါရီ ၂၃**

ဗီယက်နမ်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ရောဂါကူးစက်ခံရသူ ၁၄၉၇၈ ဦး ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါကူးစက်ခံရသူ ၂၁၄၁၄၂၂ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ယခုကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်သူများအနက် ၁၄၉၃၄ဦးမှာ ပြည်တွင်း၌ ရောဂါကူးစက်ခံရသူများဖြစ်ပြီး ၄၄ ဦးမှာ ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ကြောင်း သိရသည်။

မြို့တော်ဟန်နွိုင်း၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၉၆၇ ဦးတွေ့ရှိရပြီး ဒါနန်းစီးတီးတွင် ၉၈၄ ဦးနှင့် နိုင်ငံမြောက်ပိုင်းရှိ ဟိုင်ဖောင်စီးတီးတွင် ၇၆၄ ဦးတို့ကို အသီးသီးတွေ့ရှိရသည်။ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၁၇၅ ဒသမ ၉ သန်းကို အသုံးပြုခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | |
|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၃၅၀၂၂၈၉၀၀ ဦး |
| သေဆုံးသူ | ၅၆၁၁၄၂၉ ဦး |
| ပြန်လည်ကျန်းမာလာသူ | ၂၇၈၆၈၆၅၆၃ ဦး |

# စင်ကာပူနှင့် မလေးရှားနိုင်ငံအကြား ခရီးသွားစကြံ ပြန်လည်ဖွင့်လှစ်

**ကွာလာလမ်ပူ ဇန်နဝါရီ ၂၃**

စင်ကာပူနှင့် မလေးရှားနိုင်ငံတို့အကြား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးသူများဆိုင်ရာ ခရီးသွားစကြံ အစီအစဉ်အရ နှစ်နိုင်ငံအကြား လေကြောင်းနှင့် ဘတ်စ်ကားဖြင့်သွားလာသူခရီးသည်များအား ပြန်လည်ခရီးသွားလာခွင့် ပြုလိုက်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီး ခိုင်ရီဂျမာလူဒင်က ဇန်နဝါရီ ၂၁ ရက်တွင် ပြောကြားသည်။

သို့ရာတွင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးဆောင်ရွက်ချက်အဖြစ် လက်ရှိအချိန်တွင် လေကြောင်းနှင့် ဘတ်စ်ကားခရီးစဉ်များအတွက် လက်မှတ်ရောင်းချမှုရာခိုင်နှုန်းကို ၅၀ ရာခိုင်နှုန်းအထိသာ ခွင့်ပြုသွားမည်ဖြစ်ပြီး အဆိုပါခရီးစဉ်များအတွက် လက်မှတ်များထပ်မံရောင်းချမှုအား နှစ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနများ၏ သက်ဆိုင်ရာနိုင်ငံများအလိုက် ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါကူးစက်မှုအခြေအနေအား အချိန်နှင့်တစ်ပြေးညီ သုံးသပ်ချက်အပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါနှစ်နိုင်ငံအကြား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးသူများဆိုင်ရာ ခရီးသွားစကြံအစီအစဉ်ကို ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၂၉ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး နှစ်နိုင်ငံအကြားဆက်သွယ်ထားသော တံတားမှတစ်ဆင့် ခရီးသွားလာခြင်းနှင့် လေကြောင်းဖြင့်ခရီးသွားလာခြင်းကို ခွင့်ပြုခဲ့သော်လည်း အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုများကြောင့် ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် အဆိုပါခရီးသွားစကြံအစီအစဉ်ကို ရပ်ဆိုင်းခဲ့ရသည်။ အဆိုပါခရီးသွားစကြံအစီအစဉ်ဖြင့် ခရီးသွားလာသူခရီးသည်များသည် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သီးခြားစောင့်ကြည့်ခြင်းမှ ကင်းလွတ်ခွင့်ရရှိကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

# တရားမဝင် သစ်မျိုးစုံ၊ မော်တော်ယာဉ်၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ သိမ်းဆည်းရမိ



သိမ်းဆည်းရမိသည့် တရားမဝင်စားသောက်ကုန်များကို တွေ့ရစဉ်။



သိမ်းဆည်းရမိသည့် တရားမဝင်သစ်များကို တွေ့ရစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၃**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၈ ရက်တွင် ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာတွင် ပူးပေါင်းအဖွဲ့များမှ စစ်တွေမြို့နယ်တွင် သစ်မျိုးစုံ ၃ ဒသမ ၄၉၄၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၉၁၃၆)၊ ဇန်နဝါရီ ၁၉ ရက်၌ တောင်ကုတ်မြို့နယ်တွင် တောင်သရက်ခွဲသား ၃ ဒသမ ၄၇၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၇၄၀၀) **စုစုပေါင်း သစ်မျိုးစုံ ၆ ဒသမ ၉၆၈၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၆၅၃၆)**ကို ဖမ်းဆီးရမိခဲ့သဖြင့် မြို့နယ်သစ်တောဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဖမ်းဆီးရမိ**

အလားတူ ဇန်နဝါရီ ၂၂ ရက်တွင် အေးရှားဝေါလ်ဆိပ်ကမ်းကုန်သေတ္တာစစ်ဆေးရေးစခန်း၌ U.S.A နိုင်ငံမှတင်သွင်းသော သွင်းကုန်ကြေညာလွှာ ID တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် Food Supplement Dietary Supplement Item လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၉၄၀၀၀၀)နှင့် သွင်းကုန်ကြေညာလွှာ ID တွင် ကြေညာထားခြင်းမရှိသော Food Supplement Dietary Supplement Item ရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၀၈၀၀၀၀) **စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၂၀၀၀၀** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ အကောက်ခွန်ဦးစီးဌာနက ဦးဆောင်သော တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် TOFFEE Candy ပုံး ၁၂၀ **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းအဖွဲ့များက ရှောင်တခင်လှည့်လည်စစ်ဆေးမှုများပြုလုပ်ခဲ့ရာ ဘားအံမြို့နယ် သာယာကုန်းကျေးရွာအုပ်စု အာရှလမ်းမပေါ်တွင် ဖိနပ်မျိုးစုံ ၇၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၆၅၆၀၀) နှင့် အဆိုပါ ဖိနပ်များ သယ်ဆောင်လာသော ၁၆ ဘီးယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၉၀၀၀၀၀၀) **စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၀၆၅၆၀၀** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**အရေးယူဆောင်ရွက်လျက်ရှိ**

ထပ်မံ၍ ဇန်နဝါရီ ၂၂ ရက်နှင့် ၂၃ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနကဦးဆောင်၍ ပူးပေါင်းအဖွဲ့များဖြင့် သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ တောင်ငူနှင့် သာယာဝတီခရိုင် သစ်တောကြိုးဝိုင်းများအတွင်း တရားမဝင် ကျွန်းသစ် ၆ ဒသမ ၂၈၆၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၃၈၅၆၀) နှင့် အခြားသစ်မျိုးစုံ ၂ ဒသမ ၄၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၁၀၀) **စုစုပေါင်း သစ်မျိုးစုံ ၈ ဒသမ ၇၄၆၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၂၄၆၆၀)** ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး (၁၆)မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ အကောက်ခွန်ဦးစီးဌာနမှ ဦးဆောင်သော ပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရုတ်နိုင်ငံထုတ် Chunliang Yuanjing အမှတ်တံဆိပ် အရက် ၄၈ ပုလင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၀၀၀၀)နှင့် TAILI အမှတ်တံဆိပ်ပါမီးသီး(36W) အလုံး ၄၀၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၀၀၀၀၀) **စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၈၀၀၀၀** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာနက ဦးဆောင်၍ ပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တမူးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်များတွင် ကညင်သစ် ၁၄ ဒသမ ၄၂၈ တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၁၄၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ပါ၍ ဇန်နဝါရီ ၁၈၊ ၁၉၊ ၂၂ နှင့် ၂၃ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ **အမှုတွဲ ၁၁ မှု စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၉၉၁၈၁၉၆** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# ကော့သောင်း၊ နောင်ချို၊ လမ်းမတော်နှင့် တာမွေမြို့နယ်များ၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၃**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၁ ရက် မွန်းလွဲ ၃ နာရီတွင် ကော့သောင်းမြို့နယ် စူငယ်ဘာလိုင်းကျေးရွာအုပ်စု အောင်ဘာစံပြကျေးရွာအနီးတွင် မသင်္ကာဖွယ်တွေ့ရှိသူ ဇော်ထက်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေး ၃၅ ပြား သိမ်းဆည်းရမိခဲ့ပြီး မွန်းလွဲ ၃ နာရီခွဲတွင် ၎င်း၏နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေး ၁၉၈၃ ပြား၊ ဘိန်းစာမှုန့် ၁ ဒသမ ၁၄ ကီလို တို့ကိုလည်းကောင်း၊ ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် နောင်ချိုမြို့ ရပ်စောက်-နောင်ချိုသွားကားလမ်း တောင်ရပ်ကွက်အတွင်းတွင် ကျော်မိုးမြင့်



ဇော်ထက်အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

(ခ) ဖိုးသေးမောင်နှင့်ပြီး ဇော်မင်းဦး လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀ ကိုလည်းကောင်း။

**သိမ်းဆည်းရမိ**

ဇန်နဝါရီ ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် လမ်းမတော်မြို့နယ် အမှတ်(၁) ရပ်ကွက် အနော်ရထာလမ်းတွင် ရဲထွန်းဝင်း(ခ)သားသားမောင်နှင့်ပြီး တင်အောင်အေး(ခ)မယ်တင် လိုက်ပါလာသည့် Toyota Corolla Spacio ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ အိုက်စ် သုည ဒသမ ၀၃၃ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၊ ဘိန်းဖြူ သုည ဒသမ ၀၄ ကီလို သိမ်းဆည်းရမိခဲ့ပြီး မွန်းလွဲ ၂ နာရီခွဲတွင် ရဲထွန်းဝင်း (ခ) သားသား နေထိုင်သည့် တာမွေမြို့နယ် တာမွေကြီး (ခ) ရပ်ကွက် တောင်မြင်းပြိုင်ကွင်းလမ်း တိုက်အမှတ်(၂၈) ခြောက်လွှာ ယာဘက်တိုက်ခန်းကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၃၀၊ အိုက်စ် သုည ဒသမ ၁၄ ကီလိုကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

■

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၄-၁-၂၀၂၂ တနင်္လာနေ့

**MRTV HD**

- **၀၆:၀၀** မေတ္တသုတ်၊ ရတနသုတ်၊ ဓမ္မစကြာသုတ် အနန္တကယ်ကင်းပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၃၅** စွန့်ပစ်ပစ္စည်းမှသည် လက်မှုအနုပညာရပ်ဆီ
- **၀၉:၁၅** စိုက်ပျိုးရေးရာအဖြေရှာ
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၀:၃၀** ရာဇဝင်ထဲကသမိုင်းအနုပညာ
- **၁၁:၄၀** ဘဝနှင့်အနုပညာ
- **၁၃:၃၀** MRTV National News
- **၁၅:၀၀** သက်ကြီးအခြေခံစာတတ်မြောက်ရေး နည်းပြသင်တန်း
- **၁၆:၁၅** အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ
- **၁၇:၁၀** This Week's Special Interest
- **၁၇:၂၅** ကျန်းမာရေးအတွက်တိုင်းရင်းဆေးပညာ
- **၁၇:၃၅** ကမ္ဘာမြေကြီးသာယာဖို့ CF တောတွေတည်ထောင်စို့
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၅** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- **၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အတိတ်ဒါး:ဒါ:အချစ်ချိုချို'** (အပိုင်း-၁၀)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- **၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အဝေးဆုံးသောနေရာ'** (အပိုင်း-၂၄)
- **၂၂:၁၅** ရုပ်မြင်သံကြားဇာတ်လမ်း **'တို့ကျေးရွာရဲ့ချစ်မိတ်ဆွေ'**

သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

**mitv**

- **07:01** Mingalar Su Taung (Kyawt Kay Khaing)
- **07:08** Ecotourism: White City Block & Japanese Underground Hospital
- **07:23** Tray Art Products
- **07:34** Myanmar's Beauty and Nature "Beach"
- **08:01** Daytamotbarat Sasana Land
- **08:24** Myanmar Traditional Identity (EP-1) The Culture Of Pennant Pillar
- **08:38** Xylophones' Home
- **09:01** News
- **09:27** Global Partnership for Brighter Future: Belize Pavilion at Expo 2020 Dubai
- **09:35** Daingnak Style
- **09:48** Myanmar Masterclass: Artist Than Kywe
- **10:01** Porcelain and Glass

**MRTV NRC**

**ပအိုဝ်းကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ငုံးမွေးမြူရေး

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ပုသိမ်ထီးလုပ်ငန်း

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
အံ့ဩဖွယ်ရာပဒ့်ဂူမြေမှာ

**ချင်း (လိုင်စိုး) (၀၉:၀၀ မှ ၁၀:၀၀)**
တောင်ဇလပ်ရဲ့ရှိုးရာအလှ (အပိုင်း-၂)

**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
ပဲရင်းထောင်းနဲ့နွားနောက်သားခြောက်

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
မွန်စာပေသင်ကြရအောင် (အပိုင်း-၁)

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
အိပ်မက်ကကြိုးကခုန်သူ

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
ပင်လောင်းသို့ခရီးသွားခြင်း (အပိုင်း-၂)

**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
ဝါးကြက်သားမီးကင်ပြုလုပ်ခြင်း

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
မနောအကဆင်းသက်လာပုံ

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
မိုးသားတိမ်ထုအောက်က လှိုင်နန်းပတောင်အလှ

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊ အလံ
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'တာဝန်နှင့်လူ'**
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၇)
- **၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ) (အပိုင်း-၂)
- **၁၁:၃၀** အတွေးအမြင် (အပိုင်း-၇)

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/ Weekly Sports Info
- **၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ်နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊
Education Channel ကို စနေ၊ တနင်္ဂနွေမှအပ
နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှု ရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်ကကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှု ရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**

**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကိုဖြေကြားပေး”**

**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

# စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်၌ မီးငြိမ်းသတ်ပြီး ပြန်လာသည့် မီးသတ်ယာဉ်တစ်စီးကို PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက်သဖြင့် မီးသတ်တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိ

**နေပြည်တော် ဇန်နဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်၌ မီးငြိမ်းသတ်ပြီး ပြန်လာသည့် မီးသတ်ယာဉ်တစ်စီး PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက်သဖြင့် မီးငြိမ်းသတ်ယာဉ်၏ လေကာမှန်ကွဲကြေပျက်စီးကာ မီးသတ်တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၂ ရက် မွန်းလွဲ ၁၂ နာရီ ၅၅ မိနစ်တွင် ဘုတလင်မြို့နယ် ဇီးတောကျေးရွာ၏တောင်ဘက် ရွာစည်းရိုးအနီးတွင် စုပုံထားသည့် ပြောင်းရိုးပုံများကို အမျိုးသားတစ်ဦးက မီးရှို့ဖျက်ဆီးခဲ့သဖြင့် မီးလောင်မှုဖြစ်ပွားလျက်ရှိကြောင်း သတင်းအရ ဘုတလင်မြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များက ကျေးရွာနေပြည်သူများ၏ နေအိမ်များ မီးကူးစက်လောင်ကျွမ်းမှု မရှိစေရေးအတွက် အုပ်ချုပ်မှုယာဉ် တစ်စီး၊ မီးငြိမ်းသတ်ယာဉ် နှစ်စီးတို့ဖြင့် သွားရောက်ကာ မွန်းလွဲ ၁ နာရီတွင် စတင်၍ မီးငြိမ်းသတ်ခြင်းလုပ်ငန်းများအား ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၁ နာရီ ၃၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သဖြင့် မီးငြိမ်းသတ်ယာဉ် တစ်စီးနှင့် အုပ်ချုပ်မှုယာဉ် တစ်စီးတို့သည် မီးကြွင်းမီးကျန်များ မကျန်ရှိစေရေး စစ်ဆေးငြိမ်းသတ်ခြင်းလုပ်ငန်းများ ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး မီးသတ်ယာဉ် တစ်စီးနှင့် မီးသတ်တပ်ဖွဲ့ဝင် နှစ်ဦးတို့ကို အခြားကူညီကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှူးရုံးသို့ ပြန်လည်စေလွှတ် ထွက်ခွာစေခဲ့သည်။

ထိုသို့ထွက်ခွာလာစဉ် ဘုတလင်-မုံရွာကားလမ်းမကြီး မိုင်တိုင်အမှတ် ၉၈ မိုင် ၇ ဖာလုံနှင့် ၉၉ မိုင်အကြား ရုံးတောကျေးရွာလမ်းခွဲအရောက်၌ အဆိုပါမီးသတ်ယာဉ်အား PDF အမည်ခံ အကြမ်းဖက်သမားများက လမ်း၏ယာဘက်မှ လက်လုပ်မိုင်းတစ်လုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် မီးငြိမ်းသတ်ယာဉ်၏ ရှေ့လေကာမှန် ကွဲအက်ပျက်စီးကာ မီးသတ်တပ်ဖွဲ့ဝင်တစ်ဦး၏ နှာခေါင်းနှင့် ယာလက်ခုံတို့တွင် မိုင်းစထိမှန်ဒဏ်ရာအချို့ရရှိခဲ့သဖြင့် ဘုတလင်မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူခဲ့ရသည်။

ထိုကဲ့သို့ အများပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များအား ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိသည့် မီးသတ်တပ်ဖွဲ့ဝင်များကို မိုင်းဆွဲတိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**





ကယားပြည်နယ်အတွင်း နယ်မြေတည်ငြိမ်အေးချမ်းမှုများ ပြန်လည်ရရှိလာသဖြင့် ဈေးများ ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ် ရောင်းဝယ်ဖောက်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

**■ ကယားပြည်နယ်မှ**

အဆိုပါဒေသတစ်ဝိုက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၂၂ ရက်မှစ၍ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး နယ်မြေတည်ငြိမ်အေးချမ်းမှုများ ပြန်လည်ရရှိလာသဖြင့် ဈေးများ ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်၍ အေးချမ်းတည်ငြိမ်စွာ ရောင်းဝယ်ဖောက်ကားလျက်ရှိသည့်အပြင် ဘုရားစေတီများနှင့် အခြားဘာသာရေးကျောင်းများ၌လည်း ဘုရားဖူး ဝတ်ပြုဆုတောင်းသူများနှင့် ပုံမှန်အတိုင်း သွားလာလှုပ်ရှားလျက်ရှိသည်။

**ပြန်လည်ဝင်ရောက်လာ**

ထို့အပြင် တိုက်ပွဲရှောင်ပြည်သူများ ပြန်လည်နေထိုင်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ရာ အဆိုပါ ထွက်ပြေးတိမ်းရှောင်နေသူများအနက်မှ ဇန်နဝါရီ ၂၂ ရက်နှင့် ယနေ့တွင် လွိုင်ကော်မြို့ပေါ်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ တိုက်ပွဲရှောင်ပြည်သူ ၃၁၄ ဦးတို့သည် ၎င်းတို့ နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လာခဲ့ရာ သက်ဆိုင်ရာတာဝန်ရှိသူများက စနစ်တကျလက်ခံခဲ့ပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း၍ ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

○

## ငါးလုပ်ငန်းသင်တန်းကျောင်း(သထုံ)တွင် ငါးဆေးထိုးသားဖောက်ခြင်းနှင့် ရေချိုငါးများမွေးမြူရေးသင်တန်းဖွင့်လှစ်

**သထုံ ဇန်နဝါရီ ၂၃**

မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနကကြီးမှူး၍ ငါးလုပ်ငန်းသင်တန်းကျောင်း (သထုံ)တွင် ငါးဆေးထိုးသားဖောက်ခြင်းနှင့် ရေချိုငါးများမွေးမြူရေးသင်တန်းအမှတ်စဉ်(၂/၂၀၂၂)ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၈ ရက်က ကျင်းပခဲ့ရာ မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူး ဦးထွန်းထွန်းဝင်းက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူးများ၊ မြို့နယ်ဦးစီးဌာနမှူးများ၊ မြို့နယ်တာဝန်ခံ၊ စခန်းတာဝန်ခံနှင့် ဝန်ထမ်းများ၊ မွန်ပြည်နယ်အတွင်းရှိ ငါးမွေးတောင်သူ သင်တန်းသား ၂၅ ဦး တက်ရောက်ခဲ့သည်။ သင်တန်းကို ဇန်နဝါရီ ၁၈ ရက်မှ ၂၀ ရက်အထိ သုံးရက်တာ ငါးဆေးထိုးသားဖောက်ခြင်းနှင့် ရေချိုငါးများမွေးမြူရေးနည်းပညာများအား စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဥပဒေအရ ထုတ်ပြန်ထားသည့် မီဒီယာဥပဒေနှင့် သတင်းသမားများ လိုက်နာရမည့် ကျင့်ဝတ်များကို လိုက်နာရန်လိုအပ်

**ရန်ကုန် ဇန်နဝါရီ ၂၃**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကြီးမှူးကျင်းပသည့် မြို့တော်အသံလွှင့်ဌာန (City FM) ကြေးရတုနှစ်ပတ်လည်နေ့ အခမ်းအနားကို ဗိုလ်တထောင်မြို့နယ်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ၁၂ ထပ်ခွဲရုံး၌ ယမန်နေ့ ညနေ ၅ နာရီက ကျင်းပသည်။

**သတင်းမှန်ဖြစ်ရန်လို**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှစိုးက City FM Radio သည် စတင်တည်ထောင်ချိန်မှစ၍ ယနေ့အထိ ရန်ကုန်မြို့တော်နေပြည်သူများ၏ လိုအပ်ချက်များကို မီဒီယာကဏ္ဍမှ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မီဒီယာ၏အခန်းကဏ္ဍသည် သတင်းမှန်ဖြစ်ရန်လိုပြီး ဥပဒေအရ ထုတ်ပြန်ထားသည့် မီဒီယာဥပဒေနှင့် သတင်းသမားများ လိုက်နာရမည့် ကျင့်ဝတ်များကို လိုက်နာကြရန် လိုအပ်ကြောင်း၊ သို့မှသာမီဒီယာသည် နိုင်ငံ၏ စတုတ္ထမဏ္ဍိုင်အဖြစ် ရပ်တည်နိုင်မည်ဖြစ်ကြောင်း၊ City FM Radio သည် ပြန်ကြားပေးခြင်း၊ ပညာပေးခြင်း၊ ဖျော်ဖြေပေးခြင်း စသည့်မီဒီယာတာဝန်များကို ထမ်းဆောင်ရာတွင်လည်း တိုင်းပြည်နှင့် လူမျိုးကို အကျိုးပြုသည့် အစီအစဉ်ကောင်းများကို ဖန်တီးထုတ်လွှင့်နိုင်ရန် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း ရန်ကုန်မြို့နေ ပြည်သူများအတွက် ဆက်လက်၍ တာဝန်ကျေပွန်စွာ ထမ်းဆောင်သွားကြရင်း နိုင်ငံတော်အကျိုး၊ ပြည်သူအကျိုးအတွက် အားကိုးအားထားပြုရမည့် မီဒီယာကောင်းတစ်ခု ဖြစ်ပါစေကြောင်း ပြောကြားသည်။

ထို့နောက် City FM Radio တွင် တာဝန်ထမ်းဆောင်ခဲ့သူများနှင့် လက်ရှိတာဝန်ထမ်းဆောင်နေသူများအား ဒုတိယမြို့တော်ဝန် ဦးညီညီနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးညွန့်ဖေတို့ က အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။ **ဆန်းကျော်ဦး (ပြန်/ဆက်)**






# မြန်မာ့စီးပွားရေးဘဏ်(ထားဝယ်ခရိုင်ဘဏ်ခွဲ) အဆောက်အအုံသစ်ဖွင့်

**ထားဝယ် ဇန်နဝါရီ ၂၃**

တနင်္သာရီတိုင်း ဒေသကြီး ထားဝယ်မြို့ အာဇာနည်လမ်း အစိုးရအဖွဲ့ရုံးအနီးရှိ (ယခင်) မြန်မာ့စီးပွားရေးဘဏ် (ထားဝယ်ခရိုင်ဘဏ်ခွဲ) နေရာတွင် အဆောက်အအုံသစ် ဖွင့်ပွဲကို ယမန်နေ့နံနက် ၉ နာရီက ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သိန်းလင်းနှင့် မြန်မာ့စီးပွားရေးဘဏ် တိုင်းဒေသကြီးမန်နေဂျာ ဒေါ်ရီရီခိုင်တို့က မြန်မာ့စီးပွားရေးဘဏ် (ထားဝယ်ဘဏ်ခွဲ) အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက အဆောက်အအုံသစ် ဆိုင်းဘုတ်အား အမွှေးနံ့သာရည် ပက်ဖျန်းပေးပြီး အဆောက်အအုံကို လှည့်လည်ကြည့်ရှု အားပေးသည်။

အဆိုပါ ထားဝယ်ခရိုင် ဘဏ်ခွဲ အဆောက်အအုံသစ်သည်(၃၅ ပေ x ၇၀ ပေ) RC နှစ်ထပ်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ဟသ်ာတမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှု ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ကြည့်ရှုအားပေး

**ဟသ်ာတ ဇန်နဝါရီ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အဖွဲ့သည် ဟသ်ာတမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ် ထိန်းချုပ်နိုင်ရေးနှင့် ရောဂါပိုးကူးစက်ပြန့်ပွားမှု လျော့နည်းစေရန် ကာကွယ်ဆေးထိုးနှံပေးနေမှုများကို ယနေ့နံနက် ၉ နာရီက ဟသ်ာတမြို့ တာကလေးရပ်ကွက် ဦးအောင်မြတ်ကျော်ဘုရားဝင်းပြည်လုံးချမ်းသာခန်းမသို့ လာရောက်ကြည့်ရှုအားပေးခဲ့သည်။

**ကြည့်ရှုအားပေး**

တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြို့နယ်အတွင်း ကိုဗစ်-၁၉ကာကွယ်ဆေးထိုးနှံခြင်းကို အသက် ၁၈ နှစ်နှင့် အထက်နှင့် သက်ကြီးရွယ်အိုများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စျေးသူစျေးသားများ၊ ဟိုတယ်တည်းခိုခန်းဝန်ထမ်းများ၊ စက်ရုံအလုပ်ရုံဝန်ထမ်းများ၊ အလုပ်သမားအဖွဲ့များ၊ အကျဉ်းသားများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော သတ်မှတ်ဦးတည်အုပ်စုများအလိုက် နေ့စဉ်ဆက်လက် ထိုးနှံပေးလျက်ရှိကြောင်း၊ ပြည်သူများကလည်း မိမိတို့ကျန်းမာရေးအတွက် အထူးဂရုပြု၍ လာရောက်ထိုးနှံကြစေလိုကြောင်း၊ ယခုအခါ ကိုဗစ်မျိုးကွဲသစ် အိုမီခရွန်ပိုးသည် မိမိတို့နိုင်ငံအတွင်း ကူးစက်မှုများ ရှိလာနေပြီဖြစ်၍ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များအတိုင်း ပြည်သူများအနေဖြင့် လိုက်နာနေထိုင်ကြရန် လိုအပ်ကြောင်း ပြောကြားကာ ကာကွယ်ဆေးထိုးနှံပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ဟသ်ာတမြို့နယ်တွင် ကာကွယ်ဆေး မထိုးနှံရသေးသည့် အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**ကိုဇော်(ဟသ်ာတ)**



# ပူတာအိုဒေသအတွင်း စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးနှင့် ရဝမ်ရိုးရာယဉ်ကျေးမှုပြတိုက် ဖွင့်လှစ်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**ပူတာအို ဇန်နဝါရီ ၂၃**

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၂၂ ရက်တွင် ပူတာအိုခရိုင်အတွင်း စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဒေသတွင်း စားနပ်ရိက္ခာဖူလုံစေရေးတို့အတွက် ကွင်းဆင်းဆောင်ရွက်သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ မြို့နယ်အတွင်းရှိ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ပန်းလှိုင်ရပ်ကွက်အတွင်း ဒေသတွင်းဟင်းသီးဟင်းရွက် စိုက်ပျိုးရောင်းချနေသူများနှင့် သွားရောက်တွေ့ဆုံအားပေးကြသည်။

ထို့နောက် မြို့မရပ်ကွက်အတွင်းရှိ ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် သန့်ရှင်းသာယာလှပရေးနှင့် လမ်းဘေးဝဲ/ယာအလှပန်းပင်များ အရိပ်ရပင်များ စနစ်တကျစိုက်ပျိုးနိုင်ရေး ကြည့်ရှုစစ်ဆေးသည်။

**ရဝမ်ရိုးရာယဉ်ကျေးမှုပြတိုက်**

ယင်းနောက် မွန်းလွဲပိုင်းတွင် ပူတာအိုမြို့ ဒုတ္တန်ရပ်ကွက်ရှိ ရဝမ်ရိုးရာယဉ်ကျေးမှု ကွင်းအတွင်း တည်ဆောက်ပြီးစီးခဲ့သော ရဝမ်ရိုးရာယဉ်ကျေးမှုပြတိုက်သို့ သွားရောက်ကာ ယဉ်ကျေးမှုပြတိုက်အတွင်း ရှေးရဝမ်တိုင်းရင်းသားတို့၏ အသုံးအဆောင်ပစ္စည်းများ၊ အိုးခွက်ပန်းကန်များ၊ ရိုးရာတူရိယာများ၊ လက်နက်ကိရိယာများ ပြင်ဆင်ခင်းကျင်းဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဆက်လက်၍ ရဝမ်ရိုးရာယဉ်ကျေးမှုကွင်းအတွင်း လမ်းခင်းကျင်းဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဖုန်ကန်ရာဇီခန်းမ ပြုပြင်ဆောင်ရွက်ရန်ကိစ္စရပ်များနှင့် ရဝမ်မနောတိုင်များ ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

**ပူတာအိုလေဆိပ်**

ထို့မှတစ်ဆင့် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း ပူတာအိုမြို့တွင်း လမ်းပိုင်း ၁ ဒသမ ၃ ကီလိုမီတာအား ၂၄ ပေအကျယ် AC ကတ္တရာလမ်းခင်းကျင်းဆောင်ရွက်နိုင်ရေး လမ်းသားတိုးချဲ့ဆောင်ရွက်နေမှုအခြေအနေများနှင့် ပူတာအိုလေဆိပ်ဝင်းအတွင်း သန့်ရှင်းသာယာလှပရေးနှင့် လေဆိပ်လုံခြုံရေး အိမ်ရာပြုပြင်ဆောင်ရွက်ပေးနိုင်ရေး၊ မြို့တွင်း ကောင်ကထောင်ရပ်ကွက်ရှိ ဗျူဟာလမ်း ၁ ဒသမ ၃ ကီလိုမီတာနှင့် အနော်ရထာလမ်း အောက်ချိုင့်လမ်းဆုံနေရာမှ မြို့တော်ခန်းမအထိ ၂၄ ပေ အကျယ် AC ကတ္တရာခင်းကျင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် ပူတာအိုမြို့ စုပေါင်းရုံးဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများ၏ နာသုံးနာ လက်ကိုင်ထား၍ ကျောင်းသား၊ ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

နေပြည်တော် ဇန်နဝါရီ ၂၃

မြန်မာနိုင်ငံ၌ ဆရာ၊ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ်သဘောထား၍ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **“အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့”** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီကောင်းစားရေးကိုသာ ရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG ၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန်ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ၊ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံး ထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟိရီ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက်ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ၊ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့်ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ် လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေး ရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ၊ ဆရာမများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာတတ်မြောက်ရေး၊ ပညာရည်မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ၊ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## အများပြည်သူ အလုပ်ပိတ်ရက်များတွင် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်အား ပြည်သူများလာရောက်ဖူးမြော်



ကျိုက်ထို ဇန်နဝါရီ ၂၃

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ တည်ရှိသော ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်အား အလုပ်ပိတ်ရက်များတွင် ဘုရားလာရောက် ဖူးမြော်ကြသည့် ပြည်သူများ အေးချမ်းစွာဖြင့် ဘုရားဖူးလျက်ရှိကြောင်း တွေ့ရသည်။

ကျိုက်ထိုမြို့၏ အထင်ကရဘုရားတစ်ဆူဖြစ်သည့် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်တွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ၊ ရပ်နီးရပ်ဝေးမှ ဘုရားဖူးလာ ပြည်သူများက တောင်တက်ကား၊ ကေဘယ်လ်များဖြင့် တောင်တော်ပေါ်သို့ အေးချမ်းစွာ တက်ရောက်လာကြပြီး ဆံတော်ရှင်စေတီတော်မြတ်ကြီးတွင် ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီး၊ နံ့သာတိုင်များ ထွန်းညှိပူဇော်ကာ အေးချမ်းစွာ ဘုရားဖူးလျက်ရှိကြသည်။

### ဖူးမြော်ကြည်ညို

အဆိုပါ ဘုရားဖူးလာပြည်သူများအား ကျန်းမာရေးဝန်ကြီးဌာနမှထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ညွှန်ကြားချက်များနှင့်အညီ ဖူးမြော်ကြည်ညိုနိုင်ရေး ဘုရားဂေါပကအဖွဲ့များက နှိုးဆော်အသိပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သန်းသန်းမော်(ကျိုက်ထို)**

## မြိတ်ကျွန်းစုကို ခရီးသွားဒေသကြီး ငါးခုမြောက်အဖြစ် ဆောင်ရွက်ပေးရန်လိုအပ်လျက်ရှိ

မြိတ် ဇန်နဝါရီ ၂၃



တနင်္သာရီ တိုင်းဒေသကြီးအတွင်း တည်ရှိလျက်ရှိသော မြိတ်-ကျွန်းစု ခရီးသွားလုပ်ငန်းသည် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များမှ ကျွန်းကိုအခြေခံပြီး အဓိကလည်ပတ်ကြသည့် ကျွန်း အပန်းဖြေခရီးစဉ်များဖြစ်သည့်အတွက် မြိတ်ကျွန်းစုကို မြန်မာနိုင်ငံ၏ ငါးခုမြောက် ခရီးသွားဒေသကြီးအဖြစ် ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

လက်ရှိ မြန်မာနိုင်ငံတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပုဂံယဉ်ကျေးမှုနယ်မြေဒေသနှင့် တောင်ကြီးအခြေပြု ခရီးသွားဒေသသည် ကုန်းတွင်းခရီးသွား ဒေသကြီးများဖြစ်သည်ကို တွေ့ရသည်။ တနင်္သာရီ တိုင်းဒေသကြီးတွင် တည်ရှိသော မြိတ်ကျွန်းစု ခရီးသွားလုပ်ငန်းမှာ မြန်မာနိုင်ငံ၏ အဏ္ဏဝါအခြေပြု တစ်ခုတည်းသော ခရီးသွားလုပ်ငန်းဖြစ်သည်ကို တွေ့ရသည်။

“မြိတ်ကျွန်းစု ဒေသအတွင်း ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုး လာစေရေးအတွက် ပို့ဆောင်ရေးကဏ္ဍများ ပုံမှန်ပြန်လည်ပတ်နိုင်ရန် လိုအပ်နေပါတယ်။ ခရီးသွားလုပ်ငန်းစတင်ဖို့ အဓိက လိုအပ်ချက်ကတော့ ထားဝယ်မြို့နဲ့ မြိတ်မြို့ဘက်ကို လေကြောင်းလိုင်းတွေ၊ မော်တော်ယာဉ်လိုင်းတွေ ပုံမှန်ပြေးဆွဲပေးဖို့ လိုပါတယ်။ ဒါမှ ခရီးသွားလုပ်ငန်းတွေ ဖွံ့ဖြိုးလာမှာဖြစ်ပါတယ်။ မြိတ်ကျွန်းစု ခရီးသွားလုပ်ငန်းရဲ့ လက်ရှိအခြေအနေက ချာတာပြေးဆွဲတာမျိုး(လှေအစင်းလိုက်ငှားရမ်းကာ သွားလာခြင်း)၊ ဒေသတွင်းက မိသားစုအလိုက်ဖြစ်စေ၊ သူငယ်ချင်း အပေါင်းအသင်းများ စုပြီးတော့ဖြစ်စေ သွားလာတာမျိုးပဲ လုပ်နိုင်ပါသေးတယ်” ဟု မြိတ်ခရိုင်ခရီးသွားလုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌ ဒေါက်တာသိန်းဆွေမြင့်က ပြောကြားသည်။

မြိတ်ကျွန်းစုတွင် ရေပေါ်ရေအောက် ရှုခင်းများ၊ လှပသော သဲသောင်ပြင်များ ပါဝင်သည့် ကျွန်းများ၊ ဆလုံလူမျိုးများ၊ ဒေသခံကရင်လူမျိုးများ၊ မြန်မာလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့် လူမှုဘဝ နေထိုင်မှုပုံစံများကို ပြည်တွင်း၊ ပြည်ပနှင့် ဒေသတွင်းမှ ခရီးသွားဧည့်သည်များအနေဖြင့် လေ့လာနိုင်မည့်အပြင် အဆိုပါ ကျွန်းပေါ်တွင် စက်ဘီးစီးခြင်း၊ ရေကူးခြင်းများအပြင် ဒေသသုံးလှေငယ်များဖြင့် သဘာဝအလျောက် ပေါက်ရောက်နေသည့် ဒီရေတောများကို လေ့လာခြင်း၊ ငါးမျှားခြင်း၊ ငါးဖမ်းလှေများနှင့်လိုက်ပါ၍ ငါးဖမ်းခြင်းလုပ်ငန်းများကိုလည်း လေ့လာလည်ပတ်နိုင်မည့် ခရီးသွားဒေသတစ်ခုဖြစ်သောကြောင့် မြိတ်ကျွန်းစုဒေသကို မြန်မာနိုင်ငံ၏ ခရီးသွား ဒေသကြီးငါးခုမြောက်အဖြစ် ထည့်သွင်းပေးရန် လိုအပ်လျက်ရှိသည်။

### အဏ္ဏဝါအခြေပြုခရီးသွား

"ကမ္ဘာ့ခရီးသွားများ၏ ၆၀ ရာခိုင်နှုန်းက အဏ္ဏဝါအခြေပြုခရီးသွားဒေသများကို သွားရောက်လည်ပတ်လျက်ရှိတာကို တွေ့ရတယ်။ ကမ္ဘာလှည့်ခရီးသွားအများစုက မြိတ်ကျွန်းစုဒေသကို လာရောက်လည်ပတ်ဖို့ စိတ်ဝင်စားမှုရှိတာကို တွေ့ရပါတယ်။ မြိတ်ကျွန်းစုမှာရှိတဲ့ အဏ္ဏဝါရှုခင်းတွေက အရှေ့တောင်အာရှ ၁၀ နိုင်ငံမှာထက်အများကြီးသာလွန်နေတာကို တွေ့ရပါတယ်။ ကျွန်တော်တို့က ဒီမှာဘာလုပ်ရမလဲဆိုတော့ ရေအောက် Coral တွေကို မပျက်စီးအောင်ထိန်းသိမ်းဖို့လိုပါမယ်။ CBT (ဒေသခံအခြေပြုခရီးသွားလုပ်ငန်း) ဖွံ့ဖြိုးအောင် ဆောင်ရွက်ရပါမယ်။ ကျွန်းတွေမှာ Activity တွေဆောင်ရွက်ထားဖို့လိုပါတယ်။ တနင်္သာရီတိုင်းဒေသကြီးရဲ့ အဏ္ဏဝါခရီးသွားလုပ်ငန်း အောင်မြင်လာတာနဲ့အမျှ ခရီးသွားလုပ်ငန်းနဲ့ ဆက်စပ်နေတဲ့ နယ်ပယ်တွေအကုန်လုံး အကျိုးအမြတ်ရှိတဲ့ လုပ်ငန်းဖြစ်တဲ့အတွက် လူတန်းစားအလွှာအသီးသီး အကုန်လုံးအကျိုးအမြတ် ရရှိမှာဖြစ်ပါတယ်” ဟု တနင်္သာရီတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကျွန်းပေါင်း ၈၀၀ ကျော်တည်ရှိသော မြိတ်ကျွန်းစုဒေသတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားအများစု စိတ်ဝင်တစားပိုမိုလည်ပတ်လျက်ရှိသော ကျွန်းများမှာ လေးကျွန်း၊ ဘေလီကျွန်း၊ ကြယ်လိပ်ကျွန်း၊ ဒုံညောင်မှိုင်း၊ စမတ်ကျွန်း၊ ပဒန်ကျွန်းနှင့် ဒုံရေတံခွန်တို့ဖြစ်ကြောင်း သိရသည်။

မြိတ်ခရိုင်တွင် ပြည်တွင်း၊ ပြည်ပ ခရီးသွားများ အဆင်ပြေစေရန်အတွက် ခရီးသွားလုပ်ငန်းဝန်ဆောင်မှုပေးနေသည့်ကုမ္ပဏီ ၄၀ ခန့်ရှိကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင် အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု (CDM)လှုပ်ရှားမှုတွင် ငွေကြေးအရ ဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်**

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## မုံရွာမြို့ပေါ်ရပ်ကွက်များတွင် နိုင်လွန်ကတ္တရာလမ်းနှင့် ကတ္တရာလမ်းများ ခင်းကျင်းနေမှု ကြည့်ရှုစစ်ဆေး



**မုံရွာ ဇန်နဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများသည် ဇန်နဝါရီ ၂၂ ရက် နံနက်ပိုင်းတွင် မုံရွာမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၂၁-၂၀၂၂ ခုနှစ် မီနီဘတ်ဂျက်ဖြင့် ဆောင်ရွက်လျက်ရှိသော မုံရွာမြို့ မြို့သစ်ရပ်ကွက်ရှိ စွယ်တော်လမ်း၊ အရှည်ပေ ၂၅၀၀ အကျယ် ၁၈ ပေ အား နိုင်လွန်ကတ္တရာ သုံးလက်မခွဲဒု ခင်းကျင်းနေမှုကိုလည်းကောင်း၊ မြို့သစ်ရပ်ကွက် စိန်ပန်းပြာလမ်း အရှည်ပေ ၂၅၅၀ နှင့် စိန်ပန်းဝါလမ်း အရှည်ပေ ၂၆၀၀ တို့အား နိုင်လွန်ကတ္တရာလမ်း ခင်းကျင်းပြီးစီးမှုကိုလည်းကောင်း၊ အိုးဘိုတောင်ရပ်ကွက်ရှိ စိန်ပန်းနီလမ်း အရှည် ပေ ၉၇၀ အား အကျယ် ၁၈ ပေ ကတ္တရာ လမ်းခင်းကျင်းနေမှု၊ ရပ်ကွက်များအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် လမ်းဘေး ဝဲ/ယာရှိ ရေနုတ်မြောင်းများ ရှင်းလင်းနေမှု၊ ရေနုတ်မြောင်းများ တူးဖော်ပေးနေမှုနှင့် ထင်းရှူးလမ်း အရှည်ပေ ၉၇၀ အား ကတ္တရာလမ်းခင်းရန် လမ်းပြင်ဆင်နေမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကာ လမ်းများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

■

## ဝိုင်းမော်မြို့နယ် သမဝါယမအသင်းစု စပါးဝယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်

**ဝိုင်းမော် ဇန်နဝါရီ ၂၃**

ကျေးလက်နေတောင်သူများ၏ စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်နှင့် မိုးစပါးများရောင်းချရာတွင် အခက်အခဲမရှိစေဘဲ သင့်တင့်မျှတသည့် ဈေးနှုန်းများ ရရှိစေရန်အတွက် သမဝါယမကဏ္ဍက ဆောင်ရွက်လျက်ရှိရာ ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် သမဝါယမအသင်းစုက ဒုတိယအကြိမ်အဖြစ် ဆင်းကေရီ(၃) စပါးတင်း ၂၀၀ ကို ထပ်မံဝယ်ယူထားပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဇန်နဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မိုး/ဇလ**

## မင်္ဂလာဒုံမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

**မင်္ဂလာဒုံ ဇန်နဝါရီ ၂၃**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် ရွာမရပ်ကွက်ရှိ ရပ်ကွက်နေပြည်သူများအား ပန်းခင်းစီမံချက်ဖြင့် ကွင်းဆင်းပြုလုပ်ဆောင်ရွက်ပေးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၂ ရက် နံနက် ၉ နာရီတွင် အဆိုပါရပ်ကွက်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ရေးဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မင်္ဂလာဒုံမြို့နယ်ဦးစီးမှူး ဦးမြင့်သူအောင်က နိုင်ငံသားစိစစ်ရေး ကတ်ပြားနှင့် အိမ်ထောင်စု လူဦးရေစာရင်းများကို ပန်းခင်းစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန်နှင့် ဥပဒေနှင့် ညီညွတ်ပါက အမြန်ဆုံးဆောင်ရွက်လျက်ရှိကြောင်း ပန်းခင်းစီမံချက် သိကောင်းစရာများကို ပြည်သူများအား ရှင်းလင်းပြောကြားသည်။




ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၁ ကတ်နှင့် အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၇ ကတ် စုစုပေါင်း ၄၈ ကတ်တို့ကို ထောက်ကြန့် ရွာမရပ်ကွက်မှ ရပ်ကွက်နေပြည်သူများထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

# TikTok၊ ဗီဒီယိုဂိမ်း လွန်ကဲစွာသုံးစွဲမှုနှင့် ကျန်းမာရေးပြဿနာ

**မေယု-မျိုးအောင် (MANA)**

အိုင်တီလုံခြုံရေးကုမ္ပဏီဖြစ်သော Coludflare ၏ လေ့လာမှုစစ်တမ်းအရ TikTok အသုံးပြုသူအရေအတွက်သည် ဖေဖော်ဝါရီ၊ မတ်နှင့် ဇွန်လများတွင် Google သုံးစွဲသူအရေအတွက်ထက် ကျော်လွန်ခဲ့ပြီး ဩဂုတ်လမှစ၍ အသုံးပြုသူအများဆုံး နံပါတ်တစ် အက်ပလီကေးရှင်းအဖြစ် ရပ်တည်နေကြောင်း ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့ထုတ် GLobal Times သတင်းစာ၏ ဝက်ဘ်ဆိုက်စာမျက်နှာတွင် ဖော်ပြထားသည်။ တရုတ်ကုမ္ပဏီ Bytedance က ပိုင်ဆိုင်သည့် TikTok ကို ယခုနှစ် ဇူလိုင်လအတွင်း ဒေါင်းလုတ်ဆွဲသူအရေအတွက် သုံးဘီလီယံကျော် အထိရှိခဲ့သည်။ ကမ္ဘာတစ်ဝန်းအသုံးပြုသူ တစ်ဘီလီယံကျော်ရှိနေပြီး သုံးစွဲသူများ ဆက်လက်တိုးပွားဖွယ်ရှိကြောင်းဆိုထားသည်။




**ဆိုရှယ်မီဒီယာဗီဒီယို Software တစ်ခု**

TikTok သည် ဗီဒီယိုအတိုများကို ဖန်တီးမျှဝေနိုင်သည့် ဆိုရှယ်မီဒီယာဗီဒီယို Software တစ်ခုဖြစ်သည်။ ၎င်း Software ကို ၂၀၁၇ ခုနှစ်တွင် တရုတ်နိုင်ငံ ပြင်ပဈေးကွက်သို့ စတင်ဖြန့်ဝေခဲ့ရာမှ ကမ္ဘာတစ်ဝန်းရှိ လူငယ်အများစု ကြိုက်နှစ်သက်သည့် အက်ပလီကေးရှင်းတစ်ခုအဖြစ် ရပ်တည်ခဲ့ပြီး ၎င်း၏နောက်တွင် TikTok၊ Amazon၊ Apple၊ Facebook၊ Microsoft၊ Netfilx တို့က ထိပ်ဆုံး ၁၀ နေရာ၌ ရပ်တည်ခဲ့သည်။ ယခုအခါ TikTok သည် သုံးစွဲသူအများဆုံး အက်တစ်ခုဖြစ်လာသည်။ လူငယ်ထုအတွင်း TikTok အပေါ် စွဲလမ်းမှုများပြားလာသည့်နှင့်အမျှ အခြားတစ်ဖက်တွင် ဆိုးကျိုးများရှိလာမည်ကို စိုးရိမ်ပူပန်မှုများရှိလာသည်။ ဆယ်ကျော်သက်များအကြား ထင်ပေါ်ကျော်ကြားလာသော်လည်း မိဘများအတွက် စိတ်ပျက်ဖွယ်၊ စိုးရိမ်ဖွယ်ကိစ္စများဖြစ်လာသည်။ TikTok ကို လူမျိုးရေးအရ စော်ကားမှု၊ လိင်ပိုင်းဆိုင်ရာအနိုင်ကျင့်မှု၊ အသက်မပြည့်သေးသည့် ကလေးသူငယ်များ ကာမရာဂစိတ်ဖြစ်သည့် ရုပ်ပုံများဖြင့် ဖန်တီးလုပ်ဆောင်လာမှု၊ အမျိုးသား လုံခြုံရေးအတွက် အန္တရာယ်ရှိနိုင်ကြောင်းဝေဖန်မှု၊ ကန့်ကွက်မှုများရှိလာသည်။

ဖုန်းမှတစ်ဆင့် ဆိုရှယ်မီဒီယာ၏ သားကောင်ဖြစ်မှန်းမသိဖြစ်ခဲ့ကြရသည့် ဇာတ်လမ်းများမှာ မရေမတွက်နိုင်အောင်ပင်ဖြစ်နေသည်။ နည်းပညာကို ခုတုံးလုပ်၍ အနိုင်ကျင့်ခြင်း၊ ကိုယ်ပိုင်သတင်းအချက်အလက်နှင့် ကိုယ်ရေးကိုယ်တာကိစ္စများကိုရယူ၍ ကူးယူဖော်ပြခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ တစ်စုံတစ်ဦး၏ ဂုဏ်သိက္ခာကို ကျဆင်းစေမည့် မဟုတ်မမှန်သတင်းများကို ဖန်တီးဖြန့်ဝေခြင်း၊ မိမိ၏အမည်၊ ဓာတ်ပုံဖြင့်အကောင့်အတုဖွင့်၍ ရာဇဝတ်မှုကျူးလွန်ခြင်းများသည် ဆိုရှယ်မီဒီယာအပေါ်တွင် သားကောင်ဖြစ်ရခြင်း၏ အခြေခံအချက်များဖြစ်နေသည်။

နိုင်ငံအချို့တွင် TikTok အက်ကို ပိတ်ပင်မှုများ၊ တားမြစ်မှုများ၊ TikTok ပေါ်မှ အမုန်းတရားများ၊ အကြမ်းဖက်မှုများ၊ သတင်းမှားများနှင့် သက်ဆိုင်သည့် ဗီဒီယိုဖိုင်များကို ဖျက်သိမ်းပေးရန် တောင်းဆိုမှုများရှိလာခဲ့သည်။ TikTok သည် အသေးစားလုံခြုံရေး၊ အဖော်အချွတ်နှင့် လိင်ပိုင်းဆိုင်ရာ အပြုအမူတို့နှင့်ပတ်သက်သော လုပ်ဆောင်မှုများကို အလိုအလျောက်ဖယ်ရှားပေးသည့်နည်းပညာကို စတင်အသုံးပြုခဲ့သည်။ နိုင်ငံအသီးသီးရှိ ၎င်းတို့၏ ဘေးကင်းရေးမူဝါဒများနှင့် ဆန့်ကျင်သည့် အကောင့်များ၊ ဗီဒီယိုဖိုင်များကို ဖယ်ရှားခဲ့သည်။ မြန်မာနိုင်ငံသည်ပင်လျှင် ၂၀၂၁ ခုနှစ် ပထမနှစ်ဝက်အတွင်း လမ်းညွှန်ချက်ချိုးဖောက်သည့်အကောင့်ပေါင်း ၉၀၀၀၀ ကျော်နှင့် ဗီဒီယို ၉၀၀၀၀၀ နီးပါးကို မကြာသေးမီက ဖယ်ရှားခံခဲ့ရသည်။ နည်းပညာများ အံ့မခန်းတိုးတက်မှုနှင့်အတူ လက်ကိုင်ဖုန်းအသုံးပြုလာခြင်းသည် ခေတ်၏လိုအပ်ချက်အရဖြစ်သော်လည်း ကောင်းကျိုးရှိသကဲ့သို့ ဆိုးကျိုးများလည်း ယှဉ်တွဲပါလာမည်ဖြစ်သည်။ ဖုန်းအတွင်း ဂိမ်းဆော့ခြင်း၊ သီချင်းနားထောင်ခြင်း၊ ဆိုရှယ်မီဒီယာအသုံးပြုခြင်း စသည်ဖြင့် အက်ပလီကေးရှင်းအမျိုးမျိုး အသုံးပြုလာကြသည်မှာ ရည်ရွယ်ချက်ကောင်းဖြင့် အသုံးပြုနေသူများရှိသကဲ့သို့ မသမာသောစိတ်ထားဖြင့် အသုံးပြုနေသူများလည်းရှိနေသည်။ TikTok နှင့် ဗီဒီယိုဂိမ်းသည် ဆယ်ကျော်သက်များအတွက် စိတ်၏အပန်းဖြေစရာ၊ ပျော်ရွှင်စရာဖြစ်သော်လည်း ဆိုရှယ်မီဒီယာ၏ သားကောင်အဖြစ်မခံရစေရေးအတွက် အထူးသတိပြုဆင်ခြင်သုံးစွဲရန် လိုအပ်သည်။

**ဗီဒီယိုဂိမ်းထုတ်လုပ်သည့်လုပ်ငန်းများ**

ဗီဒီယိုဂိမ်းကို အလွန်အကျွံကစားကြခြင်းကြောင့် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးတို့ ထိခိုက်ဆုံးရှုံးမှုများရှိလာသည်။ ကမ္ဘာပေါ်တွင် ဗီဒီယိုဂိမ်းထုတ်လုပ်သည့်လုပ်ငန်းများမှာ တစ်နေ့ထက်တစ်နေ့ တိုးတက်ကြီးထွားနေပြီး ဂိမ်းအမျိုးအစားပေါင်းများစွာကို မရေမတွက်နိုင်အောင် ထုတ်လုပ်ကာ ကော်ပီအရေအတွက် ဘီလီယံများစွာ ကမ္ဘာတစ်ခွင်ရောင်းချနေကြခြင်းဖြစ်သည်။ သုံးပုံတစ်ပုံခန့်မှာ ပစ်ခတ်တိုက်ခိုက်သတ်ဖြတ်မှုများနှင့် လုပ်ရှားမှု၊ စွန့်စားမှုဂိမ်းများဖြစ်သည်။ အဆိုပါဂိမ်းများကို စွဲစွဲလမ်းလမ်းကစားကြခြင်းဖြင့် စိတ်ပိုင်းဆိုင်ရာကြမ်းတမ်းလာပြီး ရန်လိုအကြမ်းဖက်လာကြသည်။ တိုက်ခိုက်သတ်ဖြတ်မှုများနှင့် ယဉ်ပါးလာကြသည်ဟူ၍ ဝေဖန်သုံးသပ်မှုများလည်း ရှိလာသည်။ သုတေသနပြုချက်များအရ ဂိမ်းအလွန်အကျွံကစားသူများတွင် မလိုလားအပ်သော စွဲလမ်းမှုများနှင့် ဦးနှောက်၏လုပ်ဆောင်ချက်ပြောင်းလဲမှုများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရသည်။

ဂိမ်းအလွန်အကျွံစွဲလမ်းနေသူများတွင် နေ့စဉ်ဂိမ်းကစားချိန်များလာခြင်း၊ မဆော့ရမနေနိုင်ဖြစ်ခြင်း၊ ဂိမ်းကစားပြီး အခြားအလုပ်များ လုပ်နေချိန်မှာပင် ဂိမ်းအကြောင်းဆက်လက်စဉ်းစားနေခြင်း၊ ဂိမ်းမြင်တိုင်း ဝင်ကစားကာ စိတ်ညစ်တိုင်းလည်း ဂိမ်းကစားခြင်း၊ ဘဝ၏အခြားလုပ်ငန်းဆောင်တာများအပေါ်တွင် စိတ်ဝင်စားမှုလျော့နည်းလာခြင်း၊ အပေါင်းအသင်းများကို ရှောင်ကြဉ်လာကာ ဂိမ်းကစားမှုကိုသာ စွဲစွဲလမ်းလမ်းလုပ်ဆောင်ခြင်း စသည်တို့မှာ ဂိမ်းအလွန်အကျွံစွဲလမ်းခြင်း၏ လက္ခဏာများဖြစ်သည်။ ဂိမ်းအလွန်အကျွံစွဲလမ်းနေသည့်လူငယ်များတွင်အစာအာဟာရစားသောက်ခြင်း၊ အနားယူအိပ်စက်ခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးဆောင်ရွက်ခြင်းတို့ကို လျစ်လျူရှုလာကြပြီး သူငယ်ချင်းအပေါင်းအသင်းများနှင့် သွားလာဆက်ဆံရေး၊ ကိုယ်လက်လှုပ်ရှားကျန်းမာရေး၊ ကျောင်းသင်ခန်းစာများ လေ့ကျင့်ကျက်မှတ်ရေးတို့ကို အချိန်မပေးနိုင်ဖြစ်လာကြသည်။

**ဂိမ်းအလွန်အကျွံစွဲလမ်းခြင်း**

အချိန်တိုင်းတွင် ဂိမ်းကိုသာ စဉ်းစားပြီး ဂိမ်းကိုသာ အာရုံထားနေခြင်းကြောင့် အခြားလိုအပ်သည့် အကြောင်းအရာများအတွက် စဉ်းစားတွေးခေါ်နိုင်ခြင်းမရှိ ဖြစ်လာကြသည်။ ဂိမ်းစွဲလမ်းခြင်းကြောင့် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာပြဿနာများစွာ ဖြစ်ပေါ်လာရသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ဂိမ်းအလွန်အကျွံစွဲလမ်းခြင်း (Gaming Disorder) ကို ရောဂါတစ်ရပ်အဖြစ် ၂၀၁၈ ခုနှစ်အတွင်းက စာရင်းသွင်းခဲ့သည်။ တန်ဆေး လွန်ဘေးဆိုသည့် ဆိုရိုးစကားအတိုင်းပင် ဗီဒီယိုဂိမ်းကစားခြင်းတွင် အကောင်းအဆိုးဒွန်တွဲနေပြီး အလွန်အကျွံကစားမှုများကြောင့် ဆိုးကျိုးများဖြစ်ပေါ်လာရသည်။

ဂိမ်းကစားခြင်းနှင့်Tik Tok ဆော့ခြင်းတွင် ဂိမ်းကို စိတ်အပန်းပြေရုံသာကစားခြင်းက ဦးနှောက်ဖွံ့ဖြိုးမှု၊ ဖြတ်ထိုးဉာဏ်နှင့် ပင်ကိုအရည်အသွေးကို တိုးတက်ကောင်းမွန်လာစေရေးအတွက် အထောက်အကူပြုနိုင်သည်ဟူ၍လည်း ဆိုထားသည်။ သင့်တင့်လျောက်ပတ်ကောင်းမွန်သည့်ဂိမ်းနှင့် Tik Tok အမျိုးအစားကို ရွေးချယ်ကာ နည်းမှန်လမ်းမှန်၊ စည်းကမ်းတကျ ဆော့ကစားခြင်းဖြင့် ကောင်းကျိုးရလဒ်များကို ရရှိနိုင်မည်ဖြစ်သည်။ ဗီဒီယိုဂိမ်းကစားခြင်းကို e-Sport အားကစားအဖြစ် နိုင်ငံတကာအဆင့်ပြိုင်ပွဲများပင် ကျင်းပလျက်ရှိရာ ကောင်းသည့်ရည်ရွယ်ချက်ဖြင့်၊ အကောင်းဘက်ကို ဦးတည်ကြခြင်းဖြင့် ဂိမ်းအလွန်အကျွံစွဲလမ်းမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးရလဒ်များကို ရှောင်ရှားနိုင်မည်ဖြစ်သည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်သွေဖည်၍ ဝတ်စားဆင်ယင်ခြင်း၊ ပြောဆိုပြုမူခြင်းများ ပြုလုပ်မည်ဆိုပါက ဂုဏ်သိက္ခာကို အချိန်ကုန်ငွေကုန်ခံ၍ ကိုယ်တိုင်လူသိရှင်ကြားချပြသကဲ့သို့ ဖြစ်နေပေလိမ့်မည်ဖြစ်သည်။ TikTok ကစားခြင်းမှာလည်း လူ့ဘဝကို ထိခိုက်ဆုံးရှုံးနိုင်သည်။

**ကောင်းကျိုး၊ ဆိုးကျိုး ဒွန်တွဲလျက်ရှိ**

Google နှင့် You Tube တို့မှ ဇာတ်လမ်းတို၊ ဇာတ်လမ်းရှည်များ ရှာဖွေကြည့်ရှုခြင်းမှာလည်း ကောင်းကျိုး၊ ဆိုးကျိုး ဒွန်တွဲလျက်ရှိနေကြသည်။ အသိပညာပေးဇာတ်ကားများ၊ စိတ်ခွန်အားဖြည့်ဇာတ်လမ်းများ၊ သမိုင်းမှတ်တမ်းကို ထင်ဟပ်စေသော ဇာတ်ကားများရှိသကဲ့သို့ ပျက်စီးယိုယွင်းစေသော ညစ်ညမ်းဇာတ်ကားများလည်း ရှိသည်။ ညစ်ညမ်းကားများမှတစ်ဆင့် မုဒိမ်းမှုများ၊ လိင်အကြမ်းဖက်မှုများ ကျူးလွန်နိုင်သည်။ လက်ကလေးတစ်ချက် ထောက်လိုက်ရုံနှင့် ကြည့်ချင်သမျှ ဘာမဆိုရှာဖွေကြည့်ရှုနိုင်သော ခေတ်ကြီးဖြစ်လာသည်။ တန်ဆေးလွန်ဘေးဆိုသကဲ့သို့ အချိန်ပြည့် ဖုန်းသုံးနေလျှင် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး အဘက်ဘက်၌ ထိခိုက်ဆုံးရှုံးလာနိုင်သည့်အတွက် TikTok နှင့် ဗီဒီယိုဂိမ်းဆော့ကစားခြင်းကြောင့် ဖြစ်ပေါ်လာမည့်ဆိုးကျိုးများကို သတိပြုရန် လိုအပ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

■

> **ဗီဒီယိုဂိမ်းကို အလွန်အကျွံကစားကြခြင်းကြောင့် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးတို့ထိခိုက်ဆုံးရှုံးမှုများရှိလာသည်။ ကမ္ဘာပေါ်တွင် ဗီဒီယိုဂိမ်းထုတ်လုပ်သည့်လုပ်ငန်းများမှာ တစ်နေ့ထက်တစ်နေ့ တိုးတက်ကြီးထွားနေပြီး ဂိမ်းအမျိုးအစားပေါင်းများစွာကို မရေမတွက်နိုင်အောင် ထုတ်လုပ်ကာ ကော်ပီအရေအတွက် ဘီလီယံများစွာ ကမ္ဘာတစ်ခွင်ရောင်းချနေကြခြင်းဖြစ်သည်။ သုတေသနပြုချက်များအရ ဂိမ်းအလွန်အကျွံကစားသူများတွင် မလိုလားအပ်သော စွဲလမ်းမှုများနှင့် ဦးနှောက်၏လုပ်ဆောင်ချက်ပြောင်းလဲမှုများ ဖြစ်ပေါ်လာသည်ကိုတွေ့ရှိရ**

## ကဗျာ

# တရားရှင်ငဲ့

မွှေးမွှေးထုံထုံ နှင်းဆီငုံမှ
ဝတ်မှုန်ဆွတ်စား၊ အိုသင်ပျားငဲ့။
ဖွေးဖွေးကြည်ကြည်၊ စံပယ်ဆီမှ
ဝတ်ရည်စုပ်သွား၊ အိုသင်ပျားငဲ့။
ပိုးမွှားပုရွက်၊ သတ်ရန်ခက်၍
ဝတ်ရက်ကိုသာ၊ စားရှာသလော။
သူများအသက်၊ မသတ်ရက်၍
ပွင့်ခတ်ကိုသာ၊ ဆွတ်ရှာသလော။
သင့်အဖြစ်မူ
ဆိုးညစ်ရန်ရှာ၊ သူပြုလာက
ကာကွယ်နိုင်စွမ်းရှိလေငဲ့။
ထက်မြက်ပါဘိ၊ သင့်သတ္တိလည်း
တွန်းဖိတော်လှန်၊ ကြံသည့်ရန်ကို
ခုခံနိုင်စွမ်းရှိလေငဲ့။
သို့စေကာမူ
ရန်လာပြုခိုက်၊ ခုခံတိုက်၍
ကိုယ်နှိုက်ရှောင်ရှား၊ မလိုလားသည်
တရားရှိသည်ထင်ပါငဲ့။ ။

**ငွေတာရီ**

ဆရာမ ငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှ ကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

## ဓမ္မ ပုံပြင်

# အမြင်မှန်ရသူ

**မင်းယုဝေ**

စတုတ္ထနေ့သို့ ရောက်သောအခါ ဘေဒက မင်းကြီးသည် လုလင်ကို ခေါ်စေပြန်သည်။ လုလင်ရောက်လာသောအခါ

ဘုရင်က...

"အမောင်၊ မှတ်သားဖွယ် စကားထူးတစ်ရပ်ကို ထပ်မံပြောပါဦးလော့" ဟု မိန့်တော်မူသည်။

ထိုအခါ လုလင်က ဘုရင်ကို ရိုသေစွာ လျှောက်ထားသည်မှာ...

"အရှင်မင်းမြတ်၊ 'အမျိုးမကောင်း၊ လူဖျင်းသောင်းကို၊ သူကောင်းပြုက၊ အရှက်ရ၏၊ သူဖြားယောင်းကို၊ စောင်း၍လိုက်က၊ သေပျက်ရ၏' ဟူသော စကားကို ကြားဖူးတော်မူပါသလော။"

"ငါ မကြားဖူးပါ၊ အမောင် ပြောပြပါလော့။"

"အရှင်မင်းမြတ်၊ နာတော်မူပါလော့။ ရှေးသရောအခါ ဗာရာဏသီပြည်ဝယ်သေနကမင်းသည် မင်းပြုပါသည်။ ထိုစဉ် ရောပထနဂါးမင်းသည် မြစ်၏အနီးအပါး၌ ငါး၊ ဖား စသည်ကို ရှာရာတွင် ရှားပါးသောကြောင့် မြို့၏အနီးသို့တက်၍ လာပါသည်။ မြွေငယ်အဟာန် ဖန်ဆင်းလျက်ဥယျာဉ်တွင်း၌ ငါး၊ ဖား ရှာစားကာနေပါသည်။ ထိုမြွေကို နွားကျောင်းသားတို့မြင်သောအခါ ရိုက်သတ်မည်ပြုကြပါသည်။ ထိုစဉ် မင်းကြီးထွက်လာသည်နှင့် ကြုံသဖြင့် တားဆီးပါသည်။

"သင်တို့ မရိုက်ခတ်သင့်၊ ချမ်းသာစွာသွားပါစေ" ဆို၍ လွှတ်စေပါသည်။

နဂါးမင်းလည်း... "သည်မင်းကြောင့် ငါ့အသက်ချမ်းသာပေသည်"ဟု အလွန်ကျေးဇူးတင်ကာ မင်းကြီးနှင့် မိတ်ဆွေခင်ပွန်းပြုပါသည်။ မကြာခဏပင် မင်းကြီးထံလာကာ ရတနာတို့ကိုပေးဆက်ပါသည်။ တစ်နေ့သောအခါ မိမိ၏သမီးတစ်ဦးဖြစ်သော နဂါးမငယ်ကိုခေါ်လာကာ မင်းကြီးအား ဆက်သပါသည်။

သေနကမင်းကြီးသည် နဂါးမငယ်ကို အလွန်စုံမက်သဖြင့် မိဖုရားမြှောက်ကာ အပါး၌ မပြတ်ခစားစေပါသည်။ နဂါးမငယ်သည် ရုပ်ရှည်လှပတင့်တယ်၍ နဂါးမင်း၏ သမီးတော်ဖြစ်သော်လည်း အမူအကျင့်မကောင်းပါ။ တစ်နေ့တွင် မြွေယောင်ဖန်ဆင်းလျက် မြွေတစ်ကောင်နှင့် ဖောက်ပြားမှောက်မှားခြင်းပြုပါသည်။ သည်အခါ မင်းကြီးသည် အမျက်ထွက်၍ နဂါးမငယ်အား ဝါးခြမ်းစိတ်ဖြင့် ရိုက်နှက်ဆုံးမပါသည်။

နဂါးမငယ်လည်း နဂါးမင်းထံပြန်ပြေး၍ မိမိ၌ အပြစ်မရှိပါဘဲ ပုတ်ခတ်၍နှင်လိုက်ကြောင်းဖြင့် နဂါးမင်းကို ကုန်းချောပါသည်။

နဂါးမင်းလည်း..."ငါ့သမီးကို အပြစ်မဲ့ ပုတ်ခတ်ရာသလော" ဟု အမျက်ပွား၍ နဂါးလုလင်တို့အား သေနကမင်းကိုပေါက်သတ်ချေဟု စေလိုက်ပါသည်။

နဂါးလုလင်တို့သည် မိမိတို့အရှင်ညွှန်ကြားချက်အတိုင်း သေနကမင်းကြီးထံ လာကြပါသည်။ ညဥ့်အခါ မင်း၏အိပ်ရာညောင်စောင်းအောက်၌ ပုန်းအောင်းစောင့်နေကြပါသည်။ မင်းကြီးအိပ်ပျော်ပါက ပေါက်သတ်ရန် အသင့်ပြင်ထားကြပါသည်။ မင်းကြီးသည် အိပ်ရာသို့ ဝင်သောအခါ မိဖုရားအား...

"နဂါးမငယ်သည် သင်းအဖ၏ မျက်နှာကိုလည်း မထောက်၊ ငါ့မျက်နှာကိုလည်းမထောက်၊ ငါ မိဖုရားမြှောက်၍ ကောင်းစွာထားပါလျက်နှင့် မြွေတိရစ္ဆာန်နှင့် ဖောက်ပြားခဲ့သည်။ ငါဆုံးမသည်ကို မနာယူဘဲ သင်းအဖထံ ပြန်ပြေးသည်။ ငါ့အဆွေအား မလျော်သော ကုန်းစကားကို ပြောတော့မည်ထင်သည်။ ငါ့အဆွေ အထင်မှား၊ အမြင်မှားဖြစ်မည်ကို စိုးရိမ်လှတော့သည်" ဟု ဆိုပါသည်။

မိဖုရားက..."အရှင်မင်းကြီး၊ နဂါးမင်းကြီးသည် ပညာဉာဏ်မဲ့သူမဟုတ်ပါ။ ဆင်ခြင်စူးစမ်းရာပါသည်။ မစိုးရိမ်ပါလင့်" ဟု ဖျောင်းဖျပြောဆိုပါသည်။

ထိုစကားကို အိပ်ရာအောက်တွင် ပုန်းအောင်းနေသော နဂါးလုလင်တို့ ကြားသောအခါ အဖြစ်မှန်ကို သိသွားကြပါသည်။


"ငါတို့နဂါးမင်းသည် သမီးငယ်ကုန်းချောသောစကားကိုယုံကြည်သဖြင့် မှားချေပြီ" ဟုဆိုကာ သေနကမင်းကြီးကိုတစ်စုံတစ်ရာရန်မပြုဘဲ နဂါးမင်းထံ ပြန်သွားကြပါသည်။ နဂါးမင်းကို အကျိုးအကြောင်း ပြန်ပြောကြပါသည်။

နဂါးမင်းကြီးလည်း... "ငါကား သူမိုက်၏ စကားကြောင့် သူတော်ကောင်းကို စိတ်ပြစ်မှားမိချေပြီ။ ငါ့အဆွေကို ပူဇော်ကန်တော့မှသင့်မည်" ဟု ကြံလျက် သေနကမင်းထံ လာရောက်ဝန်ချတောင်းပန်ပါသည်။ ထို့နောက် မင်းကြီးအား... "အလိုရှိသော ဥစ္စာရတနာကို ပေးလိုပါသည်၊ တောင်းပါလော့" ဟု ဆိုပါသည်။

သေနကမင်းက... "အဆွေ၊ ငါသည် အခြားသော ဥစ္စာရတနာတို့ကို မလိုပါ။ ပိုး၊ ရွှ၊ ခြပုန်း၊ ဆင်၊ မြင်း၊ ကျွဲ၊ နွား စသော တိရစ္ဆာန်တို့၏ ဘာသာစကားကို ကြားသိရသောအတတ်ကိုသာ တတ်လိုပါသည်" ဟု ဆိုပါသည်။

နဂါးမင်းက... "မင်းကြီး၊ သည်သို့ တတ်လိုသော်သည်မန္တန်ကိုသရဇ္ဈယ်လော့" ဟု ဆိုကာ မန္တန်ထူးကို သင်ပေးပါသည်။ ထို့နောက် "မင်းကြီး၊ ထိုမန္တန်ထူးကို သူတစ်ပါးအား သင်မပေးပါနှင့်။ သင်ပေးလျှင် သင်မင်းကြီးသည် မီးပုံသို့ဆင်း၍ သေရလိမ့်မည်" ဟူ၍လည်း အထူးသတိပေးမှာကြားသွားပါသည်။

မန္တန်ကို သင်ပြီး နောက်တစ်နေ့သို့ ရောက်သောအခါ သေနကမင်းသည် နန်းတော်ခန်းမဆောင်၌ စံပယ်လျက် ပျား၊ တင်လဲတို့ဖြင့်ရောနှောသောမုန့်ခဲဖွယ်တို့ကို စားတော်မူပါသည်။



ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။

ထိုအခါ အနည်းငယ်မျှသော ပျားစက်၊ တင်လဲစက် မုန့်နှစ်တို့သည် ကြမ်းသို့ကျသွားပါသည်။ ယင်းတို့ကို ပိုးပုရွက် တစ်ကောင်တွေ့လေလျှင် အဖော်တို့အား ဝမ်းသာအားရခေါ်ပါသည်။

"အချင်းတို့၊ မင်း၏နန်းတော်ဝယ်တင်လဲအိုးကွဲသည်၊ မုန့်လှည်း မှောက်သည်။ သင်တို့သားစာ၊ မယားစာရအောင်လာကြကုန်၊ ယူကြကုန်" ဟု ဆိုပါသည်။ ဆိုသည့်အတိုင်း ပုရွက်တို့သည် ထွက်လာကာ မုန့်နှစ်ကိုဝိုင်းဝန်းချီယူသွားကြပါသည်။ ယင်းသို့ ချီယူသွားစဉ် နန်းတော်တိုင်ကိုတိုးမိလျှင် ပုရွက်အကြီးအကဲက...

"ငါတို့သွားရာ၌ ကန့်လန့်နေလာသောနန်းတိုင်ကို ပုရွက်ခေါင်းကြီးက အစွယ်ဖြင့်ကော်၍ပစ်လိုက်" ဟု အမိန့်ပေးလိုက်ပါသည်။

ထိုစကားတို့ကို မင်းကြီးကြားသောအခါ သိနားလည်သဖြင့် ပြုံးရယ်ပါသည်။ မိဖုရားလည်း အတူရှိနေသဖြင့် ...

"မင်းသည် အဘယ်ကို ပြုံးရယ်ပါလိမ့်" ဟူ၍ သိလိုသောဆန္ဒ ဖြစ်ခဲ့ပါသည်။

မင်းကြီးသည် စားတော်ခေါ်ပြီးသောအခါ သလွန်ပေါ်၌ မေးစက်မည်ပြုပါသည်။ ထိုစဉ် ယင်ဖို တစ်ကောင်က ယင်မအား...

"ရှင်မ၊ ငါ့အနီးသို့လာ၍ ရွှင်မြူးလော့"ဟု ဆိုပါသည်။

ယင်မကလည်း... "အမောင် စောင့်ပါဦး။ ငါသည် မစင်ပုံ၌ဥခဲ့သောကြောင့် အနံ့မကောင်းသေး။ မင်းကြီးမေးစက်ပြီးသောအခါ ရေချိုးလိမ့်မည်။ ထို့နောက် နံ့သာလူးလိမ့်မည်။ ထိုအခါ နံ့သာရေ၌ ငါလူမည်။ ထိုအခါတွင်မှ ငါတို့ရွှင်မြူးကြအံ့" ဟု ဆိုပါသည်။

(ဆက်လက်ဖော်ပြပါမည်)

ဆရာကြီး မင်းယုဝေ၏ လက်ရွေးစင်ပုံပြင် ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

လူမှု
၁၀

# လူငယ်ယဉ်ကျေးမှု

လူငယ်ယဉ်ကျေးမှုဆိုသည်မှာ ကလေးများ၊ ဆယ်ကျော်သက်များနှင့် လူငယ်လူရွယ်များ၏ လူ့အဖွဲ့အစည်းစံနှုန်းများကို ရည်ညွှန်းပါသည်။ အထူးသဖြင့် ၎င်းတွင် လူငယ်လူဦးရေစာရင်းဖြင့်မျှဝေထားသောလုပ်ငန်းစဉ်များနှင့် သင်္ကေတစနစ်များ ပါဝင်ပြီး လူမှုအဖွဲ့အစည်းရှိ အရွယ်ရောက်သူများနှင့် ကွဲပြားခြားနားသည်။ အဝတ်အစား၊ လူကြိုက်များသော ဂီတ၊ အားကစား၊ ဝေါဟာရနှင့် ချိန်းတွေ့ခြင်းတို့ကို အလေးထားခြင်းသည် လူငယ်များကို အခြားအသက်အရွယ်အုပ်စုများနှင့် ခွဲခြားသတ်မှတ်ပေးသည်။ လူငယ်ယဉ်ကျေးမှုအတွင်းတွင် လူမျိုး၊ လူမျိုးစု၊ စီးပွားရေးအဆင့်အတန်း၊ အများသူငါ အသွင်အပြင် သို့မဟုတ် အခြားသောအကြောင်းအချက်များပေါ်တွင် အခြေခံ၍ကွဲပြားနိုင်သော အဆက်မပြတ်ပြောင်းလဲနေသော လူငယ်ယဉ်ကျေးမှု အများအပြားရှိသည်။

လူငယ်ယဉ်ကျေးမှုသည် သီးခြားယဉ်ကျေးမှုမဟုတ်ကြောင်း သုတေသီအချို့က စောဒကတက်ကြပြီး သူတို့၏ တန်ဖိုးများနှင့် ကိုယ်ကျင့်တရားများသည် သူတို့၏ မိဘများနှင့် မကွဲပြားသောကြောင့်ဖြစ်သည်။ ထို့အပြင် သက်တူရွယ်တူ ဩဇာလွှမ်းမိုးမှုသည် ဆက်စပ်စဉ်းစားရမည့်အကြောင်းအရာများ၊ ကျား၊ မ၊ အသက်နှင့် လူမှုရေးအဆင့်အတန်းတို့တွင် များစွာကွဲပြားပြီး တစ်ခုတည်းသော "လူငယ်ယဉ်ကျေးမှု"ကို သတ်မှတ်ရန် ခက်ခဲစေသည်။ အခြားသူများကမူ ၎င်းတို့၏ မိဘများ၏ ယဉ်ကျေးမှုနှင့် ကွဲပြားခြားနားသည့် ယဉ်ကျေးမှုကို ပေါင်းစပ်ဖွဲ့စည်းထားသည့် လူငယ်အဖွဲ့အစည်းများ၏ တိကျသေချာသော အစိတ်အပိုင်းများ ရှိသည်ဟု ဆိုကြသည်။ Schwartz နှင့် Merten တို့က လူငယ်ယဉ်ကျေးမှုသည် အခြားလူ့အဖွဲ့အစည်းများနှင့် ကွဲပြားသည်ဟု ငြင်းခုံရန် ဆယ်ကျော်သက် ဘာသာစကားကို အသုံးပြုခဲ့သည်။ Schwartz ၏ အဆိုအရ ၎င်းသည် လူမှုရေးဆိုင်ရာ ဖွဲ့စည်းပုံများနှင့် အရွယ်ရောက်ပြီးသူများနှင့် ဆယ်ကျော်သက်များ၏ လူမှုဘဝသရုပ်မှန်ကို တွေ့ကြုံရသောနည်းလမ်းများ ကွဲပြားခြားနားမှုကို ထင်ဟပ်ပြသည်။ ၎င်းခြားနားချက်သည် သီးခြား လူငယ်ယဉ်ကျေးမှုရှိနေခြင်းကို ပံ့ပိုးပေးသော ဆယ်ကျော်သက်များနှင့် အရွယ်ရောက်ပြီးသူများကြား ယဉ်ကျေးမှုကွဲပြားမှုကို ညွှန်ပြသည်။

နှစ်ဆယ်ရာစုတစ်လျှောက်လုံးတွင် လူငယ်များသည် လူနေမှုပုံစံနှင့် ယဉ်ကျေးမှုနှစ်ခုစလုံးအပေါ် ဩဇာလွှမ်းမိုးမှုရှိခဲ့သည်။ ၁၉၂၀ ပြည့်နှစ်များအတွင်းက ခေတ်ဆန်၍ ခေတ်ကိုတက်တက်ကြွကြွတော်လှန်သော မိန်းမပျိုများ (Flappers) နှင့် ဗြိတိန်နိုင်ငံတွင် ၁၉၆၀ ပြည့်နှစ်အတွင်းက ရေပန်းစားသောအဝတ်အစား ဖက်ရှင်ကျမှုကို အသားပေး၍ မော်တော်ဆိုင်ကယ်အငယ်စားစီးလေ့ရှိသော လူငယ်များ (Mods) သည် လူ့အဖွဲ့အစည်းအပေါ် လူငယ်ယဉ်ကျေးမှု၏ သက်ရောက်မှုဆိုင်ရာ ဥပမာနှစ်ခု ဖြစ်သည်။ Flapper များသည် ပထမကမ္ဘာစစ်ပြီးနောက် သာယာဝပြောသော အနာဂတ်အတွက် ယုံကြည်ချက်ရှိသော အမျိုးသမီးငယ်များဖြစ်သည်။ ထိုအချိန်က ဖက်ရှင်ကျကျ ဝတ်စားဆင်ယင်မှုသည် Flapper များ၏ လူနေမှုပုံစံအသစ်ကိုလည်း ထင်ဟပ်ပြခဲ့သည်။ စစ်ပွဲကာလ၊ နိုင်ငံရေးနှင့် လူမှုရေးပြဿနာများအတွင်း Mods ပေါ်ပေါက်လာပြီး ခေတ်သစ်ဝါဒီများဟုခေါ်သောအုပ်စုမှ ပေါက်ဖွားလာခြင်းဖြစ်သည်။ ၎င်းတို့သည် ၎င်းတို့၏ ဖက်ရှင်ရွေးချယ်မှုများကို "နေရာတိုင်းတွင် ပေးဆောင်သည်" နှင့် သူတို့ကို ခွန်အားပေးသည်ဟု ယုံကြည်သော လူတန်းစားပေါင်းစုံမှလာသော လူငယ်အမျိုးသားများနှင့် အမျိုးသမီးများ ဖြစ်သည်။ Mods ၏ ပုံစံနှင့် ခေတ်မီနည်းပညာများကို အားပေးမှုသည် ဗြိတိန်မှ အမေရိကနှင့် အခြားနိုင်ငံများသို့ပျံ့နှံ့သွားခဲ့သည်။

လူငယ်ယဉ်ကျေးမှု တည်ရှိနေခြင်းသည် မကြာသေးမီက သမိုင်းဝင်ဖြစ်စဉ်တစ်ခုဖြစ်သည်။ ၂၀ ရာစုတွင် လူငယ်ယဉ်ကျေးမှု ပေါ်ပေါက်လာခြင်းနှင့်ပတ်သက်၍ လွှမ်းမိုးထားသော သီအိုရီများစွာရှိသည်။ သမိုင်းဆိုင်ရာ သီအိုရီတစ်ခုက မသင်မနေရ ကျောင်းပညာရေး အစပိုင်းတွင် လူငယ်ယဉ်ကျေးမှု ပေါ်ပေါက်လာခြင်းကို ဂုဏ်ပြုထားသည်။ အခြားသီအိုရီတစ်ခုမှာ အချို့ယဉ်ကျေးမှုများက လူငယ်ယဉ်ကျေးမှုကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပေးကြသော်လည်း အခြားယဉ်ကျေးမှုများ ထွန်းကားလာခြင်းမရှိချေ။ ဤကွဲပြားခြားနားခြင်း၏ အခြေခံအကြောင်းရင်းမှာ လူတကာလက်ခံသော သို့မဟုတ် သီးခြားစံနှုန်းများရှိနေခြင်းပင်ဖြစ်သည်။ သီးခြားစံနှုန်းများသည် တစ်ဦးနှင့်တစ်ဦး ကွဲပြားသော အပြုအမူအတွက် လမ်းညွှန်ချက်များဖြစ်သည်။ ဆန့်ကျင်ဘက်အားဖြင့် လူတကာလက်ခံသောစံနှုန်းများသည် လူ့အဖွဲ့အစည်းဝင်အားလုံးတွင် သက်ရောက်မှုရှိသည်။ ၎င်းစံနှုန်းများသည် စက်မှုထွန်းကားသော လူ့အဖွဲ့အစည်းများတွင် ပိုမိုတွေ့နိုင်ဖွယ်ရှိသည်။ လွန်ခဲ့သောရာစုနှစ်ရှိ ခေတ်မီခြင်းသည် လူတကာလက်ခံသောစံနှုန်းများကို တွန်းအားပေးခဲ့သည်။ အကြောင်းမူကား ခေတ်သစ်လူ့အဖွဲ့အစည်းများတွင် အပြန်အလှန်အကျိုးပြုမှုသည် လူတိုင်းအတွက် တူညီသောစံနှုန်းများကို သင်ယူရန်လိုအပ်သောကြောင့် ဖြစ်သည်။ ခေတ်မီခြင်းနှင့် လူတကာလက်ခံသော စံနှုန်းများသည် လူငယ်ယဉ်ကျေးမှုကြီးထွားမှုကို အားပေးခဲ့သည်။ လူတကာလက်ခံသော စံနှုန်းများအတွက် လိုအပ်မှုသည် လူငယ်များ၏ လူမှုဆက်ဆံရေးတွင် အဓိကကျသော မိသားစုဝင်များထံမှ ထွက်ပေါ်လာခြင်းအတွက် လက်တွေ့မကျဘဲ ပေါင်းသင်းဆက်ဆံရေးစံနှုန်းများတွင် သိသာထင်ရှားသောကွဲလွဲမှုများကို ဖြစ်ပေါ်စေသည်။ ထို့ကြောင့် လူ့အဖွဲ့အစည်းများစွာသည် ကျောင်းများတွင် အသက်အုပ်စုခွဲခြင်းကိုအသုံးပြုကာ လူ့အဖွဲ့အစည်း၏ စံနှုန်းများအတိုင်း ၎င်းတို့၏ကလေးများကို ပညာပေးသည်။ အရွယ်ရောက်ပြီးသူများအတွက် ပြင်ဆင်ပေးသည်။ လူငယ်ယဉ်ကျေးမှုသည် ဤနည်းဗျူဟာ၏ အကျိုးဆက်ဖြစ်သည်။ ကလေးများသည် အတူတကွ အချိန်များစွာကုန်ဆုံးကြပြီး ကျန်ရှိသော အသက်အုပ်စုများနှင့် တူညီသောအရာများကို သင်ယူကြသောကြောင့် ၎င်းတို့၏ကိုယ်ပိုင်ယဉ်ကျေးမှုကို ဖွံ့ဖြိုးတိုးတက်အောင် ပြုလုပ်ကြသည်။

**မောင်မောင်မြင့်သိန်း**
**(စက်မှုတက္ကသိုလ်)**

*Ref: Youth Culture, Wikipedia*



ပြုံး
စ
ရာ

## အထင်မသေးနဲ့

မျောက်။ ငါ့ကို ငှက်ပျောခြံမှာ ဥယျာဉ်မှူးလုပ်ဖို့ ငှားထားတယ်။

ဆင်။ အထင်မသေးနဲ့မောင်၊ ငါကလည်း ကြံခင်းမှာ ညစောင့်တာဝန်ကျနေတုန်းကွ။

## ပလက်ဖောင်းပေါ်မှာပါ

ဖခင်။ သား စက်ဘီးစီးသင်နေတာ အဆင်ပြေသွားပြီလား၊ ဘယ်နေရာမှာ စက်ဘီးစီးရတာအခက်ဆုံးလဲကွ။

သား။ ပလက်ဖောင်းပေါ်မှာပါ ဖေဖေ။

## ခြေနဲ့နင်းပစ်ရတာ ဘာပစ္စည်းလဲ

သမီး။ တန်ဖိုးကြီးကြီးပေးဝယ်ရပြီး ခြေနဲ့နင်းပစ်ရတာ ဘာပစ္စည်းလဲ မေမေ။

မိခင်။ ကော်ဇောပေါ့ သမီးရယ်။

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁၂ ဦး တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၁ ဒသမ ၄၄ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၃-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၂-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၃-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၇၅၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၁၂) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၁.၄၄) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၂၇၄,၁၈၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၅၃၄,၀၇၁) ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၃၈) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၁၂,၂၀၁) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၃၁၀) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၂-၁-၂၀၂၂) ရက်နေ့အထိ လူဦးရေစုစုပေါင်း (၂၁,၇၄၆,၄၁၇) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ (၁၈,၂၅၄,၉၉၂) ဦးနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၃,၄၉၁,၄၂၅) ဦးရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၂၂-၁-၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေစုစုပေါင်း (၄၀,၀၀၁,၄၀၉) ကြိမ်ထိုးနှံပြီး ဖြစ်ပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်)နှင့်ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ကာကွယ်ရေးအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန်ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှတက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၂၃-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၆၀) ခု | (၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၅၂) ခု | - |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၆၈) ခု | (၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၈) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၇၄၁) ခု | (၁၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄၅၃) ခု | (၁၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅,၀၃၅) ခု | (၈၄) ဦး |
| **စုစုပေါင်း** | (၇,၇၅၇) ခု | (၁၁၂) ဦး |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ

(၂၂-၁-၂၀၂၂) ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၃,၄၉၁,၄၂၅) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၁၈,၂၅၄,၉၉၂) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၂၁,၇၄၆,၄၁၇) ဦး |
| စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၄၀,၀၀၁,၄၀၉) ကြိမ် |

- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၇၁၇၂၈၅၅၇ | ၄၄၃၂၉၂၀၀ | ၈၈၈၆၂၃ |
| ၂။ | အိန္ဒိယ | ၃၉၂၃၇၂၆၄ | ၃၆၅၆၀၆၅၀ | ၄၈၉၄၂၂ |
| ၃။ | ဘရာဇီး | ၂၃၉၆၀၂၀၇ | ၂၁၈၅၁၉၂၂ | ၆၂၂၉၇၉ |
| ၄။ | ပြင်သစ် | ၁၆၃၉၀၈၁၈ | ၁၀၁၈၉၃၀၅ | ၁၂၈၅၁၄ |
| ၅။ | ဗြိတိန် | ၁၅၇၈၄၄၈၈ | ၁၂၀၅၄၇၃၀ | ၁၅၃၇၈၇ |
| ၆။ | ရုရှား | ၁၁၁၀၈၁၉၁ | ၁၀၀၂၃၆၂၂ | ၃၂၆၁၁၂ |
| ၇။ | တူရကီ | ၁၀၈၈၁၆၂၆ | ၁၀၁၆၂၇၁၄ | ၈၅၇၈၄ |
| ၈။ | အီတလီ | ၉၇၈၁၁၉၁ | ၆၉၁၃၉၄၆ | ၁၄၃၂၉၆ |
| ၉။ | စပိန် | ၈၉၇၅၄၅၈ | ၅၄၄၃၆၃၂ | ၉၁၇၄၁ |
| ၁၀။ | ဂျာမနီ | ၈၆၄၁၈၆၅ | ၇၂၃၀၀၀၀ | ၁၁၇၃၂၃ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၂၈၆၃၇၈ | ၄၁၃၂၂၆၇ | ၁၄၄၂၂၀ |
| ၂။ | ဖိလစ်ပိုင် | ၃၄၁၀၇၂၁၆ | ၃၀၉၀၁၆၄ | ၅၃၄၇၂ |
| ၃။ | မလေးရှား | ၂၈၂၉၀၈၉ | ၂၇၅၃၁၁၉ | ၃၁၈၈၂ |
| ၄။ | ထိုင်း | ၂၃၇၇၅၀၀ | ၂၂၇၂၀၀၉ | ၂၂၀၃၅ |
| ၅။ | ဗီယက်နမ် | ၂၁၄၁၄၂၂ | ၁၈၀၄၈၄၉ | ၃၆၇၁၉ |
| ၆။ | မြန်မာ | ၅၃၄၀၇၁ | ၅၁၂၂၀၁ | ၁၉၃၁၀ |
| ၇။ | စင်ကာပူ | ၃၁၀၂၇၆ | ၂၉၇၁၂၅ | ၈၄၇ |
| ၈။ | လာအို | ၁၂၉၉၅၆ | ၁၂၁၅၁၉ | ၅၂၆ |
| ၉။ | ကမ္ဘောဒီးယား | ၁၂၁၀၂၆ | ၁၁၇၂၁၃ | ၃၀၁၅ |
| ၁၀။ | ဘရူနိုင်း | ၁၆၀၈၄ | ၁၅၆၃၂ | ၉၈ |

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၂၁-၁-၂၀၂၂ ရက်နေ့မှအဆက်

ရေနံ့သာအိမ်ကြီးမှာ မှတ်မိနိုင်စရာပင်မရှိ။ အများနည်းတူ ပျက်စီးယိုယွင်းခဲ့ရသည်။ ရေနံ့သာတွင် ဂျပန်တပ်များ စတည်းချခဲ့သည်ဟု ကြားရသည်။ အိမ်တွင် ပစ္စည်း ပစ္စယဟူ၍ လုံးဝမရှိတော့။ အချို့သည် "ဖောက်သည်" များ၏ လက်ထဲသို့ ပါသွားသည်။ အချို့ကိုကား ဂျပန်စစ်သားများက ဖျက်ဆီးသွားခဲ့သည်။ ဗီရို၊ ကုလားထိုင်၊ စားပွဲ စသည်များကို ရေနွေးကျိုရန် ထင်းမီးအဖြစ် ဂျပန်စစ်သားများ အသုံးပြုသွားကြောင်း သိရသည်။ တံခါးဘောင်များ၊ တံခါးရွက်များကိုပင် အလွတ်မပေးခဲ့။ ဖျက်ဆီးထင်းဆိုက်သွားကြသည်။ ရေနံ့သာသည် ဟာလာဟင်းလင်းဖြစ်၍ ကျန်ရစ်ခဲ့ပေသည်။

ဦးအောင်ခန့် နှမြောတသမိဆုံးအရာမှာ စာအုပ်စာတမ်းများ ဖြစ်သည်။ ၎င်းတို့ကို အချို့က ထုတ်သယ်သွားကြသည်။ ကျန်ရစ်လေသော စာအုပ်များမှာလည်း လောင်စာဖြစ်ခဲ့ရသည်။

ရေနံ့သာအိမ်ခေါင်မိုးမှာ သံဆန်ခါပေါက်ဖြစ်နေသည်။ စက်သေနတ်ကျည်ဆန်ပေါက်များဖြင့် မွနေသည်။ ကြယ်မြင်လမြင် အိမ်ခေါင်မိုးမျိုး ဖြစ်နေသည်။

ရေနံ့သာကိုကြည့်လျက် ခင်ခင်ကြီးတို့ ဝမ်းနည်းပက်လက်ဖြစ်နေကြရသည်။ သို့ပေမဲ့ ဗုံးမကျခဲ့ခြင်း၊ မီးမလောင်ခဲ့ခြင်းများကိုပင် ကျေးဇူးတင်ရပေသေးတော့သည်။

ရေနံ့သာကို နေ၍ဖြစ်ရုံပြင်ဆင်နေထိုင်ကြသည်။

ရေနံချောင်းသို့ ပြန်လည်ရောက်ရှိလာပြီဆိုကတည်းက ခင်ခင်ကြီး ဦးမောင်ကလေးတို့၏ သတင်းကို မေးရသည်မှာအမော။ ကြုံသမျှလူကို စုံစမ်းရသည်မှာလည်း အတန်တန်။ ဦးမောင်ကလေးတို့အိမ်သို့ သွားသွားကြည့်ရသည်မှာလည်း အခါခါ။ သို့တိုင်အောင် သတင်းအစအန မရသေး။ ခင်ခင်ကြီးမှာ စိုးရိမ်စိတ်ပူစပြုလာသည်။

ဗြိတိသျှတို့လက်မှသည် ဂျပန်လက်သို့ကျရောက်ရပြီးနောက် မြန်မာပြည်အရပ်ရပ်ကို ပြန်လည်ထူထောင်ရန် ကြိုးပမ်းကြရာ၌ ရေနံမြေသည်လည်း ပါဝင်သည်။

ဂျပန်တို့သည် ရေနံမြေကို ၎င်းတို့ဘာသာ ခြယ်လှယ်လိုဟန်တူသည်။ ဗမာတပ်မတော်သားများအား ရေနံမြေသို့ လောလောဆယ် အလာမခံ။ အမြောက်တပ်တွင်သာ ဗမာတပ်သားများကို ဂျပန်တပ်သားများနှင့် ရောနှောတာဝန်ချထားသည်။

ရေနံမြေ ပြန်လည်ထူထောင်ရေးနှင့် ရေနံရရှိရေးကို ဂျပန်များကသာ အစအဆုံးခြယ်လှယ်သည်။

သည်တွင်ပင် "ရေနံတစ်စက် အသက်တစ်ချောင်း" ဟူသော စကားသံ ရေနံမြေဘက်မှ ထွက်ပေါ်လာသည်။

သည်စကားကို ဦးအောင်ခန့်ထံ လာပြောသူမှာ ရေနံတွင်းစားတစ်ဦးဖြစ်သည်။ ချောက်ချားမှုအပြည့်ဖြင့် ပြောခဲ့ခြင်းဖြစ်သည်။

"ဘာလဲဗျ၊ ရေနံတစ်စက် အသက်တစ်ချောင်းဆိုတာ"

"ဂျပန်တွေက သူတို့ဆီက ရေနံတစ်စက်ယူမိရင် အသက်ကို သတ်ပစ်တဲ့အထိ ဒဏ်ခတ်မယ်ဆိုတဲ့ သဘောပဲဗျ"

"ဒီအထိတောင်ပဲလား"

"ဟုတ်တယ်။ ဒီအထိပဲ ရေနံမြေကို အစောင့်အကြပ်တွေ သေသေချာချာ ချထားတယ်"

ဦးအောင်ခန့်၏မျက်နှာတွင် စိတ်ပျက်လက်ပျက်ဖြစ်ရသော အရိပ်အသွင် ပေါ်ပေါက်လာသည်။

"ဒီလိုဆိုရင် ကျုပ်တို့လို တွင်းရိုးတွင်းစားတွေနဲ့ ပတ်သက်လို့ကော"

"ဒါကိုတော့ အဓိပ္ပာယ်တစ်မျိုး ယူရလိမ့်မယ်ထင်တယ်။ ဗြိတိသျှတွေ လက်ထက်တုန်းကတောင် ကျုပ်တို့တစ်တွေကို အေးအေးချမ်းချမ်း လုပ်ကိုင်စားသောက်ခွင့်ပြုခဲ့သေးတာပဲဗျာ။ သူတို့အနေနဲ့လည်း ခွင့်ပြုလိမ့်မယ် ထင်ပါတယ်"

ဘာပဲပြောပြော။ ကျုပ်တော့ လောလောဆယ် ဘာမှ လုပ်ဖို့စိတ်မကူးသေးဘူး။ အခြေအနေစောင့်ကြည့်လိုက်ဦးမယ်။ နောက်မှပဲ မီးစင်ကြည့် ကရတော့မှာပေ့ါဗျာ"

"အေးလေ၊ ခင်ဗျားအနေနဲ့ကတော့ ဟုတ်တာပေ့ါ။ ရေနံမြေအလုပ်သမားနဲ့ လက်လုပ်လက်စားတွေ၊ စာရေးစာချီတွေ အနေနဲ့ကတော့ ရေနံမြေကို ဂျပန်တွေအနေနဲ့ ပြန်ပြီးပြုပြင်စေချင်တဲ့ ဆန္ဒရှိကြမှာ ဓမ္မတာပဲဗျာ"

ဦးအောင်ခန့်သည် အခြေအနေ နေသားတကျမဖြစ်မချင်း ဘာမျှမလုပ်ဟု ဆုံးဖြတ်ထားသည့်အတိုင်း လောလောဆယ် ငြိမ်နေသည်။ ဤသည်ကပင် ဘေးကင်းသည်။ စိတ်အေးရသည်။ အချို့ကမူ ရတတ်သမျှ ပစ္စည်းများကို စုပေါင်းလျက် ရေနံထုတ်ယူရန် ကြိုးစားကြသည်။ အချို့နေရာတွင် ရေနံချက်ဖိုများ အလျှိုအလျှို ပေါ်ပေါက်စပြုသည်။

ဂျပန်၏ ရိုင်းစိုင်းယုတ်မာမှုများကို ဆက်တိုက်ဆိုသလို ကြားနေရသည်။ သတ်လိုက်သည်မှာလည်း တစ်လောင်းပြီး တစ်လောင်း၊ ရိုက်နှက်သည်မှာလည်း သက်ကြီးရွယ်အိုပါမကျန်၊ နေရာတကာတွင်ပင် အနိုင်ကျင့်မှုများ ပေါ်ပေါက်နေသည်။

"နောက်လာတဲ့ မောင်ပုလဲ ဒိုင်းဝန်ထက်ကဲဆိုတာလို ဖြစ်နေပြီဟေ့" ဟု လူတို့ ပြောစမှတ်ပြုကြသည်။

ရာသီမှာ စွတ်စိုလာသည်။ မိုးသည် အရှိန်အငွေ့မသေတတ်သေးသော၊ ပြာပူများဖြင့် ဖုံးအုပ်နေသော ရေနံမြေကို မရှုရက်အားသည့်နှယ် ၎င်း၏ရေစက်ရေပေါက်တို့ဖြင့် သွန်းချဖျန်းပက် ပေးလိုက်သည်။ အေးမြစေရန် တတ်အားသမျှ သွန်းချပေးလိုက်သည်။

ခင်ခင်ကြီးသည် ပြတင်းပေါက်မှာ ထိုင်လျက် တံစက်မြိတ်မှ လျှောကျလာသော ရေစက်ရေပေါက်များကို ငေးကြည့်နေသည်။

အိမ်အတွင်း နေရာအနှံ့အပြားမှ မိုးယိုကျနေသည်။ ရှိရှိသမျှ ရေခွက်ဇလုံစသည်တို့ဖြင့် ခံထားသည့်တိုင် ကြမ်းပြင်မှာ ရေစွတ်စိုနေသည်။ ရေစီးကြောင်းများ စီးဆင်းနေသည်။

ခင်ခင်ကြီး၏ မျက်လုံးအိမ်ဝယ် မျက်ရည်ကြည် ခိုသီးနေသည်။ တစ်ခါတစ်ရံဝယ် မျက်ရည်များ စုပေါင်းလာလျက် ပါးပြင်အတိုင်း လိမ့်လျှောစီးဆင်းသွားတတ်သည်။

မိုးရေမိုးစက်များကို မြင်ရလေသောအခါ ရင်ထဲမှာ တမ်းဆွတ်ခြင်းဝေဒနာ အလိုလိုပေါ်ပေါက်လာသည်။ မိုးသည် အဘယ်မျှ လောကကို သာယာအေးချမ်းစေရန် ဖန်တီးနိုင်သည်ဆိုစေ ခင်ခင်ကြီး၏ရင်ထဲမှာ အပူမီးကိုငြိမ်းသတ်နိုင်စွမ်းမရှိ။ ရင်ကို အေးချမ်းသာယာစေရန် မတတ်နိုင်။

ယခုရက်များအတွင်း ခင်ခင်ကြီး သွားလာလှုပ်ရှားမှုကို မပြုဝံ့။ ဂျပန်စစ်သားများ၏ သတင်းသည် သူ့အား ခြေလှမ်းတုံ့နှေးစေသည်။ ဂျပန်စစ်သားများသည် ရမ်းကားလှသည်ဟု ဆိုသည်။ မိရှေ့ဖရှေ့မရှောင် ဗမာမိန်းကလေးများကို စော်ကားတတ်သည်ဟု ကြားရသည်။ ဖေဖေကိုယ်တိုင် အိမ်မှာ အနေများသည်။ အပြင်ထွက်ခဲသည်။

မနေ့တစ်နေ့က အဖြစ်အပျက်ကလည်း စိတ်နှလုံးတုန်လှုပ်ချောက်ချားအောင် ဖန်တီးပေးခဲ့သည်။ ဖေဖေသည် ရေနံတွင်းများကို အကဲခတ်ရန်ဆိုကာ အိမ်မှကားဖြင့် ထွက်သွားသည်။ လမ်းတစ်နေရာသို့ အရောက်၌ စီးလာသောကားကို ဂျပန်စစ်ဗိုလ်က သိမ်းလိုက်သည်။ ဖေဖေ့ကိုပင် ရိုက်မည် နှက်မည် လုပ်သွားခဲ့သေးသည်။ သည်ကစ၍ ဖေဖေသည် ဂျပန်မုန်းတီး ဆန့်ကျင်ရေးသမားတစ်ယောက် ဖြစ်လာသည်။

အားလုံးအနက် မေမေသည် ကရုဏာသက်ဖွယ် မိန်းမတစ်ယောက် ဖြစ်သည်ဟု ခင်ခင်ကြီးထင်သည်။ မေမေသည် သတင်းအစအနမျှ မကြားရတော့ပြီဖြစ်သော သားအတွက် ပူပန်ရသည်က တစ်မျိုး၊ သမီး၏အဖြစ်အတွက် ရင်နာရသည်က တစ်ဖုံဖြင့် ဘယ်အခါကြည့်ကြည့် ငေးငိုင်၍သာနေတတ်သည်။

"သမီးနဲ့မေမေဟာ ဘဝတူပါကွယ်။ သမီးရဲ့ ရင်ထဲမှာ ခံစားနေရသလို မေမေကိုယ်တိုင်လည်း ခံစားနေရတာပါပဲ။ ရှေးက ဝဋ်တုံ့ဝဋ်လှည့်ရှိရင် ဒီမျှနဲ့ ကျေပါစေတော့လို့ မေမေ ဆုတောင်းတယ် သမီး"

မေမေသည် သူ့ရင်ထဲမှ ခံစားရမှုကို ယင်းသို့ ဖွင့်ပြောတတ်သည်။ သမီးကိုလည်း တတ်နိုင်သမျှ ဖျောင်းဖျနှစ်သိမ့်တတ်သည်ပင်။

ခင်ခင်ကြီးသည် စောစောကပင် ကိုထွန်းခင်ကို ဦးမောင်ကလေးထံ လွှတ်လိုက်သည်။ သတင်းအမေးခိုင်းလိုက်သည်။

ကိုထွန်းခင် ပြန်လာလျှင် သတင်းတစ်စုံတစ်ရာကြားရလိမ့်မည်ဟု မျှော်လင့်ထားသည်။

ခပ်လှမ်းလှမ်းမှာ မိုးရေထဲမှ လျှောက်လာနေသော ကိုထွန်းခင်ကို မြင်ရသည်။

ခင်ခင်ကြီးသည် ကိုထွန်းခင်နှင့် တွေ့ရန်အတွက် အိမ်အထက်ထပ်မှ ဆင်းခဲ့သည်။ ကိုထွန်းခင်နှင့် ဧည့်ခန်းတွင် ဆုံရသည်။

ကိုထွန်းခင်အား ကြည့်မြင်ရသည်မှာ တစ်မျိုးဖြစ်နေသည်ဟု ထင်ရသည်။

ကိုထွန်းခင်သည် ခင်ခင်ကြီးအား မီးဖိုခန်းဆီသို့ မျက်ရိပ်ပြ ခေါ်သွားသည်။ ခင်ခင်ကြီး မီးဖိုခန်းသို့ လိုက်ခဲ့သည်။

"ငါတော့ ဘယ်ကစပြီး ပြောရမလဲမသိဘူး ခင်ခင်ကြီး" ကိုထွန်းခင်၏စကားကြောင့် ခင်ခင်ကြီး၏ ရင်ထဲမှာ ထိတ်သွားသည်။

"ဘာဖြစ်လို့လဲ ဦးလေး ကိုထွန်းခင်။ ဘာသတင်းကြားခဲ့လို့လဲဟင်"

ကိုထွန်းခင်သည် စကားပြောရန် အလွန်အမင်းဝန်လေးလျက်ရှိသည့် အသွင်ဖြင့် စကားမပြောမီ သက်ပြင်းကိုအလျင်ရှိုက်သည်။

"စလင်းဘက်ကို စစ်ပြေးခဲ့တဲ့ လူတစ်ယောက်ဆီက ဦးမောင်ကလေးတို့ရဲ့ သတင်းကိုကြားခဲ့ရတယ်"

"ဟုတ်လား။ ဘယ်လိုကြားခဲ့ရလဲ ဦးလေး ကိုထွန်းခင်"

ခင်ခင်ကြီး၏မျက်နှာမှာ စိတ်အားတက်ကြွသည့် အရိပ်အသွင်ပေါ်လာသည်။ ကိုထွန်းခင်၏စကားကို အလွန်စိတ် စောနေမိဟန်ရှိသည်။

ကိုထွန်းခင်က ဆိုင်းနေရာ ခင်ခင်ကြီးသည် အားမလိုအားမရ ဖြစ်လာဟန်ဖြင့် ကိုထွန်းခင်၏ လက်မောင်းကို ဆွဲလှုပ်သည်။

"ပြောစမ်းပါဦး ဦးလေး ကိုထွန်းခင်ရယ်။ မြန်မြန်ပြောစမ်းပါ"

ကိုထွန်းခင်သည် ခင်ခင်ကြီး၏ မျက်နှာကို ကရုဏာသက်သလို စူးစိုက်ကြည့်သည်။

"စိတ်ခိုင်ခိုင်ထားပြီးတော့သာ နားထောင်ပေတော့ ခင်ခင်ကြီး၊ အဲဒီလူပြောတဲ့သတင်းဟာ သတင်းကောင်း မဟုတ်ဘူး။ သတင်းဆိုး၊ ဦးမောင်ကလေးတို့ ဓားပြအသတ်ခံရလို့ သေကုန်ကြပြီတဲ့"

"ရှင်"

ခင်ခင်ကြီးသည် အာမေဋိတ်သံကိုသာ သံပြုလိုက်နိုင်ရှာသည်။ လဲပြိုမသွားစေရန်အတွက် ကိုထွန်းခင်၏ လက်မောင်းကို အားပြုဆုပ်ကိုင်လိုက်ရသည်။ ရင်ထဲမှာ ဟာသွားသည်။ အသည်းနှလုံးထဲမှာ ပူခနဲနေသွားသည်။

ဆက်လက်ဖော်ပြပါမည်။

"ခင်ခင်ကြီးသည် ပြတင်းပေါက်မှာထိုင်လျက် တံစက်မြိတ်မှ လျှောကျလာသော ရေစက်ရေပေါက်များကို ငေးကြည့်နေသည်။ ခင်ခင်ကြီး၏မျက်လုံးအိမ်ဝယ် မျက်ရည်ကြည် ခိုသီးနေသည်။ တစ်ခါတစ်ရံဝယ် မျက်ရည်များ စုပေါင်းလာလျက် ပါးပြင်အတိုင်း လိမ့်လျှောစီးဆင်းသွားတတ်သည်။ မိုးရေမိုးစက်များကို မြင်ရလေသောအခါ ရင်ထဲမှာ တမ်းဆွတ်ခြင်းဝေဒနာ အလိုလိုပေါ်ပေါက်လာသည်။ မိုးသည် အဘယ်မျှ လောကကို သာယာအေးချမ်းစေရန် ဖန်တီးနိုင်သည်ဆိုစေ ခင်ခင်ကြီး၏ရင်ထဲမှာ အပူမီးကိုငြိမ်းသတ်နိုင်စွမ်း . . ."

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**




အားကစား

မြှင့်တင်

စိတ်လန်းရွှင်

ဆန့်ကျင်

မူးယစ်ဆေး

## ငှားရန်ရှိသည်

မြလမ်း၊ သာခုကန်စက်မှုဇုန်၊ ရွှေပြည်သာမြို့နယ်တွင် မြေဧက(၃.၁၈ဧက)ပေါ်ရှိ ၄ ထပ်တိုက်နှင့် စက်ရုံအဆောက်အဦပါ (၁၅၀၀၀၀ sqft ) မြေကွက်ငှားရန်ရှိသည်။

**ဆက်သွယ်ရန်-၀၉-၇၉၂၀၀၄၃၆၂၊ ၀၉- ၉၆၅၁၀၈၄၅၄**

## ကန့်ကွက်နိုင်ပါကြောင်း

ဦးတင်ငွေ (CK-၀၂၀၂၄၄)၏အမည်ဖြင့် အိုးအိမ်ဦးစီးဌာနတွင် တရားဝင်အမည်ပေါက်ပြီး ၎င်းထံမှ အဆင့်ဆင့်အရပ်စာချုပ်များဖြင့် ဝယ်ယူလက်ရောက်ရရှိထားပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်တိုးတိုးမာ [၁၂/ဥကမ(နိုင်) ၀၉၇၂၄၁]က ဝန်ခံလျက်အောက်စာရင်းပါပစ္စည်းတို့ကို ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးပြည့်ဖြိုးဟိန်း [၁၂/ရကန(နိုင်)၀၇၄၄၄၈]ကိုင်ဆောင်သူက အပြီးအပိုင် ဝယ်ယူရန်သဘောတူ၍ စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် ယင်းပစ္စည်းအပေါ် ပိုင်ရေးဆိုင်ခွင့် အရေးဆိုအငြင်းပွားလိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်-

**အရောင်းအဝယ်ပြုလုပ်သည့်ပစ္စည်းစာရင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၈)၊ စွယ်တော်လမ်း၊ မြေကွက်အမှတ်(၆၇၈)၊ ပေ(၄၀x၆၀)၊ (မခွဲစိတ်ရသေး) (ပါမစ်မြေအမျိုးအစား) မှ ခေါင်းရင်းဘက်ခြမ်း ပေ(၂၀x၆၀)ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးပြည့်ဖြိုးဟိန်း**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနိုင်ဝင်း (LL.B., D.B.L., D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၇၈၉/၂၀၂၀)**
**ရုံး-အမှတ်(၁၈၉/၁၉၅)၊ (၁၀)လွှာ (အေ)**
**ပန်းဆိုးတန်းအောဖစ်တာဝါ၊ ပန်းဆိုးတန်းလမ်း(လယ်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉- ၄၃၀၈၈၄၇၈**

# အာရှဖလား အမျိုးသမီးပြိုင်ပွဲ အုပ်စုဒုတိယပွဲအဖြစ် မြန်မာနှင့် တောင်ကိုရီးယားအသင်း ယနေ့ ကစားမည်

**ရန်ကုန် ဇန်နဝါရီ ၂၃**

၂၀၂၂ အာရှဖလား အမျိုးသမီးပြိုင်ပွဲ အုပ်စု(ခ၊ ဂ) ဒုတိယနေ့ပွဲစဉ်များကို ဇန်နဝါရီ ၂၄ ရက်တွင် အိန္ဒိယနိုင်ငံ၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအမျိုးသမီးအသင်းသည် တောင်ကိုရီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ယှဉ်ပြိုင်ကစားမည်**

အုပ်စုဒုတိယနေ့အဖြစ် ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် မြန်မာနှင့် တောင်ကိုရီးယား၊ မြန်မာစံတော်ချိန် ညနေ ၄ နာရီခွဲတွင် ဖိလစ်ပိုင်နှင့် သြစတြေးလျ၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် အင်ဒိုနီးရှားနှင့် ထိုင်း၊ မြန်မာစံတော်ချိန် ည ၈ နာရီခွဲတွင် လက်ရှိချန်ပီယံ ဂျပန်နှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

ဇန်နဝါရီ ၂၁ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် အုပ်စု(ခ) ပထမနေ့တွင် သြစတြေးလျက အင်ဒိုနီးရှားကို ၁၈ ဂိုး-ဂိုးမရှိ၊ ဖိလစ်ပိုင်က ထိုင်းကို တစ်ဂိုး-ဂိုးမရှိ၊ အုပ်စု (ဂ) ပထမနေ့တွင် ဂျပန်က မြန်မာကို ငါးဂိုး-ဂိုးမရှိ၊ တောင်ကိုရီးယားက ဗီယက်နမ်ကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် ပထမပွဲတွင် လက်ရှိချန်ပီယံ ဂျပန်ကို ငါးဂိုးပြတ်အရေးနိမ့်ခဲ့သော်လည်း ပထမပိုင်းတွင် တစ်ဂိုးသာခွင့်ပြုခဲ့ရသဖြင့် ယနေ့ပွဲတွင် တောင်ကိုရီးယားကို ယင်းကဲ့သို့ ကစားပါက ပေးဂိုးနည်းဖွယ်ရှိနေသည်။

**ထပ်မံလွဲချော်မည်**

အာရှထိပ်သီးစာရင်းဝင် တောင်ကိုရီးယားနှင့် မြန်မာအသင်းမှာ ခြေစွမ်းပိုင်းအရ ကွာခြားသဖြင့် ရမှတ်ရယူနိုင်ရန် ခက်ခဲနိုင်သော်လည်း ပေးဂိုးနည်းရန် အဓိကကြိုးပမ်းရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းတွင် နည်းပြအဖွဲ့ဝင်နှင့် ကစားသမားအချို့ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရသဖြင့် တောင်ကိုရီးယားနှင့်ပွဲတွင် ထပ်မံလွဲချော်မည်ဖြစ်သည်။

ဇန်နဝါရီ ၂၃ ရက်က ကျင်းပသည့် အုပ်စု(က) ဒုတိယနေ့တွင် တရုတ်အသင်းက အီရန်အသင်းကို ခုနစ်ဂိုးပြတ်အနိုင်ယူပြီး နှစ်ပွဲဆက်အနိုင်ရခဲ့သည်။ ယခုပြိုင်ပွဲတွင် မထင်မှတ်သည့်ရလဒ်ထွက်ပေါ်ခဲ့သည့်ပွဲမှာ ဖိလစ်ပိုင်က အာဆီယံထိပ်သီး ထိုင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ယူခဲ့ခြင်းဖြစ်ပြီး ယနေ့ယှဉ်ပြိုင်ရမည့်ပွဲတွင်လည်း မထင်မှတ်သည့်ရလဒ်အချို့ ထွက်ပေါ်လာမလား စောင့်ကြည့်ရမည်ဖြစ်သည်။ အုပ်စုဒုတိယနေ့အပြီးတွင် ကွာတားဖိုင်နယ်တက်ရောက်ခွင့်ရမည့် အသင်းအချို့ ထွက်ပေါ်လာဖွယ်ရှိနေသည်။ **ကိုညီလေး**

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁/၁၂)ရပ်ကွက်၊ ရွှေဥဒေါင်းလမ်း၊ အမှတ်-၄၀၀ နေ ဦးစိုးကြံရာ(ခ) ဦးထွန်းထွန်းနှင့် (ဒေါ်ဇီလာဝသီး)တို့၏ သားဖြစ်သူ မောင်အောင်နိုင်ထွန်းသည် ဖခင်ဖြစ်သူနှင့် မိသားစုအား ကိုယ်စိတ်နှလုံးစိတ်ဆင်းရဲစေပြီး ဂုဏ်သိက္ခာညှိုးနွမ်းစေရန်ပြုမူပြီး ဖခင်၏သွန်သင်ဆုံးမမှုကို နာခံခြင်းမရှိသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ သို့ဖြစ်၍ မောင်အောင်နိုင်ထွန်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကို မဆို တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြိုးဝတ်ရည်သင်း(အထက်တန်းရှေ့နေ)(စဉ်-၅၀၄၃၈)**
**ဖုန်း-၀၉-၇၇၈၅၀၂၃၇၊ ၀၉-၉၇၅၅၇၅၂၈၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ယမုံနာ(၂)ရပ်ကွက်၊ စံပြ(၄)လမ်း၊ အမှတ်(၇၉)၊ စတုတ္ထထပ်(ခ)(၅လွှာ)(ခေါင်းရင်းခန်း)ဟု ခေါ်တွင်သော အကျယ်အဝန်း (၃၉ပေx၁၁ပေခွဲ) ရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်လက်ရောက်ရရှိ ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဦးမင်းမင်းဝင်း[၁၂/သကတ(နိုင်)၁၂၈၄၆၁]နှင့် ဒေါ်လွင်မာညို[၁၂/ သကတ(နိုင်)၀၈၃၄၉၈]တို့မှ ရောင်းချရန်ကမ်းလှမ်းခဲ့၍ ဦးခင်မောင်ထူး[၁၂/ဗတထ(နိုင်)၀၂၁၁၈၉]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်သဖြင့် အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးခင်မောင်ထူး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးပြည်သာကျော်မိ(တရားလွှတ်တော်ရှေ့နေ)(စဉ်-၁၅၈၃၅)**
**အမှတ်(၅၈)(ဒုတိယထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၄၇၄၀၄**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၂)နေ ဒေါ်မြရီ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာလိုက်သည်-

ဒေါ်အိရွှေစင်[၁၄/ဇလန(နိုင်)၁၀၆၈၉၉]ကိုင်ဆောင်ထားသူသည် မိဘများဖြစ်ကြသည့် (ဦးငွေအောင်)နှင့် ဒေါ်မြရီတို့အား စိတ်မချမ်းမြေ့စေရန် ပြုလုပ်ခြင်း၊ မိဘများ၏ ဆိုဆုံးမမှုများကို နားထောင်မှုမရှိဘဲ ၎င်း၏ဆန္ဒအလျောက် ပြုမူနေထိုင်နေပါသဖြင့် ယနေ့မှစ၍ ၎င်းကိုသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း။

နောက်နောင်တွင် ဒေါ်အိရွှေစင်၏ ပြုမူဆောင်ရွက်ချက်များသည် မိဘများဖြစ်ကြသည့် (ဦးငွေအောင်)၊ ဒေါ်မြရီတို့နှင့် ပတ်သက်မှု၊ သက်ဆိုင်မှုမရှိတော့ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို မိဘများမှ လိုက်လံတာဝန်ယူဖြေရှင်းပေးခြင်းတို့ပြုလုပ်တော့မည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းရီအောင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၈၄၂၄)**
**(မ/၂၀၉၉)၊ နိဗ္ဗာန်(၅)လမ်း၊ တောင်သူကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၈၄၉၀၃**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း


ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဦးချစ်မောင်အိမ်ရာ၊ အမှတ်(S-10)နေ ဦးမျိုးအောင်၊ ဒေါ်အိအိချောတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဦးမျိုးအောင်၊ ဒေါ်အိအိချောတို့၏သားဖြစ်သူ မောင်နေမျိုးထက်[၁၂/တမန(နိုင်)၁၂၁၄၀၉]သည် မိဘများ ဆိုဆုံးမမှုကို မနာခံဘဲ ၎င်းသဘောဆန္ဒအလျောက်နေအိမ်မှ ဆင်းသွားခဲ့ပါသည်။ မိသားစုဝင်များ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့သောကြောင့် မောင်နေမျိုးထက်အား ယခုကြေညာထည့်သည့်ရက်မှစ၍ သားအဖြစ်မှစွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ မောင်နေမျိုးထက်နှင့်ပတ်သက်သော ငွေရေးကြေးရေး အရှုပ်အရှင်းပြဿနာများနှင့် အခြားမည်သည့်ကိစ္စရပ်များကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း မောင်နေမျိုးထက်နှင့် အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းပပအောင်**
**LL.B,LL.M,D.B.L,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၉၆၇)**
**The Light House (Legal Service & Consultancy Group)**
**အမှတ်(၁၀၂၅)၊ အင်း၀(၉)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၈၈၀၈၈၈၃၁၇၊ ၀၉-၆၉၂၂၁၄၃၄၈၊ ၀၉-၆၆၃၉၉၈၉၉၆**

လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။




# အမှတ်ပေးဇယားထိပ်ဆုံးတွင် မန်စီးတီး ဆက်လက်ဦးဆောင်

မန်စီးတီးအသင်းဟာ ပရီမီယာလိဂ်ပွဲစဉ်(၂၃)အဖြစ် ဇန်နဝါရီ ၂၂ ရက် ညပိုင်းက ဆောက်သမ်တန်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပေမယ့် ပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်ဆုံးမှာ ဆက်လက်ဦးဆောင်ခွင့် ရရှိနေတာလည်း ဖြစ်ပါတယ်။

**ဦးဆောင်ဂိုးစတင်ရရှိ**

ဆောက်သမ်တန်အသင်းနဲ့ မန်စီးတီးအသင်းတို့ ပွဲစဉ်မှာ အိမ်ရှင်အဖြစ် ညှော့ခံကစားခဲ့တဲ့ ဆောက်သမ်တန်အသင်းဟာ ပထမပိုင်းပွဲကစားချိန် ခုနစ်မိနစ်မှာပဲ ဝေါ်ကာပီတာရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့တာဖြစ်ပြီး ညှော့သည်အဖြစ် လာရောက်ကစားခဲ့တဲ့ မန်စီးတီးအသင်းကတော့ ပွဲကစားချိန် ၆၅ မိနစ်ရောက်မှသာ လာပေါ့တီရဲ့ သွင်းဂိုးနဲ့ ချေပဂိုးရရှိခဲ့တာ ဖြစ်ပါတယ်။



မန်စီးတီးအသင်းအနေနဲ့ ဆောက်သမ်တန်အသင်းကို သရေတစ်မှတ်သာ ကစားနိုင်ခဲ့ခြင်းဟာ အောက်တိုဘာလနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် သရေတစ်မှတ်သာ ရယူနိုင်ခဲ့ခြင်းဖြစ်ပြီး ပရီမီယာလိဂ် အမှတ်ပေးဇယားမှာ အဆင့်(၂)နေရာက လီဗာပူးအသင်းကို ၁၂ မှတ်ဖြတ်ကာ ဆက်လက်ဦးဆောင်ခွင့်ရရှိနေတာလည်း ဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ ဆောက်သမ်တန်အသင်းနဲ့ ပွဲစဉ်မှာ သရေရလဒ်မထွက်ပေါ်ချိန်အထိ ပရီမီယာလိဂ်ပြိုင်ပွဲရဲ့ နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ် ၁၂ ပွဲမှာ ၁၂ ပွဲစလုံးကို အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့တဲ့ အသင်းလည်း ဖြစ်ပါတယ်။

**အသီးသီးအနိုင်ရရှိ**

ဆောက်သမ်တန်အသင်းနဲ့ မန်စီးတီးအသင်းတို့ ပွဲစဉ်နဲ့အတူ တစ်ရက်တည်း ယှဉ်ပြိုင်ကစားခဲ့တဲ့ အခြားသော ပရီမီယာလိဂ်ပွဲစဉ်တွေမှာ မန်ယူအသင်းက ဝက်စ်ဟမ်းအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ နယူးကာဆယ်အသင်းက လိဒ်ယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ဝုလ်ဗာဟမ်တန်အသင်းက ဘရန်းဖို့ဒ်အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ အက်စ်တွန်ဗီလာအသင်းက အဲဗာတန်အသင်းကို တစ်ဂိုး-ဂိုးမရှိစသဖြင့် အသီးသီးအနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။ **ငွေကြယ်**

## လျှပ်စစ်ကိုဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

★ မြက်ခင်းရေဖျန်းစနစ် ရေပန်းတို့ကို လိုအပ်သည်ထက် အချိန်ပိုသုံးခြင်းကို လျှော့ပါ။
★ ရေပိုကုန်ရာမှ ရေစုပ်စက် / ရေတင်စက်များကို အချိန်ကြာကြာသုံးရသည်မှ လျှပ်စစ်မီတာခကို ပိုကုန်ကျစေနိုင်ပါသည်။
★ လတ်တလောအသုံးမပြုသည့် လျှပ်စစ်ပစ္စည်းများ၏ Plug ခေါင်းများကို Scoket များမှ ဖြုတ်ထားပါ။
★ ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်မီးကို နေ့စဉ် ချွေတာသင့်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City အိမ်ရာ(သံလွင်ရိပ်မွန်အိမ်ရာ)၊ စီမံကိန်းအဆင့် တိုက်အမှတ်(B-2)၊ အခန်းအမှတ်(503)၊ အကျယ်အဝန်း(၆၄၂)စတုရန်းပေရှိ တိုက်ခန်းအား ပိုင်ရှင်ဖြစ်သူများဖြစ်ကြသော ဦးချိုဦး[၁၀/ကထန(နိုင်)၀၆၃၆၅၂]နှင့် ဒေါ်ရီမွန်မြင့်[၁၂/ရကန(နိုင်)၀၆၇၈၇၁]ကိုင်ဆောင်သူတို့မှ တရားဝင်ပိုင်ဆိုင်၍ ၎င်းတို့၏ ကိုယ်စားလှယ်ရရှိသူ ဒေါ်ခင်မာမြင့်(မှတ်ပုံတင်အမှတ်)[၁၂/ဥကတ(နိုင်)၀၅၀၃၀၈]ကိုင်ဆောင်သူမှ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလာ၍ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း(မူရင်း)အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မိုးမိုးမြင့်**
**အထက်တန်းရှေ့နေ(စဉ်-၅၀၆၀၆)**
**အမှတ်(၁)၊ မယ်ဇလီပင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၅၀၁၂၂၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၊ လူနေရပ်ကွက်အမှတ်-ဗိုလ်ထွန်းဇံ၊ မြေကွက်အမှတ်-၃၇၊ ဧရိယာ-၀.၀၂၈ဧကေ၊ (၁၂၅၀)စတုရန်းပေ၊ အကျယ်အဝန်းပေ(၂၅x၅၀)ရှိ ဒေါ်တင်မျိုးသန်း[၁၂/လမတ(နိုင်)၀၀၄၈၁၉]အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၆၄၊ ဗိုလ်တေဇလမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံမြို့နယ်ဟုခေါ်တွင်သော မီတာပါရှိသည့် နှစ်ထပ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရှုပ်အရှင်းကင်းစွာ ပိုင်ဆိုင်လက်ရောက်ရရှိထားသဖြင့် ရောင်းချပိုင်ခွင့်အပြည့်ရှိကြောင်း၊ ဂရန်အမည်ပေါက် ဒေါ်တင်မျိုးသန်းမှ ဝန်ခံကတိပြုလာသည့်အတွက် ဒေါ်သူဇာအောင်[၁၄/ဘကလ(နိုင်)၂၈၉၄၀၉]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်ကြောင်း အထောက်အထား(မူရင်း)များနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အားပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သန္တာလွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၆၅)**
**အမှတ်-၃၈၈၊ အေးမြသာယာလမ်း၊ ၃၂-ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၃၂၁၈၀၁၃၊ ၀၉-၇၈၆၃၁၇၂၈၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၆/အရှေ့ရပ်ကွက်၊ အောင်သုခ(၂၂)လမ်း၊ မြေကွက်အမှတ်(၁၁၈၇)၊ အကျယ်ပေ(၂၀x၆၀)ရှိ နှစ်(၆၀)ဂရန်မြေနှင့်သစ်သားတစ်ထပ်အိမ်ကို အမည်ပေါက် ဦးတင်လှိုင်[၁၂/သကတ(နိုင်)၀၁၂၅၇၅]ထံမှ စာချုပ်အဆက်အစပ်ဖြင့် ဝယ်ထားသူ ဒေါ်မာမာဝေ[၁၂/သကတ(နိုင်)၀၁၁၀၂၆]၏သားသမီးများဖြစ်ကြသော ဦးသီဟဇော်[၁၂/သကတ(နိုင်)၁၉၂၀၀၄]နှင့် ဒေါ်ဝင်းပပပြည့်[၁၂/သကတ(နိုင်)၁၉၈၈၆၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးမင်းထွန်း[၁၂/ကမတ(နိုင်)၀၆၃၇၅၁]က အပြီးအပိုင် ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေပြီးဖြစ်ရာ ဤအရောင်းအဝယ်နှင့် ပတ်သက်၍ ပိုင်ဆိုင်ခံစားခွင့်ရှိသူမည်သူမဆို ဤကြေညာပါသည့် နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေမီလှိုင်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၉၁)**
**အမှတ်(၈၂)၊ (၁၂)လမ်း၊ လမ်းမတော်မြို့နယ်။**
**ဖုန်း-၀၉-၄၂၁၀၀၉၄၆၃၊ ၀၉-၇၉၈၄၀၆၃၇၇**

ကြီးမြန်
သစ်ပင်
စိုက်
ပျိုး
လျှင်
စွမ်း
အင်
လည်း
ရ
ပြည်
လည်း
လှ

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ) ရပ်ကွက်၊ ခ/၅လမ်း၊ အမှတ်(၁၂၄/ခ)၊ မြေတိုင်း ရပ်ကွက်အမှတ်-မြို့သစ်(ခ)၊ မြေကွက် အမှတ်-၁၀၉/က၊ မြေအကျယ်အဝန်း-၂၀'x၆၀'၊ မြေဧရိယာ (၀.၁၂၄၅)ဧက၊ မြေစတုရန်းပေ (၁၂၀၀)ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးကျော်စိုး (၁၂/မရက(နိုင်) ၀၀၈၃၂၁)ကိုင်ဆောင်သူမှ ရန်ကုန်မြို့တော်စည်ပင်သာယာ ရေး ကော်မတီတွင် အမည် ပေါက်အမှတ်အသား တည်ရှိပါသည်။ အမည်ပေါက် ပိုင်ဆိုင်သူမှ ယခုအရောင်းအဝယ် ပြုလုပ်သည့် အိမ်ခြံမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံး ကို တရားဝင်လက်ရှိပိုင်ဆိုင်သူ လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ် ပြုလုပ်သည့် တန်ဖိုး ငွေ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ် ပေးချေထားပြီးဖြစ်၍ အဆိုပါ အိမ်ခြံမြေကွက်နှင့် တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့နှင့်ပတ်သက်၍ ကန့်ကွက်လို သူများရှိပါက ခိုင်မာသော စာရွက်စာတမ်း အထောက် အထား မူရင်းများဖြင့် ကြော်ငြာ ပါသည့်ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက် မည့်သူ မရှိပါက အရောင်း အဝယ်စာချုပ်ကို ဥပဒေနှင့် အညီချုပ်ဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်နွေနှင်းအေး (စဉ်-၂၈၂၉၃)
LL.B, B.A(B.Law), DBL, DIL, DML
အထက်တန်းရှေ့နေ
အမှတ်(၈၆၃)၊ တိုက်-ဘီ၊ ၇-လွှာ၊ မုဒိတာအိမ်ယာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - 09 5194593, 09250060946

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ မကြီးကြီးလမ်း၊ တိုက်အမှတ်-(၄၈)၊ (၅-လွှာ/A)၊ အကျယ်အဝန်း ပေ(၁၈x၇၀)ရှိ တိုက်ခန်းကို အပျောက်စနစ်ဖြင့် ဝယ်ယူရန် လက်ရှိတရားဝင်ပိုင်ရှင်ဖြစ်သော ဒေါ်ဦးသန်းမေ [၁၁/စတန(နိုင်) ၀၃၃၅၅၉]သို့ ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်အေးမြင့်ရီ** | **ဒေါ်စိုးစိုးမြင့်** | **ဦးသိန်းညွှန့်** |
| **BSc, DA, HGP, R.L, DBL, DML, DIL** | **LL.B,(စဉ်-၁၀၀၆၃)** | **BA, HGP, R.L, DBL, DML, DIL** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၁၇၃)** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၆၁)** |

**အမှတ်-၁၀၁၊ ပထမထပ်၊ ၃၉-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၇၉၈၈၂၇၅၉၀ ၀၉- ၄၂၁၀၃၅၉၆၃ ၀၉- ၅၀၅၃၁၀၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉)၊ မြေကွက်အမှတ်(၆၃၇)၊ ဧရိယာပေ(၄၀x၆၀) အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေကွက်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးတင်မောင်(YDN-၀၀၈၈၁၃)အမည်ဖြင့် မှတ်သားတည်ရှိပြီး ယင်းမြေကွက်၏ခြေရင်းဘက်ခြမ်း၊ ဧရိယာ ပေ(၂၀x၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ် BN အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပြီးပိုင်ဆိုင်ကြောင်း အဆိုပြုသူ ဦးဝဏ္ဏဇော်[၇/ဒဥန(နိုင်)၀၂၄၉၄၉]က အမွေဆိုင်၊ အပေါင်အနှံ၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ မိမိလက်ဝယ်ထားပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည် လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုသည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှဲ့လှဲ့ဝင်း(LL.B,D.B.L,D.I.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၁၃၂)**
**အမှတ်(၁၀၈/၁၁၀)၊ (၃၈)လမ်း(အောက်)၊ (၆)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၀၁၅၄၆၂၄၀၊ ၀၉-၇၉၉၅၉၅၅၀၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ မြတ်လေးလမ်း၊ မြေကွက်အမှတ်(၁၂၇၂)၊ ဦးသောင်းလွင် အမည်ပေါက် ပါမစ်မူရင်းပါ မြေအကျယ်ပေ(၄၀x၆၀)ရှိမြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်မြတ်မြတ်စိုး[၈/မကန(နိုင်)၁၁၁၈၇၇]မှဝယ်ယူပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဒေါ်ဝင်းဝင်းနွယ်[၉/မကန(နိုင်)၁၀၀၃၀၁]မှ စရန်ငွေ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၁၄)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **ညွှန်ကြားသူ** | **ညွှန်ကြားချက်အရ-** |
| **ဒေါ်ဝင်းဝင်းနွယ်** | **ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြရွှေး(H.G.P,LL.B)** |
| | **တရားလွှတ်တော်ရှေ့နေ (စဉ်-၆၆၀၅)၊ (၂၀-၇-၁၉၉၈)** |
| | **ရုံး-(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊** |
| | **မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၅၄၀၇၂၂၉** |

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၀-ရပ်ကွက်၊ ဗိုလ်ဂါမဏိလမ်း၊ အမှတ်(၃၃၂)ဟုခေါ်သော မြေပေါ်ရှိ (၂)ခန်းတွဲ RC(၆)ထပ်တိုက်၏ ဒုတိယထပ်(၃)လွှာ(အေ) အကျယ် (၁၉x၅၄)ပေရှိ ကိုယ်ပိုင်ရေမော်တာ၊ ကိုယ်ပိုင်လျှပ်စစ်မီတာအပါအဝင် တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြေပိုင်ရှင် ဦးထွန်းထွန်းသန်း(ခ) ဦးထွန်းထွန်းကျော်ထံမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ဆန်ဒေါင်းရှင်းရမ် [၁/ပတအ(နိုင်)၀၃၇၈၉၉]က တရားဝင် စီမံခန့်ခွဲလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မျိုးမဝင်း [၁၂/ဒဂမ(နိုင်)၀၁၅၅၀၃]က ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ထိုတိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခိုင်ငြိမ်းအောင်**
**LL.B, LL.M (International Law), WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၉)**
**အမှတ်(၆၈၁)၊ ဝေဇယန္တာအနောက်(၁၅)လမ်း၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်။**
**ဖုန်း-၀၉-၄၂၀၀၇၇၃၁၅၊ ၀၉- ၇၇၇၂၀၇၇၂၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (စျ-၁၀/၃၄)ရပ်ကွက်၊ ဇွဲကပင်လမ်း၊ မြေကွက်အမှတ်(၉၉၁/ခ)၊ မြေအကျယ်အဝန်း အလျား ပေ (၂၀)xအနံ ပေ(၆၀)ရှိ ဒေါ်လပ်ချမီး အမည်ပေါက်ရရှိထားသော ပါမစ်မြေအမျိုးအစား မြေကွက်ကို အရပ်ကတိစာချုပ်အရ ဝယ်ယူပိုင်ဆိုင်ထားသူ ဦးရန်နိုင်ထွန်း [၁၁/အမန(နိုင်)၀၅၂၈၄၃]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်နွယ်သန္တာအောင် [၁၂/အစန(နိုင်)၁၈၇၂၃၂]မှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းရီအောင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၈၄၂၄)**
**(မ/၂၀၉၉)၊ နီဗွာန်(၅)လမ်း၊ တောင်သူကုန်းရပ်ကွက်၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉- ၄၂၀၀၈၄၉၀၃**

## အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၁၃)ရပ်ကွက်၊ သီတာလမ်း၊ အိမ်အမှတ်(၃၃)တွင် နေထိုင်သူ ဒေါ်မြမြသန်း(ဘ)ဦးချစ်၊ နိုင်ငံသားကတ်ပြားအမှတ်-[၁၂/လမန(နိုင်)၀၃၅၃၁၃]ကို ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၁၃)ရပ်ကွက်၊ သီရိမြိုင်(၁၀)လမ်း၊ အိမ်အမှတ်(၂၄၆)ရှိ ဒါဘာတိုက်ခန်း၊ ခေါင်းရင်း(A) အခန်းကို ဒေါ်မြမြသန်းက မူလပိုင်ရှင် ဒေါ်ခင်အေးထံမှ (၂-၇-၂၀၁၂)ရက်စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်တွင် ဒေါ်မြမြသန်းကိုယ်တိုင်လက်မှတ်ရေးထိုးကာ ဝယ်ယူခဲ့သော တိုက်ခန်းဖြစ်ပြီး ၎င်းတိုက်ခန်းအရောင်းအဝယ်စာချုပ်မူရင်းမှာလည်း ဒေါ်မြမြသန်း လက်ဝယ်သိမ်းဆည်းထားရှိပါသည်။ အထက်ပါတိုက်ခန်းကို ဒေါ်မြမြသန်း၏ သဘောတူညီချက်မပါဘဲ မည်သူတစ်ဦးတစ်ယောက်မျှ တရားမဝင်သောနည်းလမ်းဖြင့် ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ အာမခံထားခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ်ထားရှိကြောင်း တွေ့ရှိရပါက တည်ဆဲတရားဥပဒေအရ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ညွှန့်(ဥပဒေတွဲ့)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၃၂၄၃/၂၀-၈-၁၉၈၅)**
**အမှတ်(၁၅)၊ အခန်း(၀၀၂)၊ ထီးလှိုင်ရှင်အိမ်ရာ၊ (၈)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။**
**Ph:09-253736821**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၅၂)လမ်း(အလယ်ဘလောက်)၊ ဒုတိယထပ်၊ အမှတ်(၁၀၃)တွင် ရုံးခန်းဖွင့်လှစ်ထားသော ROYAL MOE KAUNG International Co.,Ltd မှ ဒါရိုက်တာများ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်သည်မှာ-

ကျွန်ုပ်မိတ်ဆွေများသည် အထက်ဖော်ပြပါ နေရပ်လိပ်စာတွင် ယခင်က ROYAL YE HTUT MOE KAUNG International Co.,Ltd (တော်ဝင်ရဲထွဋ်မိုးကောင်းအပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက်)အမည်ဖြင့် စီးပွားရေးလုပ်ငန်းများအား ကုမ္ပဏီမှတ်ပုံတင်အမှတ်-104366503 ဖြင့် လုပ်ကိုင်ခဲ့ပါသည်။ ကျွန်ုပ်မိတ်ဆွေ ဒါရိုက်တာများ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ တော်ဝင်ရဲထွဋ်မိုးကောင်းအပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက် အမည်အား တော်ဝင်မိုးကောင်းအပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက်အမည်ဖြင့် ပြောင်းလဲလုပ်ကိုင်၍ လုပ်ငန်းများဆောင်ရွက်သွားရန် သဘောတူကြပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့ တင်ပြလျှောက်ထားခဲ့ရာ ခွင့်ပြုချက်ရရှိပြီးဖြစ်၍ ယနေ့မှစ၍ ROYAL MOE KAUNG International Co.,Ltd (တော်ဝင်မိုးကောင်းအပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက်) အမည်ဖြင့် အထက်ဖော်ပြပါ နေရပ်လိပ်စာတွင် စီးပွားရေးလုပ်ငန်းကိစ္စများ ဆက်လက်လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းသင်းမော်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၂၆)**
**အမှတ်(၄၅/၁)၊ မြေညီထပ်၊ (၄၃)လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၀၀၃၁၂၉၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၁၂၉)ဟုခေါ်တွင်သည့် (၂)ခန်းတွဲ (၃)ထပ်ခွဲတိုက်၏ မြေညီထပ်(ခေါင်းရင်းခန်း) တိုက်ခန်း(၁)ခန်းနှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးသန်းဦး[၁၂/မရက(နိုင်)၀၂၀၄၀၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြလှဲ့ဝင်း(LL.B) အထက်တန်းရှေ့နေ(စဉ်-၂၀၉၅၁)**
**အမှတ်(၈၃)၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၅၁၈၃၃၊ ၀၉-၅၀၉၀၅၅၃**

## ဦးသန်းဇော်ထွန်း[၅/ခဥတ(နိုင်)၀၅၄၇၇၁]နှင့် အများသိစေရန်ကြေညာခြင်း

လူကြီးမင်း ဦးသန်းဇော်ထွန်းသည် မိသားစု(၅)ဦးနှင့်အတူ ကျွန်ုပ်မိတ်ဆွေပိုင်ဆိုင်သော ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ဘိုးလိန်ရပ်ကွက်၊ ဗညားဒလလမ်း၊ မင်္ဂလာမြို့တော်အိမ်ရာစီမံကိန်း၊ (၇)ထပ်တိုက်၏ တိုက်(အေ)၊ အခန်းအမှတ်(၃၁၀)၊ ၄-လွှာတိုက်ခန်းအား (၄-၈-၂၀၂၀)ရက်စွဲပါ "အိမ်ရှင်/အိမ်ငှား နှစ်ဦးသဘောတူ တိုက်ခန်းငှားရမ်းခြင်းကတိစာချုပ်"ချုပ်ဆိုခဲ့ပြီး (၁)နှစ် ငှားရမ်းခဲ့ကြရာ (၉-၈-၂၀၂၁)ရက်တွင် ငှားရမ်းကာလ ကုန်ဆုံးခဲ့ပြီးဖြစ်သဖြင့် အိမ်ရှင်မှ လူကြီးမင်းအား ဆက်သွယ်ရန် အကြိမ်ကြိမ်ကြိုးစားခဲ့သော်လည်း အဆက်အသွယ်မရရှိသဖြင့် အိမ်ရှင်မှာ နောက်လူငှားရမ်းရန် အခက်အခဲဖြစ်ပြီး အလွန်နစ်နာလျက်ရှိနေပါသည်။ လူကြီးမင်းမှ ထိုတိုက်ခန်းအား သော့ခတ်ထားပါသဖြင့် အဆိုပါသော့ကို လူကြီးမင်းမှ လာရောက်ဖွင့်ပြီး တိုက်ခန်းအား အိမ်ရှင်ထံ လက်ရောက်လွှဲပြောင်းအပ်နှံပေးရန်နှင့် အိမ်ရှင်နှင့်အိမ်ငှားကြား ငှားရမ်းထားသည့်ငွေကြေးနှင့်ပတ်သက်ပြီး ရရန်၊ ပေးရန် စာရင်းကိစ္စများကို (၇)ရက်အတွင်း လူကြီးမင်းမှ လာရောက်ရှင်းလင်းရန် အသိပေးအပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ လာရောက်မရှင်းလင်းပါက လူကြီးမင်းနှင့်အိမ်ရှင်တို့ ချုပ်ဆိုထားသည့် (၄-၈-၂၀၂၀)ရက်စွဲပါ စာချုပ်၏အပိုဒ်(၁၀)အရ အိမ်ရှင်မှ ဆောင်ရွက်တော့မည်ဖြစ်ပါကြောင်း လူကြီးမင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ငြိမ်းအောင်**
**LL.B,LL.M(International Law), WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၉)**
**အမှတ်(၆၈၁)၊ ဝေဇယန္တာအနောက်(၁၅)လမ်း၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်။**
**ဖုန်း-၀၉-၄၂၀၀၇၇၃၁၅၊ ၀၉-၇၇၇၂၀၇၇၂၀**

## ကန့်ကွက်နိုင်ပါသည်

စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းအတွင်းရှိ အဆောင်(၁၁၀)၊ အခန်းအမှတ်(၁၊ ၂၊ ၃)နှင့် အဆောင်(၁၁၁)၊ အခန်း(၁၇၊ ၁၈၊ ၁၉)၏ ပိုင်ရှင် ဦးဖေဝင်း(ခ)ဟုန်ဖေဝင်း[၉/မနမ(နိုင်)၀၈၂၄၄၁]သည် (၆-၈-၂၀၂၀)ရက်တွင် အမှတ်(၉၅)၊ Wen Chang Road, Shin Lin ခရိုင်၊ တိုင်ပေမြို့တော်၊ ထိုင်ဝမ်၌ ကွယ်လွန်သွားပါသဖြင့် ၎င်းအမည်ဖြင့် ချထားပေးသော အခန်းချပါမစ်များမှာ ပျောက်ဆုံးသွားခဲ့ပြီး ဆိုင်ခန်းမှတ်ပုံတင်စာအုပ်များသာ ကျန်ရှိသောကြောင့် ဦးဖေဝင်း(ခ)ဟုန်ဖေဝင်း၏ဇနီးဖြစ်သူ ဒေါ်လင်းလင်းမြင့်(ခ)ခင်ဝင်းကြည်[၉/မရမ(နိုင်)၀၄၅၉၈၇]မှ ဦးဖေဝင်း(ခ)ဟုန်ဖေဝင်း၏ အမည်ပေါက် အခန်းချပါမစ်မိတ္တူမှန်လျှောက်ထားရန်နှင့် အမည်ပြောင်းလဲခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သောကြောင့် ကန့်ကွက်လိုပါက စော်ဘွားကြီး ကုန်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်း ကွက်ကဲရေးမှူးရုံးသို့ စာရွက်စာတမ်း အထောက်အထားပြည့်စုံစွာဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

| | |
|---|---|
| **(လွှဲအပ်ညွှန်ကြားသူ)** | **(လွှဲအပ်ညွှန်ကြားချက်အရ-)** |
| **ဒေါ်လင်းလင်းမြင့်(ခ)** | **ဦးဝင်းမြင့်(LL.M)** |
| **ခင်ဝင်းကြည်** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၁၄)** |
| **[၉/မရမ(နိုင်)၀၄၅၉၈၇]** | **အခန်း(အေ-၁၁၊ ၁၂)၊ ပထမထပ်၊ အမှတ်(၅၀)၊ ဘဏ်လမ်း၊** |
| | **ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။** |
| | **ဖုန်း-၀၉-၇၃၀၆၃၅၁၃၊ ၀၉-၄၅၄၉၂၀၅၀၅** |

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သန်းသန်းဝင်း [၁၂/ဥကမ(နိုင်)၀၀၄၇၀၃] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ (၇)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာ(အလယ်)လမ်း၊ အမှတ်-၂၀၂၊ အခန်း(၅)၊ (၃)လွှာ၊ တိုက်အား မျက်နှာမူလျှင် (ညာဘက်ခန်း)ရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဒေါ်ရွှေရွှေဝင်း [၁၂/ကတတ(နိုင်)၀၀၀၁၇၀]အမည်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိဖြစ်၍ မိမိသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့စကားကမ်းလှမ်းလာရာ လက်ခံသဘောတူကြသောကြောင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နီလာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၈၄)**
**Right Law Firm- အမှတ်(၁၈၀)၊ ရွှေဘုံသာ(အလယ်)လမ်း၊ ပန်းဘဲတန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၇၄၀၈၅၊ ၀၉- ၂၅၀၀၂၇၁၈၀**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပြန်ကြားရေးဝန်ကြီးဌာန
# မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
# နေပြည်တော်

## ကျွမ်းကျင်(၂)ရာထူးများ ရေးဖြေစာမေးပွဲအောင်မြင်သူများစာရင်း ကြေညာခြင်း

၁။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် လစ်လပ်လျက်ရှိသော ကျွမ်းကျင်(၂)ရာထူးများ ခန့်ထားရေးအတွက် (၁၅-၁၀-၂၀၂၁)ရက်နေ့နှင့် (၁၆-၁၀-၂၀၂၁)ရက်နေ့တို့တွင် သတင်းစာများမှ လျှောက်လွှာခေါ်ယူခဲ့ပြီး (၉-၁-၂၀၂၂)ရက်နေ့၌ နေပြည်တော်-တပ်ကုန်းနှင့် ရန်ကုန်တို့တွင် ရေးဖြေစာမေးပွဲကျင်းပပြုလုပ်ခဲ့ရာ ဖြေဆိုအောင်မြင်သူများစာရင်းအား အောက်ပါအတိုင်း ထုတ်ပြန်ကြေညာအပ်ပါသည်-

(က) **ရုပ်သံကျွမ်းကျင်(၂)ရာထူး**

ရုပ်သံ(၂)(တက)-၂၊ ရုပ်သံ(၂)(တက)-၃၊ ရုပ်သံ(၂)(တက)-၄၊
ရုပ်သံ(၂)(တက)-၆၊ ရုပ်သံ(၂)(တက)-၇၊ ရုပ်သံ(၂)(တက)-၉၊
ရုပ်သံ(၂)(တက)-၁၀၊ ရုပ်သံ(၂)(တက)-၁၁၊ ရုပ်သံ(၂)(တက)-၁၂၊
ရုပ်သံ(၂)(တက)-၁၄၊ ရုပ်သံ(၂)(တက)-၁၅၊ ရုပ်သံ(၂)(တက)-၂၀၊
ရုပ်သံ(၂)(တက)-၂၄၊ ရုပ်သံ(၂)(တက)-၂၆၊ ရုပ်သံ(၂)(တက)-၂၇၊
ရုပ်သံ(၂)(တက)-၂၈၊ ရုပ်သံ(၂)(တက)-၃၁၊ ရုပ်သံ(၂)(တက)-၃၂၊
ရုပ်သံ(၂)(တက)-၃၄၊ ရုပ်သံ(၂)(တက)-၃၅၊ ရုပ်သံ(၂)(တက)-၃၆၊
ရုပ်သံ(၂)(တက)-၄၀၊ ရုပ်သံ(၂)(တက)-၄၁၊ ရုပ်သံ(၂)(တက)-၄၂၊
ရုပ်သံ(၂)(တက)-၄၃၊ ရုပ်သံ(၂)(တက)-၄၄၊ ရုပ်သံ(၂)(တက)-၄၅၊
ရုပ်သံ(၂)(တက)-၄၆၊ ရုပ်သံ(၂)(တက)-၄၈၊ ရုပ်သံ(၂)(တက)-၄၉၊
ရုပ်သံ(၂)(တက)-၅၀၊ ရုပ်သံ(၂)(တက)-၅၁၊ ရုပ်သံ(၂)(တက)-၅၂၊
ရုပ်သံ(၂)(တက)-၅၃၊ ရုပ်သံ(၂)(တက)-၅၄၊ ရုပ်သံ(၂)(တက)-၅၅၊
ရုပ်သံ(၂)(တက)-၆၀၊ ရုပ်သံ(၂)(တက)-၆၂၊ ရုပ်သံ(၂)(တက)-၆၃၊
ရုပ်သံ(၂)(တက)-၆၆၊ ရုပ်သံ(၂)(တက)-၆၇၊ ရုပ်သံ(၂)(တက)-၆၈၊
ရုပ်သံ(၂)(တက)-၇၁၊ ရုပ်သံ(၂)(တက)-၇၃၊ ရုပ်သံ(၂)(တက)-၇၅၊
ရုပ်သံ(၂)(တက)-၇၇၊ ရုပ်သံ(၂)(တက)-၇၉၊ ရုပ်သံ(၂)(တက)-၈၀၊
ရုပ်သံ(၂)(တက)-၈၁၊ ရုပ်သံ(၂)(တက)-၈၂၊ ရုပ်သံ(၂)(တက)-၈၃၊
ရုပ်သံ(၂)(တက)-၈၄၊ ရုပ်သံ(၂)(တက)-၈၅၊ ရုပ်သံ(၂)(တက)-၈၆၊
ရုပ်သံ(၂)(တက)-၈၇၊ ရုပ်သံ(၂)(တက)-၈၈၊ ရုပ်သံ(၂)(တက)-၈၉၊
ရုပ်သံ(၂)(တက)-၉၀၊ ရုပ်သံ(၂)(တက)-၉၁၊ ရုပ်သံ(၂)(တက)-၉၂၊
ရုပ်သံ(၂)(တက)-၉၃၊ ရုပ်သံ(၂)(တက)-၉၄၊ ရုပ်သံ(၂)(တက)-၉၅၊
ရုပ်သံ(၂)(တက)-၉၆၊ ရုပ်သံ(၂)(တက)-၉၇၊ ရုပ်သံ(၂)(တက)-၉၈၊
ရုပ်သံ(၂)(တက)-၉၉၊ ရုပ်သံ(၂)(တက)-၁၀၀၊ ရုပ်သံ(၂)(တက)-၁၀၁၊
ရုပ်သံ(၂)(တက)-၁၀၂၊ ရုပ်သံ(၂)(တက)-၁၀၃၊ ရုပ်သံ(၂)(တက)-၁၀၄၊
ရုပ်သံ(၂)(တက)-၁၀၅၊ ရုပ်သံ(၂)(တက)-၁၀၇၊ ရုပ်သံ(၂)(တက)-၁၀၈၊
ရုပ်သံ(၂)(တက)-၁၀၉၊ ရုပ်သံ(၂)(တက)-၁၁၀၊ ရုပ်သံ(၂)(တက)-၁၁၂၊
ရုပ်သံ(၂)(တက)-၁၁၃၊ ရုပ်သံ(၂)(တက)-၁၁၄၊ ရုပ်သံ(၂)(တက)-၁၁၅၊
ရုပ်သံ(၂)(တက)-၁၁၆၊ ရုပ်သံ(၂)(တက)-၁၁၇၊ ရုပ်သံ(၂)(တက)-၁၁၈၊
ရုပ်သံ(၂)(တက)-၁၁၉၊ ရုပ်သံ(၂)(တက)-၁၂၀၊ ရုပ်သံ(၂)(တက)-၁၂၁၊
ရုပ်သံ(၂)(တက)-၁၂၂၊ ရုပ်သံ(၂)(တက)-၁၂၃၊ ရုပ်သံ(၂)(တက)-၁၂၅၊
ရုပ်သံ(၂)(တက)-၁၂၆၊ ရုပ်သံ(၂)(တက)-၁၂၇၊ ရုပ်သံ(၂)(တက)-၁၂၈၊
ရုပ်သံ(၂)(တက)-၁၂၉၊ ရုပ်သံ(၂)(တက)-၁၃၀၊ ရုပ်သံ(၂)(တက)-၁၃၁၊
ရုပ်သံ(၂)(တက)-၁၃၂၊ ရုပ်သံ(၂)(တက)-၁၃၃၊ ရုပ်သံ(၂)(တက)-၁၃၆၊
ရုပ်သံ(၂)(တက)-၁၃၇၊ ရုပ်သံ(၂)(တက)-၁၄၀၊ ရုပ်သံ(၂)(တက)-၁၄၁၊
ရုပ်သံ(၂)(တက)-၁၄၂၊ ရုပ်သံ(၂)(တက)-၁၄၃၊ ရုပ်သံ(၂)(တက)-၁၄၄၊
ရုပ်သံ(၂)(တက)-၁၄၅၊ ရုပ်သံ(၂)(တက)-၁၄၆၊ ရုပ်သံ(၂)(တက)-၁၄၇၊
ရုပ်သံ(၂)(တက)-၁၄၉၊ ရုပ်သံ(၂)(တက)-၁၅၀၊ ရုပ်သံ(၂)(တက)-၁၅၅၊
ရုပ်သံ(၂)(တက)-၁၆၂၊ ရုပ်သံ(၂)(တက)-၁၆၃၊ ရုပ်သံ(၂)(တက)-၁၆၄၊
ရုပ်သံ(၂)(တက)-၁၆၅၊ ရုပ်သံ(၂)(တက)-၁၆၈၊ ရုပ်သံ(၂)(တက)-၁၆၉၊
ရုပ်သံ(၂)(တက)-၁၇၁၊ ရုပ်သံ(၂)(တက)-၁၇၂၊ ရုပ်သံ(၂)(တက)-၁၇၃၊
ရုပ်သံ(၂)(တက)-၁၇၇၊ ရုပ်သံ(၂)(တက)-၁၇၈၊ ရုပ်သံ(၂)(တက)-၁၈၁၊
ရုပ်သံ(၂)(တက)-၁၈၃၊ ရုပ်သံ(၂)(တက)-၁၈၄၊ ရုပ်သံ(၂)(တက)-၁၈၅၊
ရုပ်သံ(၂)(တက)-၁၈၆၊ ရုပ်သံ(၂)(တက)-၁၉၀၊ ရုပ်သံ(၂)(တက)-၁၉၁၊
ရုပ်သံ(၂)(ရက)-၁၊ ရုပ်သံ(၂)(ရက)-၂၊ ရုပ်သံ(၂)(ရက)-၃၊
ရုပ်သံ(၂)(ရက)-၄၊ ရုပ်သံ(၂)(ရက)-၆၊ ရုပ်သံ(၂)(ရက)-၈၊
ရုပ်သံ(၂)(ရက)-၉၊ ရုပ်သံ(၂)(ရက)-၁၀၊ ရုပ်သံ(၂)(ရက)-၁၄၊
ရုပ်သံ(၂)(ရက)-၁၅၊ ရုပ်သံ(၂)(ရက)-၁၇၊ ရုပ်သံ(၂)(ရက)-၁၈၊
ရုပ်သံ(၂)(ရက)-၁၉၊ ရုပ်သံ(၂)(ရက)-၂၇၊ ရုပ်သံ(၂)(ရက)-၂၈၊
ရုပ်သံ(၂)(ရက)-၂၉၊ ရုပ်သံ(၂)(ရက)-၃၀၊ ရုပ်သံ(၂)(ရက)-၃၁၊
ရုပ်သံ(၂)(ရက)-၃၂၊ ရုပ်သံ(၂)(ရက)-၃၃၊ ရုပ်သံ(၂)(ရက)-၃၄၊
ရုပ်သံ(၂)(ရက)-၃၅၊ ရုပ်သံ(၂)(ရက)-၃၆၊ ရုပ်သံ(၂)(ရက)-၃၇၊
ရုပ်သံ(၂)(ရက)-၃၈၊ ရုပ်သံ(၂)(ရက)-၃၉၊ ရုပ်သံ(၂)(ရက)-၄၁၊
ရုပ်သံ(၂)(ရက)-၄၂၊ ရုပ်သံ(၂)(ရက)-၄၆၊ ရုပ်သံ(၂)(ရက)-၄၇၊
ရုပ်သံ(၂)(ရက)-၄၈၊ ရုပ်သံ(၂)(ရက)-၄၉၊ ရုပ်သံ(၂)(ရက)-၅၀၊
ရုပ်သံ(၂)(ရက)-၅၁၊ ရုပ်သံ(၂)(ရက)-၅၄၊ ရုပ်သံ(၂)(ရက)-၅၈၊
ရုပ်သံ(၂)(ရက)-၅၉၊ ရုပ်သံ(၂)(ရက)-၆၁၊ ရုပ်သံ(၂)(ရက)-၆၂၊
ရုပ်သံ(၂)(ရက)-၆၄၊ ရုပ်သံ(၂)(ရက)-၆၆

(ခ) **ရုပ်သံကျွမ်းကျင်(၂)(Myanmar International)ရာထူး**

ရုပ်သံ(၂)(MI)(တက)-၂ ရုပ်သံ(၂)(MI)(ရက)-၁၊ ရုပ်သံ(၂)(MI)(ရက)-၂
ရုပ်သံ(၂)(MI)(ရက)-၃၊ ရုပ်သံ(၂)(MI)(ရက)-၄၊ ရုပ်သံ(၂)(MI)(ရက)-၆၊
ရုပ်သံ(၂)(MI)(ရက)-၇၊ ရုပ်သံ(၂)(MI)(ရက)-၈၊ ရုပ်သံ(၂)(MI)(ရက)-၉၊
ရုပ်သံ(၂)(MI) (ရက)-၁၀

(ဂ) **ရုပ်သံကျွမ်းကျင်(၂)(တိုင်းရင်းသား)ရာထူး**

ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၂ ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၅၊
ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၆၊ ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၈၊
ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၉၊ ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၁၀၊
ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၁၁၊ ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၁၂၊
ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၁၃၊ ရုပ်သံ(၂)(တိုင်းရင်းသား) (တက)-၁၄၊
ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၁၅၊ ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၁၆၊
ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၁၇၊ ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၁၈၊
ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၁၉၊ ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၂၀၊
ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၂၁၊ ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၂၂၊
ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၂၃၊ ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၂၄၊
ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၂၅၊ ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၂၆၊
ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၂၇၊ ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၂၈၊
ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၂၉၊ ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၃၀၊
ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၃၁၊ ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၃၂၊
ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၃၃၊ ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၃၄၊
ရုပ်သံ(၂)(တိုင်းရင်းသား)(တက)-၃၅၊ ရုပ်သံ(၂)(တိုင်းရင်းသား)(ရက)-၁

(ဃ) **အသံလွှင့်ကျွမ်းကျင်(၂)ရာထူး**

သံကျွမ်း(၂)(တက)-၁၊ သံကျွမ်း(၂)(တက)-၄၊ သံကျွမ်း(၂)(တက)-၅၊
သံကျွမ်း(၂)(တက)-၆၊ သံကျွမ်း(၂)(တက)-၈၊ သံကျွမ်း(၂)(တက)-၁၀၊
သံကျွမ်း(၂)(တက)-၁၁၊ သံကျွမ်း(၂)(တက)-၁၂၊ သံကျွမ်း(၂)(တက)-၁၃၊
သံကျွမ်း(၂)(တက)-၁၆၊ သံကျွမ်း(၂)(တက)-၁၇၊ သံကျွမ်း(၂)(တက)-၁၈၊
သံကျွမ်း(၂)(တက)-၁၉၊ သံကျွမ်း(၂)(တက)-၂၀၊ သံကျွမ်း(၂)(တက)-၂၁၊
သံကျွမ်း(၂)(တက)-၂၂၊ သံကျွမ်း(၂)(တက)-၂၃၊ သံကျွမ်း(၂)(တက)-၂၄၊
သံကျွမ်း(၂)(တက)-၂၅၊ သံကျွမ်း(၂)(တက)-၂၆၊ သံကျွမ်း(၂)(တက)-၂၇၊
သံကျွမ်း(၂)(တက)-၂၈၊ သံကျွမ်း(၂)(တက)-၂၉၊ သံကျွမ်း(၂)(တက)-၃၀၊
သံကျွမ်း(၂)(တက)-၃၁၊ သံကျွမ်း(၂)(တက)-၃၂၊ သံကျွမ်း(၂)(တက)-၃၃၊
သံကျွမ်း(၂)(တက)-၃၄၊ သံကျွမ်း(၂)(တက)-၃၅၊ သံကျွမ်း(၂)(တက)-၃၆၊
သံကျွမ်း(၂)(တက)-၃၇၊ သံကျွမ်း(၂)(တက)-၃၈၊ သံကျွမ်း(၂)(တက)-၃၉၊
သံကျွမ်း(၂)(တက)-၄၀၊ သံကျွမ်း(၂)(တက)-၄၁၊ သံကျွမ်း(၂)(တက)-၄၂၊
သံကျွမ်း(၂)(တက)-၄၃၊ သံကျွမ်း(၂)(တက)-၄၄၊ သံကျွမ်း(၂)(တက)-၄၅၊
သံကျွမ်း(၂)(တက)-၄၆၊ သံကျွမ်း(၂)(တက)-၄၇၊ သံကျွမ်း(၂)(တက)-၄၈၊
သံကျွမ်း(၂)(တက)-၄၉၊ သံကျွမ်း(၂)(တက)-၅၀၊ သံကျွမ်း(၂)(တက)-၅၂၊
သံကျွမ်း(၂)(တက)-၅၃၊ သံကျွမ်း(၂)(တက)-၅၇၊ သံကျွမ်း(၂)(တက)-၅၈၊
သံကျွမ်း(၂)(တက)-၆၀၊ သံကျွမ်း(၂) (တက)-၆၁၊ သံကျွမ်း(၂)(တက)-၆၂၊
သံကျွမ်း(၂)(တက)-၆၃၊ သံကျွမ်း(၂)(တက)-၆၄၊ သံကျွမ်း(၂)(တက)-၆၅၊
သံကျွမ်း(၂)(တက)-၆၇၊ သံကျွမ်း(၂)(တက)-၆၈၊ သံကျွမ်း(၂)(တက)-၇၀၊
သံကျွမ်း(၂)(ရက)-၄၊ သံကျွမ်း(၂)(ရက)-၅၊ သံကျွမ်း(၂)(ရက)-၆၊
သံကျွမ်း(၂)(ရက)-၇၊ သံကျွမ်း(၂)(ရက)-၈၊ သံကျွမ်း(၂)(ရက)-၁၀၊
သံကျွမ်း(၂)(ရက)-၁၂၊ သံကျွမ်း(၂)(ရက)-၁၃၊ သံကျွမ်း(၂)(ရက)-၁၄

(င) **အသံလွှင့်ကျွမ်းကျင်(၂)(တိုင်းရင်းသား)ရာထူး**

သံကျွမ်း(၂)(တိုင်းရင်းသား)(တက)-၂၊ သံကျွမ်း(၂) (တိုင်းရင်းသား)(တက)-၃၊
သံကျွမ်း(၂)(တိုင်းရင်းသား)(တက)-၄၊ သံကျွမ်း(၂)(တိုင်းရင်းသား)(တက)-၅၊
သံကျွမ်း(၂)(တိုင်းရင်းသား)(တက)-၆၊ သံကျွမ်း(၂) (တိုင်းရင်းသား)(တက)-၇၊
သံကျွမ်း(၂)(တိုင်းရင်းသား)(တက)-၈၊ သံကျွမ်း(၂) (တိုင်းရင်းသား)(တက)-၉၊
သံကျွမ်း(၂)(တိုင်းရင်းသား)(တက)-၁၀၊ သံကျွမ်း(၂)(တိုင်းရင်းသား)(တက)-၁၁၊
သံကျွမ်း(၂)(တိုင်းရင်းသား)(တက)-၁၂၊ သံကျွမ်း(၂)(တိုင်းရင်းသား)(တက)-၁၃၊
သံကျွမ်း(၂)(တိုင်းရင်းသား)(တက)-၁၄၊ သံကျွမ်း(၂)(တိုင်းရင်းသား)(တက)-၁၅၊
သံကျွမ်း(၂) (တိုင်းရင်းသား)(တက)-၁၆၊ သံကျွမ်း(၂)(တိုင်းရင်းသား)(တက)-၁၇၊
သံကျွမ်း(၂)(တိုင်းရင်းသား) (ရက)-၁၊ သံကျွမ်း(၂)(တိုင်းရင်းသား)(ရက)-၃

(စ) **အငယ်တန်းအင်ဂျင်နီယာ(၂)ရာထူး**

ငယ်အင်ယာ(၂)(တက)-၁၊ ငယ်အင်ယာ(၂)(တက)-၂ ငယ်အင်ယာ(၂)(တက)-၃၊
ငယ်အင်ယာ(၂)(တက)-၄၊ ငယ်အင်ယာ(၂)(တက)-၆၊ ငယ်အင်ယာ(၂)(တက)-၇၊
ငယ်အင်ယာ(၂)(တက)-၁၈၊ ငယ်အင်ယာ(၂)(တက)-၁၉၊ ငယ်အင်ယာ(၂)(တက)-၂၁၊
ငယ်အင်ယာ(၂)(တက)-၂၂၊ ငယ်အင်ယာ(၂)(တက)-၂၃၊ ငယ်အင်ယာ(၂)(တက)-၂၄၊
ငယ်အင်ယာ(၂)(တက)-၂၅၊ ငယ်အင်ယာ(၂)(တက)-၂၆၊ ငယ်အင်ယာ(၂)(တက)-၂၉၊
ငယ်အင်ယာ(၂)(တက)-၃၂၊ ငယ်အင်ယာ(၂)(တက)-၃၃၊ ငယ်အင်ယာ(၂)(တက)-၃၇၊
ငယ်အင်ယာ(၂)(တက)-၃၈၊ ငယ်အင်ယာ(၂)(တက)-၃၉၊ ငယ်အင်ယာ(၂)(တက)-၄၀၊
ငယ်အင်ယာ(၂)(တက)-၄၁၊ ငယ်အင်ယာ(၂)(တက)-၄၂၊ ငယ်အင်ယာ(၂)(တက)-၄၃၊
ငယ်အင်ယာ(၂)(တက)-၄၄၊ ငယ်အင်ယာ(၂)(တက)-၄၅၊ ငယ်အင်ယာ(၂)(တက)-၄၆၊
ငယ်အင်ယာ(၂)(တက)-၄၇၊ ငယ်အင်ယာ(၂)(တက)-၄၈၊ ငယ်အင်ယာ(၂)(တက)-၄၉၊
ငယ်အင်ယာ(၂)(တက)-၅၀၊ ငယ်အင်ယာ(၂)(တက)-၅၁၊ ငယ်အင်ယာ(၂)(တက)-၅၂၊
ငယ်အင်ယာ(၂)(တက)-၅၃၊ ငယ်အင်ယာ(၂)(တက)-၅၅၊ ငယ်အင်ယာ(၂)(တက)-၅၆၊
ငယ်အင်ယာ(၂)(တက)-၅၇၊ ငယ်အင်ယာ(၂)(တက)-၅၈၊ ငယ်အင်ယာ(၂)(တက)-၅၉၊
ငယ်အင်ယာ(၂)(တက)-၆၂၊ ငယ်အင်ယာ(၂)(တက)-၆၅၊ ငယ်အင်ယာ(၂)(တက)-၆၆၊
ငယ်အင်ယာ(၂)(တက)-၆၈၊ ငယ်အင်ယာ(၂)(တက)-၇၁၊ ငယ်အင်ယာ(၂)(တက)-၇၂၊
ငယ်အင်ယာ(၂)(တက)-၇၄၊ ငယ်အင်ယာ(၂)(တက)-၈၁၊ ငယ်အင်ယာ(၂)(တက)-၈၃၊
ငယ်အင်ယာ(၂)(တက)-၈၅၊ ငယ်အင်ယာ(၂)(တက)-၉၀၊ ငယ်အင်ယာ(၂)(တက)-၉၂၊
ငယ်အင်ယာ(၂)(ရက)-၄၊ ငယ်အင်ယာ(၂)(ရက)-၈၊ ငယ်အင်ယာ(၂)(ရက)-၉၊
ငယ်အင်ယာ(၂)(ရက)-၁၀၊ ငယ်အင်ယာ(၂)(ရက)-၁၁၊ ငယ်အင်ယာ(၂)(ရက)-၁၅၊
ငယ်အင်ယာ(၂)(ရက)-၁၇၊ ငယ်အင်ယာ(၂)(ရက)-၁၈၊ ငယ်အင်ယာ(၂)(ရက)-၂၀၊
ငယ်အင်ယာ(၂)(ရက)-၂၄၊ ငယ်အင်ယာ(၂)(ရက)-၂၅၊ ငယ်အင်ယာ(၂)(ရက)-၂၇၊
ငယ်အင်ယာ(၂)(ရက)-၂၉၊ ငယ်အင်ယာ(၂)(ရက)-၃၁၊ ငယ်အင်ယာ(၂)(ရက)-၃၂၊
ငယ်အင်ယာ(၂)(ရက)-၃၄

(ဆ) **အနုပညာရှင်(၂)ရာထူး**

နု(၂)(တက)-၄၊ နု(၂)(တက)-၅၊ နု(၂)(တက)-၆၊
နု(၂)(တက)-၇၊ နု(၂)(တက)-၈၊ နု(၂)(တက)-၉၊
နု(၂)(တက)-၁၁၊ နု(၂)(တက)-၁၃၊ နု(၂)(တက)-၁၄၊
နု(၂)(တက)-၁၅၊ နု(၂)(တက)-၁၇၊ နု(၂)(ရက)-၁၊
နု(၂)(ရက)-၂၊ နု(၂)(ရက)-၃၊ နု(၂)(ရက)-၅၊
နု(၂)(ရက)-၆၊ နု(၂)(ရက)-၇၊ နု(၂)(ရက)-၈၊
နု(၂)(ရက)-၉၊ နု(၂)(ရက)-၁၀၊ နု(၂)(ရက)-၁၂

၂။ ရေးဖြေစာမေးပွဲအောင်မြင်သူများအား လူတွေ့စစ်ဆေးမည့် နေ့ရက်ကို ထပ်မံကြေညာသွားမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)၊ တယ်လီဖုန်းအမှတ်၊ ၀၆၇-၈၀၇၉၁၈၅ တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မိဘမေတ္တာ**
ဒဂုံမြို့သစ်ဆိပ်ကမ်း၊အရှေ့ပိုင်း၊
တောင်ပိုင်း၊မြောက်ပိုင်း၊
ရွှေပေါက်ကံမြို့နယ်ရှိ မြေကွက်များ
ဈေးကောင်းပေးဝယ်လိုသည်။
Ph: 09 40 70 80 736
09 45 40 50 540

**ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း**

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၈/ဒက္ခိဏသီရိအလယ်ရပ်)၊ မြေကွက်အမှတ်(ဒ-၃၁၁၄၆)၊ မြေဧရိယာ (၀.၁၄၆) ဧကရှိ ဒေါ်ချိုချိုအေး(ဘ) ဦးတင်အေး၊ [၆/မအရ(နိုင်)၀၀၈၀၅၇] အမည်ပေါက်(ပါမစ်)မြေကွက်ကို ဒေါ်စိုးစိုးလွင်(ဘ) ဦးဟန်ထွန်း [၉/နထက(နိုင်)၀၀၁၈၀၁] မှ မြေပေးမိန့်မူရင်း၊ မြေကွက် အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်မူရင်း၊ ရဲစခန်း ထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

ကြီးမြန်
သစ်ပင်
စိုက်ပျိုး
လျှင်
စွမ်းအင်
လည်း
ရ
ပြည်
လည်း
လှ

# ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (အပျို)ဖြစ်ရမည်။

(ခ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၃၀)ထက် မကျော်ရ။

(ဂ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ မည်သည့်ဘွဲ့မဆို လျှောက်ထားနိုင်သည်။

(င) မဟာဘွဲ့တက်ရောက်ရန် အဆင့်မီသူ ဦးစားပေးမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများလည်း လျှောက်ထားနိုင်သည်။

(စ) ဘွဲ့လက်မှတ်(မူရင်း)နှင့် ဘွဲ့ရအမှတ်စာရင်း တင်ပြနိုင်ရမည်။

(ဆ) ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက် ၂၅ နှစ်ထက် မကျော်လွန်စေရ။ မဟာဘွဲ့ရရှိပြီး သူများအနေဖြင့် ၂၇ နှစ် အထိလည်းကောင်း၊ ပါရဂူဘွဲ့ရရှိပြီးသူများအနေဖြင့် ၃၀ နှစ် အထိလည်းကောင်း လျှောက်ထားနိုင်သည်။

(ဇ) ဗိုလ်လောင်းသင်တန်း တက်ရောက်အောင်မြင်ပါက ဒုတိယဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများသည် ဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။

(ဈ) တပ်မတော်မှ လေ့ကျင့်သင်ကြားမှု စနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံ တို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက် ပူးတွဲတင်ပြရမည်။

၄။ အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ပါရှိရမည်။


၅။ လျှောက်လွှာများကို ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့တွင် စတင်ထုတ်ပေးမည်ဖြစ်ပြီး ဖေဖော်ဝါရီလ ၂၂ ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် အချိန်မီပေးပို့ကြရမည်။

၆။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တစ်ဆင့် အချိန်မီပေးပို့သွားမည်။

၇။ သတ်မှတ်ထားသည့် အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်တွင် ရွေးချယ်ခြင်း ခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥဇ္ဇတော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | **ကျောက်စာရံစေတီ** | ၂၇၉ | ၇၂၉ ဆူ | ၁၅၀ ဆူ | ၅၇၉ ဆူ |
| ၂။ | ဓမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | ၁၀၀၀ သိန်း | ၇၇၃၀. ၂၁ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၉ ခန်း | ၄၃၆ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၈ တိုင် | ၃၂ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၄၅ တိုင် | ၁၃၅ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင် စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၆၇ ခု | ၅၈၅ ခု |
| ၁၁။ | စကျင်ကျောက်ပြားတစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၁၅ ကျင်း | ၂၁၀၄. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၁ ကျင်း | ၂၀၇. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၁၁ ကျင်း | ၅၈၉၉. ၆၆ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၅၅ ကျင်း | ၁၆၈၁. ၀၈ ကျင်း |
| ၁၅။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၇၃ တိုင် | ၁၇ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၆။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (င) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၇။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၈။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၂၅၅၈၂၅၂၁၆

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်းက မြန်မာနိုင်ငံ ပြည်သူများသို့ လှူဒါန်းသည့် Covaxin အမှတ်တံဆိပ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်သန်း doses မှ ဒုတိယအသုတ် တစ်သန်း doses ထပ်မံရောက်ရှိ



နေပြည်တော် ဇန်နဝါရီ ၂၃

ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်းက မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တစ်ဆင့် မြန်မာနိုင်ငံ ပြည်သူများသို့ လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၁၇ သန်း တန်ဖိုးရှိ Covaxin အမှတ်တံဆိပ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်သန်း doses မှ ပထမအသုတ် တစ်သန်း doses သည် ဇန်နဝါရီ ၉ ရက်တွင် မြန်မာနိုင်ငံသို့ရောက်ခဲ့ပြီး ဒုတိယအသုတ်အဖြစ် ကာကွယ်ဆေး တစ်သန်း doses သည် QATAR Airways Flight QR-8920 လေယာဉ်ဖြင့် ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထပ်မံရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများက လက်ခံရယူကြသည်။

**သိုလှောင်ထားရှိမည်**

ယနေ့ ထပ်မံရောက်ရှိလာသည့် Covaxin ကာကွယ်ဆေးများကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ဗဟိုကာကွယ်ဆေးသိုလှောင်ခန်း(central cold room)တွင် အအေးလမ်းကြောင်း မပျက် သိုလှောင်ထားရှိမည်ဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖

ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်းက မြန်မာနိုင်ငံ ပြည်သူများသို့ လှူဒါန်းသည့် Covaxin အမှတ်တံဆိပ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအသုတ် တစ်သန်း doses ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ်။

**ယနေ့ ဖတ်စရာ**


စင်ကာပူနှင့် မလေးရှားနိုင်ငံအကြား ခရီးသွားစကြံ့ ပြန်လည်ဖွင့်လှစ်
စာမျက်နှာ » ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်၌ မီးငြိမ်းသတ်ပြီး ပြန်လာသည့် မီးသတ်ယာဉ်တစ်စီးကို PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းဆွဲ တိုက်ခိုက်သဖြင့် မီးသတ်တပ်ဖွဲ့ဝင် တစ်ဦး ဒဏ်ရာရရှိ
စာမျက်နှာ » ၁၅

မြိတ်ကျွန်းစုကို ခရီးသွားဒေသကြီး ငါးခုမြောက်အဖြစ် ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိ
စာမျက်နှာ » ၁၇

အမှတ်ပေးဇယားထိပ်ဆုံးတွင် မန်စီးတီး ဆက်လက်ဦးဆောင်
စာမျက်နှာ » ၂၄


# ကယားပြည်နယ်အတွင်း နယ်မြေတည်ငြိမ်အေးချမ်းလာသည့်အတွက် ပုံမှန်အတိုင်း သွားလာလှုပ်ရှား ရောင်းဝယ်ဖောက်ကား၊ တိုက်ပွဲရှောင်ပြည်သူများ ပြန်လည်ဝင်ရောက်၊ လိုအပ်သည်များ ကူညီဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၃

ကယားပြည်နယ်အတွင်း NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖော်ထုတ်ဖမ်းဆီးခဲ့ရာမှစတင်၍ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၊ KNPP အဖွဲ့အချို့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ဇန်နဝါရီလအတွင်း ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ပြီး လွိုင်ကော်မြို့ပေါ်အပါအဝင် အဆိုပါဒေသတစ်ဝိုက်မှ အပြစ်မဲ့ပြည်သူများ တိုက်ပွဲဖြစ်ပွားရာ နေရာများနှင့် လွတ်ကင်းသည့်နေရာများသို့ ထွက်ပြေးတိမ်းရှောင်လျက်ရှိသည်။ စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ■



ကယားပြည်နယ်အတွင်း နယ်မြေတည်ငြိမ်အေးချမ်းမှုများ ပြန်လည်ရရှိလာသဖြင့် ဈေးများ ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ် ရောင်းဝယ်ဖောက်ကားလျက်ရှိသည်ကို တွေ့ရစဉ်။